
www.burmeseclassic.com

# ဝေဝေအောင်

လုံးချင်းဝတ္ထုသစ်



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး သုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

BURMESE CLASSIC

စာမူခွင့်ပြုချက်အမှတ်
၁၁၀၅/၂၀၀၃(၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၁၀၂၀၅၀၁
ထုတ်ဝေသူ
ဒေါ်ဝေဝေအောင်
ဝိုင်းစာပေ
၁၅၀၊ ဘိုလိမ်းလမ်း၊ မင်္ဂလာတောင်ညွန့်
ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၅ ခုနှစ် ဧပြီလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါးဖြစ်သူ ဖေဖေနှင့် မေမေအား ရုပ်နဲ့နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**ဝေဝေအောင်**



## အခန်း ၁

"သုံးဆယ့်သုံးနှစ်ဆိုတဲ့အသက်က ငယ်တော့တဲ့ အရွယ်မဟုတ်ဘူး 'အထွန်း'... မိန်းကလေးတစ်ယောက် အနေနဲ့ဆို အိမ်ထောင်ပြုဖို့တောင် နောက်ကျနေပြီ... အရာရာကို တွေးကြောက်မနေနဲ့တော့... ကိုယ့်ဘဝအတွက်ပဲ ကိုယ်ကြည့် မေမေကတော့ ဒီနှစ်အတွင်းမှာကို သမီးရဲ့မင်္ဂလာပွဲကို ကျင်းပချင်တယ် ဒါမှလည်းစိတ်ချမ်းသာတော့မှာ"

ကုန်အဝင်အထွက်စာရင်းတွေကို ပြန်စစ်နေတဲ့ 'အထွန်း' တစ်ယောက် မေမေ့စကားကိုကြားပြီး စိတ်ရှုပ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောပြန်ပြီ တစ်နေ့တစ်နေ့ အားအားယားယား 'အထွန်း' ကိုပဲ ယောကျ်ားယူဖို့ တိုက်တွန်းနေတာ ဘယ်လိုအတွေးမျိုးကြောင့်ပါလဲ။

ပြီးခဲ့တဲ့အဖြစ်အပျက်တွေကို မေမေ ပြန်သတိမရတော့ဘူးနဲ့တူပါသည်။ 'အထွန်း' ကတော့ မေမေပြောတာကို လုံးဝလက်မခံနိုင်ပါ။ ခံစားရတာက ကာယကံရှင်ဖြစ်တဲ့ ကိုယ့်ပဲလေ မေမေမှမဟုတ်တာ။

"မေမေနဲ့တော့ ခက်ပါတယ်... ယောကျ်ားမရှိတော့ ကော 'အထွန်း' ရဲ့ဘဝက ဘာဖြစ်နေလို့လဲ... ကိုယ့်အားကိုယ်ကိုးပြီး လူတန်းစေ့ နေနိုင်စားနိုင်တာပဲ မဟုတ်လား... မေမေ့အတွက်လည်း ဘာပူပင်စရာရှိနေလဲ... အကုန်လုံးပြည့်စုံနေတဲ့ဟာ... ဒုက္ခမရှာပါနဲ့ မေမေရယ်"

"အဲ့ဒါ ဒုက္ခရှာတာမဟုတ်ဘူး... သုခတွေရဖို့ ဖိတ်ခေါ်နေတာသိရဲ့လား... မေမေမရှိတော့ရင် ညည်းတစ်ယောက်တည်းနဲ့ ဘယ်လိုဆက်ပြီး ရပ်တည်မလဲ... အစောင့်အရှောက်မရှိတဲ့ မိန်းမတစ်ယောက်ကို ဘယ်သူကမှ လေးစားကြမှာမဟုတ်ဘူး ... ရသလောက် အကဲစမ်းကြမှာချည်းပဲ"

"သတ္တိရှိတဲ့သူ လာစမ်းလေ... 'အထွန်း' နဲ့ တွေ့သွားမှာပေါ့"





"အဲ့ဒီလို ဆတ်ဆတ်ထိမခံတတ်တာတွေကြောင့် ခက်နေတာပေါ့... ဘယ်လောက်ပဲ ကိုယ့်ကိုယ်ကို အထင်ကြီးကြီး... မိန်းမဟာ မိန်းမပဲ...ယောကျ်ားတွေကို ဘယ်တော့မှ ယှဉ်လို့မရနိုင်ဘူးဆိုတာ မှတ်ထား"

'အထွန်း' သည် စာရင်းစာအုပ်ကို ပိတ်လိုက်ကာ မေမေနဲ့ မျက်နှာချင်းဆိုင်လိုက်ပါသည်။ ဒီကိစ္စကို သေသေချာချာ မရှင်းလို့တော့မဖြစ်... 'အထွန်း' ရင်ထဲက ခံစားရတာကို မေမေ သိမှပဲ သူဖြစ်ချင်တာကို ရပ်တန်းက ရပ်ပစ်ပါလိမ့်မည်။

"နေပါဦး မေမေ... 'အထွန်း' ကို ယောကျ်ားယူစေချင်နေတာ အဓိက အကြောင်းအရင်းက ဘာလဲ... စီးပွားရေးချဲ့ထွင်ဖို့အတွက်လား... အားကိုးရာဖို့အတွက်လား"

"တစ်ခုမှမဟုတ်ဘူး ညည်းဘေးမှာ အဖော်တစ်ယောက်အနေနဲ့ ရှိနေပေးဖို့... ပြီးတော့... မျိုးဆက် ဘဝသာယာရေးအတွက် သားသမီးရှိဖို့လည်း လိုအပ်တယ်လေ"

"မေမေ မြေးချီချင်နေတယ်နဲ့တူတယ်...ကလေးထိန်းချင်နေပြီပေါ့လေ"

"ဟုတ်တယ်..."



www.burmeseclassic.com

www.burmeseclassic.com



"ကလေးထိန်းချင်ရင် မိဘမဲ့ကျောင်းကနေ ကလေးတစ်ယောက်ကို 'အထွန်း' မွေးစားလိုက်မယ်လေ… မေမေ ယောကျ်ားလေးလိုချင်လား… မိန်းကလေးလိုချင်လား"

"သူများကလေးကို ထိန်းချင်နေတာ မဟုတ်ဘူး… ကိုယ့်သွေးသားရင်းကိုပဲ ထိန်းချင်နေတာ"

မေမေ့လေသံက ထန်လာသည်။ သူဖြစ်စေချင်တာကို 'အထွန်း' က လွယ်လွယ်ကူကူနဲ့ လက်မခံတဲ့အတွက် ဒေါသဖြစ်နေပုံလည်းရပါသည်။

"ဖြစ်ခဲ့တဲ့အဖြစ်အပျက်တွေကို မေမေမခံစားရလို့ 'အထွန်း' ကို ယောကျ်ားယူဖို့ တိုက်တွန်းနေတာလား… 'အထွန်း' မမေ့သေးဘူး အရှက်ခွဲခံခဲ့ရတဲ့အဖြစ်ကို ခုထက်ထိ မမေ့နိုင်သေးဘူး မေမေ"

"ပြီးတာတွေက ပြီးသွားပြီပဲလေ… နှစ်တွေတောင် တော်တော်ကြာနေပြီပဲဟာ… အဲ့ဒီကိစ္စတွေဖြစ်တုန်းက သမီးမှာ အပြစ်မှ မရှိတာ… အပြစ်ရှိတာက သူတို့ဘက်ကပဲဥစ္စာ… ရှက်တယ်ဆိုရင် သူတို့ဘက်ကရှက်ရမှာ… မေမေတို့ဘက်က ရှက်နေစရာအကြောင်း မရှိဘူး… မမေ့နိုင်စရာလည်းအကြောင်း မရှိဘူး"



BURMESE CLASSIC



"ပြောတော့သာလွယ်တာ… သတို့သမီးဝတ်စုံကြီးနဲ့အရူးတစ်ယောက်လို ငိုနေခဲ့ရတဲ့အဖြစ်ကို မေမေမှ မခံစားဘူးအဲ… အဲ့ဒီ အချိန်တုန်းကလည်း 'အထွန်း' ရဲ့ မင်္ဂလာကိစ္စကို မေမေပဲ ဖွတ်စီစဉ်ခဲ့တာ… မေမေ့ဆန္ဒပြင်းပြလွန်းလို့ 'အထွန်း' က လက်ခံခဲ့တာပဲ… ကောင်းပြီကောင်းရဲ့နဲ့ မင်္ဂလာပွဲတောင်အကြီးအကျယ်ဖြစ်နေပြီ အနားနီးမှ ဖုန်းကနဲဆို မယားကြီးပေါ်လာခဲ့တဲ့အဖြစ်ကို 'အထွန်း' မရှက်လို့ ဘယ်သူရှက်ရမလဲ… မေမေ ဒီကိစ္စကြောင့်ပဲ ဖေဖေလည်း စိတ်ဆင်းရဲပြီး ဆုံးသွားခဲ့တာပဲ… မေမေနားလည်ဖို့ ကောင်းနေပါပြီ"

ငိုတော့မလို အသံတုန်တုန်ဖြင့် ပြောနေသော 'အထွန်း' ကိုကြည့်ပြီး 'ဒေါ်ခိုင်မာ' လေးပင်စွာ သက်ပြင်းချဖြစ်သွားရသည်။ ခုနှစ်နှစ် ရှစ်နှစ်ကြာခဲ့ပြီဆိုပေမယ့် 'အထွန်း' ရဲ့စိတ်ထဲမှာ မင်္ဂလာပွဲပျက်ဘူးတယ်ဆိုတဲ့ကိစ္စက ခုထက်ထိကို မမေ့ပျောက်နိုင်သေးပါလား။

အဲ့ဒီတုန်းကလည်း အမျိုးကောင်းသားကလေးမို့ စေတနာထားပြီး ကိုယ့်သမီးနဲ့ စပ်ဟပ်ပေးစားဖို့ စီစဉ်ခဲ့တာပါ။

'အထွန်း' က ငြင်းပေမယ့် အမေတစ်ယောက်ရဲ့ ပြင်းပြတဲ့ဆန္ဒကို မလွန်ဆန်နိုင်သဖြင့် သဘောတူခေါင်းညိတ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်အခါဆိုမယ့် 'အထွန်း' ကံမကောင်းခဲ့ပါ သတို့သားလောင်းအာ ယောက်ကြီးငုတ်တုတ်ရှိနေတယ်ဆိုတာကိုအနားနီးမှသိလိုက်ရတဲ့အဖြစ်။

မင်္ဂလာပွဲပျက်သွားခဲ့ပါသည်။ မင်္ဂလာပွဲပျက်ပေမယ့် 'အထွန်း' ရဲ့ဘဝ မပျက်သွားတာဘဲ ကံကောင်းပါသည်လို့ ဖြေသိမ့်ပစ်ရသည်။ အဲဒီအချိန်ကတည်းက အိမ်ထောင်ရေးကိစ္စကို စိတ်မဝင်စားခဲ့တဲ့ 'အထွန်း' တစ်ယောက် ဖခင်ဖြစ်သူရဲ့ စီးပွားရေးလုပ်ငန်းထဲကို ခြေစုံပစ်ဝင်လိုက်တာ အခုချိန်ထိတိုင်အောင်ပါပဲ။

အချိန်တွေကြာခဲ့ပြီဆိုတော့ 'အထွန်း' ရဲ့ နာကြည်းစိတ်တွေ ပြေပျောက်လောက်ပြီလို့ထင်ပြီး အိမ်ထောင်ပြုဖို့ ဇာတ်လမ်းကို ပြန်စခဲ့ခြင်းဖြစ်သည်။ ဒါပေမယ့် 'အထွန်း' ရဲ့စိတ်က မာကြော ဖြတ်သားဆဲပဲဖြစ်၏။

"ဒီလိုဆို ညည်းကတစ်သက်လုံး ယောက်ျားမယူဘဲနဲ့ တစ်ကိုယ်တည်းပဲ နေသွားတော့မယ်ပေါ့… ဟုတ်လား"

"မသိသေးဘူး… ဖူးစာပါလာရင်တော့ အိမ်ထောင်ပြုဖြစ်ရင်ဖြစ်မှာပေါ့… မပါတဲ့အခါကျတော့လည်း တစ်ကိုယ်တည်းပဲ နေရမှာပဲ… 'အထွန်း' ကတော့ ဘယ်အရာကိုမှ တွေးပူမနေ



BURMESE CLASSIC



ဘူး… အဖော် မရှိလည်း ဘာဖြစ်လဲ… မွေးကတည်းကလည်း တစ်ယောက်တည်းပဲ မွေးလာတာ… ဘာအဖော်မှ ပါလာခဲ့တာ မဟုတ်ဘူး… နေတတ်အောင် နေရမှာပဲ"

"အမယ်လေး… ယောက်ျားမလိုချင်တာနဲ့ပဲ စကားတွေကို လှည့်ပတ်ပြီး ပြောတတ်နေလိုက်တာ… ဘာပဲဖြစ်ဖြစ် ငါကတော့ ကောင်းတဲ့ယောက်ျားတစ်ယောက်ကိုတော့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းထဲကနေ ရှာကြည့်နေရမှာပဲ… ဖူးစာပါလာတာကို အကြောင်းပြပြီး စုတ်စုတ်ပြတ်ပြတ် လူမျိုးနဲ့လည်း မရစေချင်ဘူး… ဆွေကောင်းမျိုးကောင်းထဲက သူဌေးသားတစ်ယောက်ပဲ ဖြစ်စေချင်တယ်"

"ရှာပါအုံး… မေမေပဲတွေ့အောင်ရှာကြည့်စမ်းပါ… ယောက်ျားတွေအားလုံးက လူလည်တွေကြီးပဲဆိုတာ မှတ်ထား… 'အထွန်း' လို သုံးဆယ်ကျော်မိန်းမတစ်ယောက်ကို ဘယ်ယောက်ျားကမှ စိတ်ဝင်စားမှာ မဟုတ်ဘူး… သူတို့တွေ စိတ်ဝင်စားတာ ကြိုက်တာက ငယ်ငယ်ရွယ်ရွယ် ဖူးထွတ်နေတဲ့ ဆယ်ကျော်သက်အရွယ် နှစ်ဆယ်ကျော်အရွယ်လေးတွေ"

"ဒါက ညည်းအပြောလေ… ညည်းအရွယ်လို မိန်းမမျိုးတိုမှ လိုချင်ပါတယ်ဆိုတဲ့ လူပျိုသိုးကြီးတွေလည်း ရှိပါသေး



www.burmeseclassic.com

www.burmeseclassic.com



တယ် 'အထွန်း' ရယ်"

"မေမေ တွေ့ထားလို့လား"

"တွေ့အောင်ကိုရှာမယ်"

"ကြိုတော့ပြောထားမယ်နော်... 'အထွန်း' ဆန္ဒကိုအရင်မေးပါ 'အထွန်း' သဘောတူတယ်ဆိုမှ မေမေ့ကိစ္စကို ရှေ့ဆက်လုပ်...အရင်တစ်ခါလိုတော့ ဖွတ်မလုပ်လာနဲ့... မေမေပဲအရှက်ကွဲလိမ့်မယ်"

'အထွန်း' သည် ဖွတ်တိုးတော့မှာ ဖြစ်နေသော မေမေ့စိတ်ခါတ်ကို ကြိုသိနေသဖြင့် ခပ်ပြတ်ပြတ်ပဲ တားထားလိုက်ပါတော့သည်။ မတားလို့လည်းမဖြစ်... အသက်အရွယ်ရလာမှ နောက်ထပ် တစ်ခါအရှက်ကွဲစရာကိစ္စမျိုးနဲ့လည်း ရင်မဆိုင်နိုင်တော့ပေ။

စေ့စပ်နိုင်ပါမှ တင်းထားနိုင်ပါမှ 'အထွန်း' အတွက်တော်ကာကျပါမည်။

❀ ❀ ❀





## အခန်း ၂

" 'မာလာ' ရယ်... ကားမှာပါလာတဲ့ ပစ္စည်းတွေက လျော့နေတယ်... ဘကြီးပို့ပေးတဲ့ စာရင်းကတစ်မျိုး... ခုပါလာတာကတစ်မျိုး... ကုန်သည်တွေက မနက်ဖြန် လာထုတ်တော့မှာ လျော့တယ်ဆိုရင် ကိုယ့်ပဲ နာမည်ပျက်မှာ... ဘယ်လိုလုပ်မလဲ"

"လျော့တယ်ပြောရအောင် အကုန်လုံးက ပါကင်တွေကြီးပဲ မဟုတ်လား... ဘကြီးဆီ သေချာဖုန်းဆက်ပြီး မေးကြည့်စမ်းပါဦး 'အထွန်း' ရယ်... စာရင်းများ မှားနေသလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"မမှားဘူး... ပေးထားတဲ့စာရင်းအတိုင်း သေချာတယ်တဲ့ သူကိုယ်တိုင်လည်း ဟိုမှာ သေချာစီစစ်ပြီးမှ ကားပေါ်တင်ပေးလိုက်တာတဲ့"

"ဒါဆိုရင်"

'မာလာ' က စကားကို ဆက်မပြောတော့ဘဲ ကားသမားဆီကိုသာ မျက်လုံးကို စူးစိုက်စွာ အကြည့်ပို့ထားလေသည်။ 'အထွန်း' လည်း ခန့်မှန်းမိပါသည်။ ကိုယ့်ဘက်က မသေချာမှာစိုးလို့သာ စာရင်းတွေ မှားမမှားကို သေချာပြန်စစ်နေရပေမယ့် လုပ်လာခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ ဘကြီးပို့ပေးတဲ့ စာရင်းတစ်ခါမှ မမှားဘူးဆိုတာ သိနေရသည်။

ကားသမားကလိန်ကကျစ်ကြတာ ပေါလွင်နေပါပြီ။ ဒီကားသမားကို ခန့်ထားတာလည်း သိပ်မကြာသေးပါ။ မိန်းမတွေဦးစီးတဲ့ကားဂိတ်ဆိုပြီး လွယ်လွယ်ကူကူဘတ်လို့ရမယ် အထင်နဲ့ ပညာစမ်းတာပဲ ဖြစ်ရပါမည်။

"ကဲ... ကုန်ပစ္စည်းကိစ္စက ရှင်းဖို့တော့ လိုနေပြီ... ပို့တဲ့ဘက်ကလည်း အတိအကျပဲ... ပစ္စည်းထုပ်ပျောက်တာက လမ်းမှာဆိုတာ သေချာနေပြီ... အဲ့ဒီတော့ အရေးအကြီးဆုံးက ကားသမားပဲ"





ကားမောင်းတဲ့ 'ဦးသံချောင်း' မျက်နှာပျက်နေလေပြီ။ ကားစပယ်ယာ 'ငပြူး' က မလုံသလို မျက်နှာထားဖြင့်'အထွန်း' ကို ကြည့်နေပါသည်။ 'ငပြူး' တစ်ယောက် အလုပ်ပြုတ်မှာစိုး၍ တစ်ခုခုဆို သူအရင်ဆုံး ဖော်ကောင်လုပ်မယ့်ပုံရ၏။

'အထွန်း' က 'ဦးသံချောင်း' အနားကို လျှောက်သွားကာ 'မာလာ' ပါ အတူကပ်ပါလာခဲ့သည်။ 'မာလာ' က 'အထွန်း' ရဲ့ အရင်းနှီးဆုံး မိတ်ဆွေသူငယ်ချင်း ဖြစ်သည်။ 'အထွန်း'က မိန်းမဆန်ဆန်ပျော့ပျောင်းနွဲ့နှောင်းတဲ့ သဏ္ဌာန်ရှိနေသေးပေမယ့်'မာလာ' ကိုကြည့်ရသည်မှာ ယောကျ်ားကြီးနဲ့ မခြားပါ။

ဆံပင်ကတိုတို အသားကညိုညိုနဲ့ ကိုယ်ခန္ဓာကပါ ထွားကျိုင်းသန်မာလွန်းတာကြောင့် မြင်တဲ့သူတိုင်းက 'မာလာ့' ကိုရှိန်ကြသည်။ မျက်နှာထားကပါ တင်းနေတဲ့အတွက် မိန်းမဆိုပြီး ဘယ်သူကမှ လျော့မတွက်ရဲချေ။

စိတ်ထားကလည်း 'အထွန်း' လိုပဲ ပြတ်သားမာကြောနေသဖြင့် 'အထွန်း' နဲ့ 'မာလာ' တွဲဖြစ်မိကြတာမဆန်း။ 'မာလာ' က စီးပွားရေးမချောင်လည်သဖြင့် 'အထွန်း' က အလုပ်မှာခေါ်သွင်းပေးထားခြင်းပါ။

သမီးအကြီးဆုံးဖြစ်တဲ့ 'မာလာ' က မိဘနဲ့မောင်နှမတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို လုပ်ကျွေးနေတဲ့ သူတစ်ယောက်မို့ 'အထွန်း' က အထင်ကြီးသည်။

ယောက်ျားတွေကို အားမကိုးချင်တဲ့စိတ်ကလည်း 'အထွန်း' နဲ့အတူတူပဲမို့ ပိုစည်းလုံးမိကြပါသည်။ မေမေကတော့ ဆင်းရဲနွမ်းပါးသော 'မာလာ' နဲ့မိတ်ဆွေဖြစ်ပြီး အလုပ်အတူလုပ်နေတာကို နှစ်သက်ပုံမရချေ။

'အထွန်း' ကတော့ လုပ်ငန်းခွင် အဆင်ပြေဖို့ကိုပဲ ပိုပြီး ဦးစားပေးတာကြောင့် မေမေရဲ့မနှစ်သက်မှုကို ဥပေက္ခာပြုထားပါသည်။

မေမေရဲ့အဆင့်အတန်းခွဲခြားဆက်ဆံမှုကိုလည်း လက်မခံနိုင်တာကြောင့်လည်း ပါပါသည်။

"ကျွန်မ အေးအေးဆေးဆေးပဲမေးမယ်... လိုနေတဲ့ ကုန်ပစ္စည်းထုပ်တွေကို ရှင်ဘယ်မှာထားခဲ့လိုက်သလဲ 'ဦးသံချောင်း'... လိမ်ညာဖို့တော့ စဉ်းစားမနေနဲ့... 'ငပြူး' က ကျွန်မတို့ရဲ့လူ... သူ့ကိုတစ်ချက်ပဲမေးလိုက်တာနဲ့ပေါ်တယ်"

'ငပြူး' မျက်နှာက အားကိုးရှိလာတာကြောင့် ရဲရင့်လာပုံရသည်။

"ဦးလေးမသိဘူး... တင်ပေးတဲ့အတိုင်းပဲ ယူလာခဲ့တာ...





လိုနေတယ်ဆိုတာကို တူမတို့ ပြောမှပဲသိရတာ... ဟုတ်၊ မဟုတ်ဆိုတာကို သေချာပြန်စစ်ကြည့်ပါဦး"

"မလိုဘူး... ကျွန်မတို့ဘက်က အားလုံးသေချာတယ်... လုပ်နေတာလည်း ကြာလှပြီ... တစ်ခါမှလည်း မမှားယွင်းဘူး ဖူး"

"ဦးလေးတကယ် မသိဘူး"

"ကဲ... ဦးလေးကို မမေးတော့ဘူး... 'ငပြူး' ကိုပဲ မေးတော့မယ်... 'ငပြူး' လာစမ်း..."

'ငပြူး' က မျက်နှာလို မျက်နှာရအပြေးလှမ်းလာသည်။ ဂိတ်ကစထွက်လာကတည်းက 'ငပြူး' တစ်ယောက်ပါလာတာမို့ ဘယ်နေရာမှာ ကုန်ပစ္စည်းအတင်အချလုပ်တယ်ဆိုတာကို သူသိမှာ မလွဲ။

"လိုနေတဲ့ကုန်ပစ္စည်းဘယ်နှစ်ထုပ်ဆိုတာ ငါသေသေချာချာပြောပြပြီးပြီနော်... 'ဦးသံချောင်း' ဘယ်နေရာမှာ ချခဲ့သလဲ... မသိဘူးမလုပ်နဲ့... မင်းအလုပ်က စောင့်ကြည့်ဖို့ အလုပ်ပဲ"

'ငပြူး' က ပြောဖို့အရေးကို ချက်ချင်းမပြောသေးဘဲ 'ဦးသံချောင်း' ကို ကြည့်နေလေသည်။

"ပြောလေ... ပစ္စည်းထုပ်တွေ ဘယ်မှာဝင်ချခဲ့သလဲဆို



www.burmeseclassic.com

www.burmeseclassic.com



တာကို"

'အထွန်း' ရဲ့အသံက ဒေါသကြောင့် ကျယ်လောင်လာပါသည်။

"ကျွန်တော့်အိမ်မှာ ဝင်ချခဲ့တာဗျ... ခု ကားပေါ်မှာ ပါလာတယ်... ခင်ဗျားတို့ပစ္စည်း ဟုတ်မဟုတ်ဆိုတာကို လိုက်စစ်ကြည့်လိုက်ဦး"

မေးနေတာကတစ်ယောက် ပြန်ဖြေတဲ့သူကတစ်ယောက်ဖြစ်နေတာကြောင့် 'အထွန်း' အံ့သြစွာ ကြည့်လိုက်မိပါသည်။ 'အထွန်း' ကို လှမ်းကြည့်နေသော မျက်နှာစိမ်း ယောကျ်ားတစ်ယောက်ကို ရင်ဆိုင်လိုက်ရတာမို့ ဘယ်သူဆိုတာကို အပြေးအလွှားစဉ်းစားနေရ၏။

မသိပါဘူး။ ဒီလူ့ကို 'အထွန်း' တစ်ကယ် မသိရပါ။ 'အထွန်း' အလုပ်နဲ့လည်း ပတ်သက်ဆက်ဆံဖူးတဲ့ သူလည်းမဟုတ်။ ဘယ်ကလူလည်း မသိ။

"ရှင်ဘယ်သူလဲ..."

'အထွန်း' လှမ်းမေးတာကို သူက မဖြေဘဲ 'ဦးသံချောင်း' ကိုသာ မကျေမနပ်လှမ်းပြောပါသည်။

"အဖေ့အစား ကျွန်တော်တကယ်ရှက်တယ်... အသက်





ပဲကြီးလှပြီ ဒီလောက်တောင် သောကအပူတွေ ယူနေရတုန်းပဲလားဗျ ဟိုကောင်တွေ ကောင်မတွေ ဘာလုပ်နေသလဲ... အိုကြီးအိုမဖြစ်နေတဲ့အဖေရဲ့လုပ်စာကို ဒီအတိုင်းထိုင်စားနေတာလားဗျ... ဖြစ်သင့်တာက အဖေက အိမ်ဦးခန်းမှာထိုင်ပြီး သူတို့လုပ်စာကို ထိုင်စားနေရမှာ... အဖေ့လုပ်ပုံ မဟုတ်ဘူးဗျာ"

သူ့ရဲ့မျက်နှာက နီရဲပြီး ဒေါသထွက်နေပုံရလေသည်။

'ဦးသံချောင်း' က ရီဝေသော မျက်လုံးတွေဖြင့် သူ့အား တောင်းပန်သလိုကြည့်နေပါသည်။ ပြဿနာတက်နေပါတယ်ဆိုမှ တကယ့်ဇာတ်လမ်းနဲ့ လာကြုံနေရတာကိုး... 'အထွန်း' က ကိုယ့်ပစ္စည်းကိုယ်ပြန်ရရင်ပဲ ကျေနပ်နေပါပြီ။

တစ်ခါလောက် မှားဘူးတဲ့လူတစ်ယောက်ကို နားလည်သိတတ်အောင် ပြောပြရှင်းပြယုံကလွဲပြီး အလုပ်ထုတ်ပစ်ဖို့အထိတော့ 'အထွန်း' က မရက်စက်တတ်ပါ။

မရှိလို့ ကိုယ့်လက်အောက်မှာ အလုပ်သမားလာဖြစ်နေတဲ့သူကို 'အထွန်း' တို့ဘက်က တတ်နိုင်သရွေ့ စာနာနာလည်းပေးတတ်ပါသည်။

"အဖေ မှားသွားပါတယ် သားရာ... နောက်ဒါမျိုးမဖြစ်စေရတော့ပါဘူး... 'မဝင်းမေ' တောင်းတဲ့ငွေလေး ပေးချင်လို့



www.burmeseclassic.com

www.burmeseclassic.com



အဖေဒါမျိုးလုပ်မိတာပါ... သမီးတို့ကိုလည်း တောင်းပန်ပါတယ်... ဦးလေး မှားသွားပါတယ်ကွယ်”

‘အထွန်း’ က သူမောင်းယူလာတဲ့ ဟိုင်းလပ်ငါးချိတ်လီမွှော်ရောင်ပေါ်က ပစ္စည်းထုပ်တွေကို ‘ပြေ့’ တို့အား ချနိုင်းလိုက်ပါသည်။ ‘မာလာ’ က ပစ္စည်းထုပ်တွေကို စစ်ဆေးဖို့အတွက် လိုက်ပါသွားပါသည်။

“ဒီတစ်ခါတော့ ဦးလေးမှားတာကို ‘အထွန်း’ ခွင့်လွှတ်လိုက်မယ်... နောက်တစ်ခါဒါမျိုးဖြစ်ခဲ့ရင်တော့ ဦးလေးထိုက်နဲ့ ဦးလေးကံပဲ... အလုပ်ကလည်း ထွက်ရမယ့်အပြင် ပစ္စည်းခိုးမှုနဲ့ ရဲစခန်းကိုပါရောက်မှာနော်”

“ဦးလေး နားလည်ပါတယ်ကွယ်”

‘အထွန်း’ က သူ့ကိုပါတစ်ခါတည်း ကျေးဇူးတင်စကားပြောလိုက်မိပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူအလိုက်တသိနဲ့ လာပြန်ပို့ပေးလို့ ရှည်ရှည်ဝေးဝေးတွေ မဖြစ်လိုက်ရဘဲ ပစ္စည်းတွေပြန်ရလာခဲ့တာ မဟုတ်လား။

“ရှင့်ကိုလည်း ကျေးဇူးတင်ပါတယ်... ရှင့်ရဲ့ရိုးသားမှုကြောင့် ကျွန်မတို့ပစ္စည်းတွေ မဆုံးရှုံးရတာပါ”

“မလိုပါဘူးဗျာ... ကျွန်တော့်အဖေမကောင်းလို့ ဒီလိုဖြစ်





ထိစ္စတွေဖြစ်ရတာ... အဖေ့ကို အလုပ်ဆက်ခန့်ပေးတာကိုပဲ ကျွန်တော်က ပြန်ကျေးဇူးတင်ပါတယ်... သွားခွင့်ပြုပါဦး”

‘အထွန်း’ ကိုနှုတ်ဆက်ကာ ခြေလှမ်းကျဲတွေနဲ့ သူထွက်သွားပါသည်။ သူထွက်သွားတာကို ဘာရယ်မဟုတ် စိုက်ငေးကြည့်နေဆဲ ရုတ်တရက် ‘အထွန်း’ တို့ဘက်သို့ ဆတ်ကနဲလှည့်ကာ ပြန်လှော့ကြည့်လာပြန်တာမို့ သူ့ကို စိုက်ကြည့်နေခဲ့တဲ့ ‘အထွန်း’ ရှက်သွားခဲ့ရပါသည်။

‘အထွန်း’ ကြည့်နေခဲ့တယ်ဆိုတာကိုလည်း သူသိသွားမှာမလွဲပါ။

သူ့မျက်လုံးတွေက တစ်မျိုးဖြစ်လို့နေခဲ့ပါသည်။ ရှပ်လက်တိုအပြာကွက်စိပ်နဲ့ အရောင်ဖျယ်လွင့်နေသော ဂျင်းဘောင်းဘီအပြာရောင်ကို ဝတ်ထားတဲ့ သူ့ပုံစံက ‘အထွန်း’ ရဲ့အမြင်မှာကြည့်လို့ ကောင်းနေခဲ့ပါသည်။

ဖရိုဖရဲဖြစ်နေသော ဆံပင်တွေက လွတ်လပ်မှုကို မြတ်နိုးသယ်ဆိုတာ ဖော်ပြနေတဲ့အတိုင်းပင် ဖြစ်၏။

“ရော့... အဖေလိုတဲ့အခါသုံးဖို့... ဟိုမိန်းမလက်ထဲကိုအဖေ ထည့်စရာမလိုဘူးနော်... ကျွန်တော်ပေးတာ အဖေ့ကိုပေးတာ...”



www.burmeseclassic.com

www.burmeseclassic.com



ဆောင်တန်သုံးရွက်ကို စုကိုင်ကာ 'ဦးသံချောင်း' အိတ်ကပ်ထဲသို့ ဦးစလွယ်ထိုးထည့်ပေးသွားကာ သူထွက်သွားခဲ့ပါသည်။

'သား' လို့လှမ်းအော်ခေါ်တဲ့ 'ဦးသံချောင်း' ရဲ့ခေါ်သံကိုလည်း မကြားဟန်ဆောင်သွားလေသည်။





## အခန်း ၃

မနက်စောစောစီးစီး 'အထွန်း' ရဲ့အိပ်ခန်းတံခါးကို လာခေါက်သံကြားတာကြောင့် ကမန်းကတမ်း ထဖွင့်ပေးရပါသည်။

"ဟဲ့ 'အေးမိ' ဘာလဲ... ဘာကိစ္စရှိလို့လဲ"

'အထွန်း' ရဲ့အသံက ကျယ့်ပေမယ့် 'အေးမိ' ရဲ့အသံကတော့ ကြားသာတယ်ဆိုရုံကလေး လေသံဖျော့ဖျော့ကလေးနဲ့ ဖြစ်၏။

"'မမာလာ' ရောက်နေတယ်... ဘာအရေးတကြီးကိစ္စရှိ



www.burmeseclassic.com

www.burmeseclassic.com



နေသလဲမသိဘူး... 'မအထွန်း' ကို ခေါ်ခိုင်းနေတာ အန်တီက မခေါ်ပေးဘဲ ထိုင်စောင့်ခိုင်းထားတယ်... အဲဒါကိုလာပြောတာ"

မေမေရဲ့ အဆင့်အတန်းခွဲခြားဆက်ဆံသော စရိုက်ကိုသိတာကြောင့်လည်း တစ်ခုခုဆို 'အထွန်း' မသိလိုက်မရှိစေရအောင် 'အေးမိ' ကို လူယုံထားထားရပါသည်။မေမေကြောင့်တော့ ခက်ပါတယ်။

" 'အေးမိ' လာပြောတယ်ဆိုတာ အန်တီမသိစေနဲ့နော်"

"အေးပါ... နင်သွားရှောင်နေလိုက်"

လှေကားမှ ခပ်သွက်သွက် 'အထွန်း' ပြေးဆင်းလာခဲ့လိုက်ပါသည်။ ခေါင်းငုံ့ကာ ထိုင်နေသော 'မာလာ' ရဲ့မျက်နှာက မျက်ယွင်းကာ ငိုထားတဲ့ရုပ်ပေါက်နေသည်။

" 'မာလာ' ဘာဖြစ်လို့လဲ... အရေးကြီးရင် ဖုန်းဆက်လိုက်ပါလို့ နင့်ကိုငါပြောထားရဲ့နဲ့ဟာ"

ဟန်းဖုန်းကို ကိုယ်နဲ့မကွာထားတယ်ဆိုတာ 'မာလာ' သိနေရဲ့သားနဲ့များ သူမို့လို့ သည်းခံပြီး အောင့်အီးကာစောင့်နေသည်။

'မနက်အစောကြီး ဘယ်ကနေ ဖုန်းဆက်လို့ရမှာလဲ 'အထွန်း' ရယ်... အမေ့ကို မနက်အစောကြီးကပဲ ဆေးရုံတင်





လိုက်ရတယ်... အူအတက်ပေါက်တာတဲ့... ဆရာဝန်တွေက စိုးရိမ်စရာတော့ သိပ်မရှိဘူးပြောပေမယ့် ခွဲရမယ်တဲ့... ဆေးရုံမှာ အငယ်ကောင်နဲ့ အလတ်မကို ထားခဲ့တယ်"

"အေး... အေး... ငါလည်းဆေးရုံကို လိုက်ခဲ့ပေးမယ်... အရမ်းစိတ်ပူမနေပါနဲ့ 'မာလာ' ရယ်... ကောင်းသွားမှာပါ ခဏနေဦးနော်"

"အိပ်ရေးပျက်လိုက်တာ 'အထွန်း' ရယ်... လိုက်မသွားစမ်းပါနဲ့... မေမေ 'မာလာ့' ကို ပိုက်ဆံပေးထားတယ်"

'မာလာ့' ရှေ့မှာပင် အားမနာစွာ မေမေကဝင်ပြောသည်။ အချိန်က အရမ်းကြီးစောလှလည်း မစောတော့ပါ။ ခြောက်နာရီခွဲကာနီးနေပါပြီ။ ဘယ်အချိန်ပဲဖြစ်နေနေ 'မာလာ' နဲ့အတူတူလိုက်သွားရမှာက 'အထွန်း' ရဲ့တာဝန်ပဲ မဟုတ်လား။ မိတ်ဆွေကောင်းဆိုတဲ့ ဝတ္တရားကျေရပါမည်။

"မေမေ ဘယ်လောက်ပေးထားလို့လဲ"

"နှစ်ထောင်တောင်ပေးထားတာ"

'အထွန်း' ခေါင်းညိတ်ပြပြီး အပေါ်ထပ်သို့ ပြန်ပြေးတက်လာခဲ့လိုက်ပါသည်။ စိတ်ထဲမှာတော့ မေမေ့ရဲ့ စကားနာကိုရှက်နေမိပါသည်။ ဒီခေတ်ကြီးထဲမှာ ခွဲစိတ်ရတဲ့လူနာ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ပေးတဲ့ငွေက နှစ်ထောင်တဲ့။ သဒ္ဒါတရားခေါင်းပါးလွန်းပါသည်။

ပြောပြန်ရင် 'အထွန်း' ပဲ ငရဲကြီးအုံးမည်။ 'မာလာ' လိုလူတစ်ယောက်ကို ပြီးစလွယ်ငွေပေးလိုက်ရုံနဲ့ ရရောလား။ သူ့ရဲ့ကျေးဇူးတွေ ကိုယ့်ပေါ်မှာအများကြီးရှိသည်။ 'မာလာ' ရှိနေလို့လည်း 'အထွန်း' တို့စီးပွားရေး ဒီလောက်ထိအောင်တိုးတက်ကြီးမွားလာခဲ့တာပေါ့။ ဒါတွေကို မေမေ မသိတာလည်းမဟုတ်ဘဲနဲ့ ဆင်းရဲတာတစ်ခုတည်းနဲ့ 'မာလာ' တို့ မိသားစုကိုနှိမ်ချင်နေတာဖြစ်၏။

တစ်ထောင်တန်တစ်အုပ်ကို ပိုက်ဆံအိတ်ထဲကောက်ထည့်ကာ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့လိုက်ပါသည်။ 'အထွန်း' လိုက်သွားမှာကို မေမေ ကြည့်လင့်ပုံမရချေ။

"အိမ်ကိုပြန်လာဦးမှာလား… ဂိတ်ကို တစ်ခါတည်းသွားမှာလား… ထမင်းဂျိုင့် ကိစ္စကရှိသေးတယ်လေ"

"ပြန်လာမှာ… ထမင်းဂျိုင့်တော့ ပြင်ထားပေး"

"ကားကိုလည်း သေချာမောင်းဦး… ကိုယ့်ကိစ္စမဟုတ်ဘဲ တော်တော်ရှည်တယ်"

"မေမေကလဲ…"





မေမေ့ကို မျက်စောင်းထိုးရင်း 'အထွန်း' တို့နှစ်ယောက်ထွက်လာခဲ့ကြပါသည်။

"ဘယ်ဆေးရုံလည်း 'မာလာ' ရဲ့… မဟာမြိုင်ပဲလား"

"ဟုတ်တယ်… နီးနီးနားနား မဟာမြိုင်ကိုပဲ ပို့ရတာပေါ့… တော်သေးတယ် 'အထွန်း' ရယ်… နင် စောစောစီးစီးနိုးလာလို့ နင်မို့ဆို မလွယ်ဘူး… ငါသေအောင် စောင့်နေရမှာ"

"ဘာအတွက် ပူနေရတာလဲ… ငွေရေးကြေးရေးအတွက်ဆို နောက်မှရှင်းလည်း ရတဲ့ဥစ္စာ… အရေးကြီးနေတဲ့အချိန်အခါတို့ အနားမှာ ရှိနေတာမဟုတ်ဘူး"

"နေချင်တာပေါ့… စဘော်ငါးသောင်းတင်မှ ဆေးရုံကိစ္စက အဆင်ပြေမှာလေ… လက်ထဲမှာလည်း ဒီလောက်ရှိမနေဘူး… နောက်ဆုံး နင့်ဆီပဲလာရတာပေါ့"

ရွှေဂုံတိုင်မှာနေသော 'အထွန်း' တို့အိမ်ကနေ မဟာမြိုင်ဆေးရုံသို့ ခဏကလေးနဲ့ ရောက်လို့လာရပါသည်။ 'မာလာ' တို့က စမ်းချောင်း ကျွန်းတောလမ်းမှာနေတာဆိုတော့ ဆေးရုံနဲ့ဆိုတကယ့်ကို နီးနီးကလေးပါ။ ဆေးရုံနဲ့နီးနေတာမို့ ရောဂါတစ်ခုခုများဖြစ်လို့ကတော့ ပူစရာမလိုပေ။

'အထွန်း' တို့ရောက်တဲ့အချိန်မှာ အန်တီက ခွဲခန်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပါပြီ။ 'မာလာ' ရဲ့မောင်နဲ့ ညီမလေးတို့မျက်နှာတွေက ငိုတော့မလိုနှယ် ပျက်ယွင်းလျက်ရှိနေကြလေသည်။ အစီအစဉ်တွေ ဘယ်လိုဆွဲရမယ် ဆိုတာကိုလည်း ခေါင်းထဲမှာ ရှိနေတဲ့ပုံမရကြ။

'အထွန်း' ကပဲ ဦးဆောင်ကာ စီစဉ်ပေးရပါတော့သည်။

" ကဲ... ကဲ... ဒီလိုလုပ်... 'မင်းဝေ' နဲ့ 'စံပယ်' ကအိမ်ကို ပြန်ပြီး လိုအပ်တဲ့ပစ္စည်းတွေပြန်ယူကြ... ဓါတ်ဗူးရယ် စောင်ရယ် ... အန်တီ့အဝတ်အစား နှစ်စုံလောက်အမိက ပါပစေ ဟုတ်လား ... စောင့်တဲ့သူအတွက်လည်း အိပ်ရပြုရအောင် ခင်းတဲ့တာလပတ်ရှိလည်း ယူလာခဲ့... ဘာမှ စိတ်ပူမနေကြနဲ့... ကောင်းသွားမှာပါ... မြန်မြန်သွားပြီး မြန်မြန်ပြန်လာခဲ့ ဟုတ်လား"

'မာလာ' က ခွဲခန်းဝမှာ ငုတ်တုတ်ထိုင်ကာ စိတ်ပူပန်နေသလိုမျိုး မလှုပ်မယှက်ရှိနေတာကြောင့် 'အထွန်း' ပဲ လိုအပ်တာတွေလုပ်ဖို့အတွက် ကောင်တာသို့ လာခဲ့လိုက်ပါသည်။ ဓါတ်လှေကားထဲကအထွက် ကောင်တာရှိရာ ညာဘက်သို့ချိုးကွေ့လိုက်စဉ် ကမူးရှူးထိုး ဗွတ်တိုးဝင်လာတဲ့ လူတစ်ယောက်နဲ့ ခပ်ပြင်းပြင်း တိုက်မိသွားရပါသည်။





ပြောရရင်တော့ လောကြီးနေတဲ့ နှစ်ယောက်စလုံးရဲ့ အမှားပဲ ဖြစ်တော့သည်။

" ဆောရီးနော်... "

" တောင်းပန်ပါတယ်ဗျာ..."

ပြိုင်တူထွက်သွားတဲ့ အသံတွေအဆုံးမှာ တစ်ယောက်ကို တစ် ယောက် ကြည့်မိသွားရသည်။ မှတ်မိသလို ပြူးကျယ်သွားတဲ့ 'အယွန်း' ရဲ့မျက်လုံး ၊ ဖျတ်ကနဲအံ့သြသလို နှုတ်ခမ်းက လေးဟသွားကာ ဘာမှန်းမသိ ခေါင်းကိုညိတ်လိုက်တဲ့ သူ့ရဲ့ အမူအယာတွေ။

နှစ်ယောက်စလုံး တွေဝေနေစဉ်မှာပဲ ဓါတ်လှေကားတံခါးက စည်းခြားသလို ပိတ်ပင်သွားခဲ့ပါသည်။ သူ... သူဆိုတာ 'ဦးသံချောင်း' ရဲ့သား။ သူ့နာမည် ဘယ်သူဆိုတာကို 'အထွန်း' မသိ။ ဒါပေမယ့် 'အထွန်း' ကော သူပါ တစ်ယောက်ကိုတစ်ယောက် မှတ်မိနေကြတာတော့ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၄

ဆေးရုံတက်တဲ့ လူနာတွေများနေသဖြင့် သီးသန့်တစ်ယောက်ခန်းကို မရပါ။ နှစ်ယောက်ခန်းတစ်ခန်းပဲ ရလိုက်ပါသည်။ ရတဲ့နှစ်ယောက်ခန်းကို အရင်ယူထားပြီး တစ်ယောက်ခန်းကို ဘိုကင်ကြိုလုပ်ထားလိုက်ပါသည်။ မနက်ဖြန်လောက်ဆိုရင်တော့ ငါးထပ်က တစ်ယောက်ခန်းတစ်ခန်း အားမယ်လို့တော့ ပြောတာပါပဲ။

"မနက်ဖြန်ကျရင် တစ်ယောက်ခန်းအားတာနဲ့ အစ်မတို့ယူမယ်နော် ညီမ... ဘိုကင်လုပ်ထားတယ်"





"လူနာဆင်းဖြစ်ရင်တော့ ညီမတို့ပေးပါ့မယ်"

"ဆင်းဖြစ်မှာ သေချာလားဟင်..."

"ဒါတော့ မသိသေးဘူး... အဲ့ဒီအန်တီရဲ့ သဘောပဲ... အဲ့ဒီ အန်တီက စာရေးဆရာမဆိုတော့ အနားယူရင်း စာရေးချင်ရေးဦးမှာပေါ့"

'အတွန်း' တို့နာခေါင်းကိုရှုံ့ကာ ထွက်လာခဲ့လိုက်ပါသည်။ စာ ရေးတာများ စတန့်ထွင်လို့ ဆေးရုံမှာများရေးရတယ်လို့။ ဟော်တယ်မှာ သွားရေးလည်း ဖြစ်တာပဲမဟုတ်လား။ အခန်းလိုချင်နေတဲ့ လူနာတွေကို အားနာဖို့ကောင်းပါသည်။

ဘာဖြစ်ဖြစ် ကိုယ့်လူနာအတွက် နေစရာအခန်းတော့ ရသွားတာသေချာပြီမို့ 'မာလာ့' ဆီ ပြန်ပြေးလာရသည်။ 'မာလာ' ကတော့ ပါးစပ်ကိုလှုပ်ကာ ဘုရားစာတွေရွတ်နေပုံ ပေါ်လေသည်။ မကြာခင်အချိန်မှာပဲ အန်တီ့ကို ခွဲခန်းထဲကထုတ်လာတာ မြင်လိုက်ရပါသည်။ မျက်လုံးကိုမှိတ်ကာ ဆေးရုံသုံးဘီးတပ်ကုတင်နဲ့ အန်တီက ပါသွားလေသည်။

ဆရာဝန်ကို လူနာရဲ့အခြေအနေကို မမေးဘဲ 'မာလာ' က တွန်းလှည်းနောက်သို့ ပါသွားလေသည်။ 'အတွန်း' ပဲဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဂန်ကြီးနောက်လိုက်ကာ မေးရပါသည်။

"စိုးရိမ်စရာမရှိတော့ပါဘူး... လိုအပ်တာတွေ တာဝန်ကျ ဆရာဝန်တွေက လုပ်ထားပေးပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ်ရှင်..."

အန်တီနေရတဲ့ အခန်းက သုံးထပ်မှာဖြစ်သည်။ ဘေးကုတင်မှာက အဖိုးကြီးတစ်ယောက်ရှိနေသည်။ ဘာရောဂါဖြစ်တယ်ဆိုတာ မသိပေမယ့် လူနာကတော့ ကျန်းကျန်းမာမာ ရှိနေပုံရပါသည်။ သူ့ကုတင်ကနေ ဘေးတစောင်းအိပ်ရင်း 'အထွန်း' တို့ ဘက်ကို လိုက်ကြည့်နေလေသည်။ လူနာစောင့်ကိုလည်း မတွေ့ရချေ။

ခွဲထားရပေမယ့် အန်တီ့ပုံစံက လန်းဆန်းပါသည်။အခြေအနေကိုကြည့်ပြီး 'အထွန်း' စိတ်အေးသွားရပါသည် 'မင်းဝေ' တို့ရောက်လာတဲ့အခါကျတော့ အခန်းထဲမှာလူများပြီး ကျဉ်းကြပ်သွားရတာကြောင့် 'အထွန်း' က ပြန်ဖို့စိတ်ကူးလိုက်သည်။

"ငါပြန်လိုက်တော့မယ် 'မာလာ'... ညနေမှ တစ်ခေါက်ပြန်လာခဲ့မယ်... အိမ်ကိုခဏဝင်ပြီးတာနဲ့ ဂိတ်ကိုသွားလိုက်မယ်"

"အေး... အေး... ငါကတော့ အမေ့အခြေအနေကိုကြည့်





ပြီးမှ လာခဲ့မယ်နော်"

"မလိုပါဘူး 'မာလာ' ရယ်... အန်တီ ဆေးရုံကဆင်းမှပဲ နင် အလုပ်ပြန်ဝင်... ငါတစ်ယောက်တည်းနဲ့ နိုင်ပါတယ်...နင် ဘာကိုမှ တွေးပူမနေနဲ့ ကြားလား"

ကျေးဇူးတင်သော မျက်လုံးတွေဖြင့်ကြည့်ကာ 'မာလာ' က ခေါင်းညိတ်ပြပါသည်။

"ဒီနေ့တစ်နေ့တော့ နင်တို့အတွက် ငါထမင်းဂျိုင့်ပို့ပေးလိုက်မယ်... ဆယ့်တစ်နာရီလောက် ငါ 'ဦးထွေး' ကို လွှတ်လိုက်မယ်"

"နေပါစေ... ငါတို့ဒီနားကပဲ ဝယ်စားလိုက်မယ်... နင် အလုပ်ပိုပါတယ် 'အထွန်း' ရယ်"

"မပိုပါဘူး... ငါ့ ထမင်းဂျိုင့်ကို ပို့ပေးလိုက်မှာလေ... ငါကတော့ ထုံးစံအတိုင်း ဆိုင်ကပဲတီးပစ်လိုက်မှာပေါ့"

'အထွန်း' က အမြဲတမ်းလိုလိုပင် အိမ်ကထည့်ပေးလိုက်တဲ့ ထမင်းဂျိုင့်ကို သိပ်မစားဘဲ ကိုယ်စားချင်တာကို အနားမှာရှိသော ဆိုင်ကနေသာ မှာစားလေ့ရှိပါသည်။ မေမေက ဆီပြန်မြန်မာဟင်းတွေကို ကြိုက်နှစ်သက်သူမို့ သူ့စိတ်တိုင်းကျ တစ်နေ့တစ်နေ့ ဆီပြန်ဟင်းနှစ်ခွက်အပြင် ငါးပိရည်တို့စရာအစုံကို



www.burmeseclassic.com

www.burmeseclassic.com



ပါ ဖွယ်ဖွယ်ရာရာဖြစ်အောင် စီစဉ်ကာထည့်ပေးတတ်သည်။

'အထွန်း'က ဆီပြန်ဟင်းကို သိပ်မကြိုက်ဘဲ တရုတ်အစားအစာဖြစ်တဲ့ အကင်တွေအကြော်တွေကိုသာ ပိုခံတွင်းတွေ့တတ်ပါသည်။ မေမေ ထည့်ပေးတာတွေကို မစားဘူးဆိုရင်ဖြင့် အပင်ပန်းခံရတဲ့ မေမေ စိတ်မကောင်းဖြစ်မှာစိုးပြီး ထမင်းချိုင့်ကို ပုံမှန်ယူကာ 'မာလာ'အပြင် တခြားသူတွေကိုပါ ပိုရင်ပိုသလို ကျွေးပစ်တတ်ပါသည်။

ခုတော့ ထမင်းချိုင့်ကို ကားဂိတ်သို့မပို့ခိုင်းတော့ဘဲ ဆေးရုံကိုသာ ပို့လိုက်ဖို့ မေမေ မသိအောင် ကားမောင်းတဲ့ 'ဦးထွေး'ကို ကြိုတ်မှာရပါသည်။ အိမ်ခဏဝင်ပြီး ရေမိုးချိုးကာ ကားဂိတ်ကိုသွားဖို့အပြင် မေမေက လာစပ်စုနေပါသေးသည်။

" 'မာလာ့'အမေရဲ့ အခြေအနေကဘယ်လိုလဲ… ပြန်ကောင်းနိုင်ပါ့မလား"

"အို မေမေကလည်း ပြန်ကောင်းမှာပေါ့… မေးတာကြီးကလည်း ဘယ်လိုမှန်းလည်းမသိဘူး"

"မသိဘူးလေ… 'မာလာ့'ပုံစံက အခုပဲသေတော့မလိုဖြစ်ပြနေတာကို… အရေးသိပ်မကြီးဘူးဆိုရင်လည်း သမီးကိုဘာလို့ လာနှိုးနေရသလဲ"





"ဒါကတော့ သူ့အမေဆိုတော့ ပူပင်မှာပေါ့… 'မာလာ့' နေရာမှာဆိုရင် 'အထွန်း'လည်း ဒီလိုပဲဖြစ်မှာပဲ… ကိုယ်ချင်းစာစိတ် ထားစမ်းပါ မေမေရယ်… ကိုယ့်ထက် နိမ့်ကျတယ်ဆိုပြီး မနှိမ်ချင်ပါနဲ့"

" နှိမ်တာမဟုတ်ဘူး… တန်ရာတန်ရာပဲ ဆက်ဆံနေတာ… 'မာလာ' သမီးကို အမိကကပ်နေရတဲ့ အကြောင်းအရင်းက ပိုက်ဆံကြောင့်ပဲဆိုတာ မှတ်ထား… အခုလည်း အားကိုးသလိုပုံစံနဲ့ သူ့အမေကိစ္စ ငွေထုတ်ခိုင်းနေတာ မသိဘူးထင်မနေနဲ့"

"ခက်လိုက်တာ မေမေရယ်… ငွေကိုပဲ ဘာလို့ကြည့်နေရတာလဲ… 'မာလာ'တို့မိသားစု 'အထွန်း'တို့အပေါ်ထားတဲ့စေတနာနဲ့မေတ္တာကိုကော အသိအမှတ်မပြုတော့ဘူးလား… ဟိုတစ်ခါ မေမေ သွေးတိုးလို့ဆေးရုံတက်တုန်းက ဘယ်သူတွေ အမိကလာ ပြီးပြုစုပေးသလဲ… ချိုးသေးကလူကအစ သူတို့မိသားစုပဲ မငြီးမငြူနဲ့ လုပ်ပေးကြတာမဟုတ်လား"

"အဲ့ဒီအတွက် ပိုက်ဆံပေးလိုက်တာပဲ မဟုတ်လား…"

" ပိုက်ဆံပေးလို့ရတယ်ဆိုရင် နောက်တစ်ခါ မေမေ့မှာ အကြောင်းကိစ္စပေါ်ရင် သူတို့မိသားစုကို ခေါ်မခိုင်းနဲ့… တခြား



www.burmeseclassic.com

www.burmeseclassic.com



သူတွေကိုပဲ ပိုက်ဆံပေးပြီးခိုင်းကြည့်"

"အံမယ်လေး ဖြစ်နေလိုက်တာ... 'မာလာ' တို့မိသားစုကိုပဲ ထိုင်ကန်တော့နေရမယ့်ပုံ"

'အထွန်း' သည် တယူသန်ဖြစ်လှသော မေမေနဲ့ စကားဆက်ပြောလို့ မဖြစ်နိုင်တော့တာကြောင့် ကားဂိတ်သို့ပဲ ထွက်လာခဲ့လိုက်ပါသည်။ 'အထွန်း' ရဲ့ ကားဂိတ်ရှေ့မှာ ကားကိုထိုးရပ်လိုက်တာနဲ့ 'ဦးသံချောင်း' တစ်ယောက် ဘယ်ကနေမှန်းမသိ ရောက်လာကာ ကားတံခါးကို တရိုတသေပုံစံနဲ့ ဆွဲဖွင့်ပေးလေသည်။

လူကြီးတစ်ယောက်ဖြစ်နေတာမို့ 'အထွန်း' အားနာစွာပြုံးလိုက်မိသည်။ 'ဦးသံချောင်း' ရဲ့တာဝန်က ကားမောင်းသမားပဲ ဥစ္စာ။ 'အထွန်း' ရဲ့ တောက်တိုမယ်ရ ခိုင်းဖို့အတွက်ခေါ်ထားတဲ့ လူမှ မဟုတ်ဘဲလေ။ သူ အလိုက်သိတာမှန်ပေမယ့်အားပတ်ဝန်းကျင်ကမြင်ရင်ဖြင့် 'အထွန်း' အချောင် လူမှန်းခံနိုင်သည်။

"ရတယ်... ရတယ် 'ဦးသံချောင်း' ... 'အထွန်း' ကိုလောက်ထိ လုပ်ပေးစရာမလိုပါဘူး... ကိုယ့်အလုပ်တာဝန်ကျေရင်ပဲ 'အထွန်း' ကကျေနပ်ပါတယ်"





"ဘယ်ဟုတ်မလည်းကွယ်... ဦးလေးအမှားကို စေတနာထားပြီး နားလည်ပေးတဲ့အတွက် ကျေးဇူးတင်လို့မဆုံးပါဘူး"

"ဩော်... ဦးလေးကို ပြောရဦးမယ်... ဒီနေ့မနက်ဦးလေးရဲ့သားကို ဈေးရုံမှာတွေ့လိုက်တယ်"

'ဦးသံချောင်း' မျက်နှာဇဝေဇဝါ ဖြစ်သွားပုံပေါ်သည်။

"ဘယ်သားလဲ... 'အထွန်း' က ဦးလေးရဲ့သားကို မြင်ဖူးလို့လား... ဂိတ်ကိုတစ်ခါမှ မလာဖူးဘူးနဲ့တူတယ်"

"လာဖူးတယ်လေ... ပစ္စည်းတွေတောင် ပြန်လာပို့ပေးသေးတယ်လေ"

"ပစ္စည်းထုပ်တွေ... ဩော် 'မြေဇာ' နဲ့တူတယ်... ဦးလေးက ဒီကောင့်ကို သတိမရဘူး... နောက်သားတစ်ယောက်ကို သတိရသွားတာ... 'မြေဇာ' က ဦးလေးရဲ့သားဆိုပေမယ့် အတူတူမနေတာကြာတော့ သွေးအေးပါတယ်ကွယ်... ဦးလေးကို ဒီကောင်က စိတ်နာနေတာလေ"

"စိတ်နာနေတာ..."

"ဟုတ်တယ်... သူ့အမေကိုပစ်ပြီး ဦးလေးကနောက်မိန်းမယူခဲ့တာဆိုတော့လည်း စိတ်နာချင်နာမှာပေါ့... ဘယ်တတ်နိုင်ပါ့မလဲ... ကံကြမ္မာဖန်တီးလာမှတော့ ဖြစ်ရသေး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း အကောင်းကြီးပဲပေါ့"

'ဦးသံချောင်း' ကိုကြည့်ရတာ 'မြေဇာ' တို့သားအမိ အပေါ် သံယောဇဉ်ပြတ်ပုံရလေသည်။ သားဆိုပေမယ့် လေသံတွေက ချစ်ခင်လှိုက်လှဲမှုတွေ ပျော်ဝင်မနေပါ။ နောက်ထူထောင်လိုက်တဲ့ သူ့ အိမ်ထောင်ရေးမှာသာ ပျော်မွေ့နေပုံရ၏။

'အထွန်း' သည် ကိုယ်နဲ့မဆိုင်တဲ့ကိစ္စဆိုပြီး စကားဖြတ်လိုက်ရင်ရပေမယ့် မဖြတ်နိုင်သေးဘဲ လေကြောဆက်ရှည်နေမိပြန်ပါသေးသည်။

" စိတ်နာတယ်သာ ပြောတာ ... ဦးလေးကိစ္စတွေကျတော့လည်း လိုက်ဖြေရှင်းပေးနေတာပဲ... ပိုက်ဆံလည်းပေးသေးတာပဲ မဟုတ်လား"

"ကြုံတဲ့အခါတိုင်းတော့ ပေးပါတယ်ကွယ်... ဒါပေမယ့် အလကားပါ... ဒီကောင့်စိတ်ကို ဦးလေးကမကြိုက်ဘူး... သူ့မှာ ညီအစ်ကိုမောင်နှမတွေ ရှိရဲ့နဲ့ ခပ်ကင်းကင်းသိပ်နေနိုင်တယ်... ဦးလေးရဲ့မိန်းမကိုလည်း တစ်ခွန်းကလေးမှအကောင်းမပြောဘူး... မတော်တဆ လမ်းမှာတွေ့ရင်တောင် မျက်နှာကြောတင်းတင်းနဲ့ ရှောင်ထွက်သွားတဲ့ကောင်... သိပ်မိုက်ရိုင်းတယ်"





" 'မြေဇာ' က ... ဦးလေးနဲ့အတူတူမနေဘူးဆိုတော့ ဘယ်သူနဲ့နေသလဲ... အမေရှိသေးလား"

"အဖိုးနဲ့နေတာလေ... သူ့အမေရဲ့ အဖေပေါ့... 'အနှင်း' ကတော့ ဦးလေးနဲ့ကွဲပြီး သုံးနှစ်လောက်မှာပဲ ဆုံးသွားတယ်... သံယောဇဉ်ရှည်နေမှာစိုးလို့ ဦးလေးက မသွားခဲ့ပါဘူး...ဒါကို 'မြေဇာ' က အခဲမကြေဘူးနဲ့တူပါတယ်... ဦးလေးဘက်ကကျတော့လည်း သူ့အဖိုး 'ဦးအောင်ဘ' နဲ့ ရင်မဆိုင်ချင်တော့ဘူးလေ... မျက်နှာပူတာပေါ့"

'ဦးသံချောင်း' ရဲ့စကားတွေကို နားထောင်ကြည့်ခြင်းအားဖြင့် နောက်မိန်းမနဲ့ပတ်သက်တဲ့ အသိုင်းအဝိုင်းကို ပိုတန်ဖိုးထား ပိုအလေးထားတယ်ဆိုတာ ပေါ်လွင်နေလေသည်။ 'အထွန်း' က တော့ ဖခင်သစ္စာမဲ့မှုကြောင့် အဖေမဲ့သလိုဖြစ်သွားရတဲ့ 'မြေဇာ' ဆိုတဲ့လူကိုပဲ စာနာစိတ်ဝင်နေမိပါသည်။

စာရင်းစာအုပ်ကိုဖွင့်ကာ ကုန်အဝင်အထွက်စာရင်းတွေကို ကြည့်ဖို့ပြင်ဆဲ 'ဦးသံချောင်း' ဆီက မေးခွန်းတချို့ထွက်လာခဲ့ပါသည်။

" နေပါဦး... ဒီကောင်က ဆေးရုံကိုဘာလာလုပ်တာလဲ... ဘယ်သူဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဒါတော့ ‘အထွန်း’ လည်းမသိဘူး... သူနဲ့က တွေ့ပဲ တွေ့လိုက်တာ... စကားမပြောဖြစ်ဘူး... ပြောရလောက်အောင် လည်း ‘အထွန်း’ နဲ့သူနဲ့ကြားမှာ ဘာကိစ္စမှရှိကြတာမှ မဟုတ်ဘဲ”

နေ့ခင်းပိုင်းမှာ ‘မာလာ’ ဆီက ဖုန်းဝင်လာပါသည်။ ‘အထွန်း’ တစ်ယောက်တည်း ဖြစ်နေတာမို့ အဆင်ပြေရဲ့လား ဆိုပြီး မေးတာပါ။ ထမင်းချိုင့်ကတော့ ‘ဦးထွေး’ ကို ပို့ခိုင်းထား ပြီးပါပြီ။

ညနေပိုင်းကျတော့ ခပ်စောစောပဲ ဂိုက်ကနေ ‘အထွန်း’ ပြန်ခဲ့လိုက်ပါသည်။ ဂိုက်မှာပဲ ညပါအိပ်ပြီးနေတဲ့ စာရင်းစစ် ‘မောင်ဖေယျ’ ရှိနေတာကြောင့် အလုပ်ကိစ္စတွေအတွက်လည်း နောက်ဆံ တင်းစရာမလိုပါ။ အရမ်းအရေးကြီးရင်တော့ ‘အထွန်း’ ဆီ ဖုန်းဆက်ပြီး အကြောင်းကြားပေးပါလိမ့်မည်။

ဆေးရုံကိုရောက်တော့ အန်တီက အပြုံးနဲ့ ပင်ကြိုဆိုပါသည်။ ‘မာလာ’ တို့တတွေလည်း စိတ်အေးသွားကြပုံရပါသည်။

“နက်ဖြန်ဆိုရင်တော့ ငါ အလုပ်ကိုလာလို့ရပါပြီ... အမေက စိတ်ချသွားရပြီ... ဆေးရုံမှာ ‘စံပယ်’ လည်းရှိမယ်...





နာ့စ်လည်းရှိမယ်ဆိုပြီး ငါ မလိုတော့ဘူးလေ”

“အလုပ်ကိစ္စက ငါတစ်ယောက်တည်းနဲ့လည်းဖြစ်ပါ တယ် ‘မာလာ’ ရယ်... ပူမနေနဲ့ အန်တီကိုသာ ဂရုစိုက်... လို တာလည်း ငါ့ကိုပြောအုံး”

“ပြောဦးဆိုလို့ ထူးဆန်းတာပြောရဦးမယ်... ဟို အဘ က ‘ဦးသံချောင်း’ နဲ့ ဘာတော်သလည်း မသိဘူး... ‘ဦးသံ ချောင်း’ ရဲ့ သားကို နေ့ခင်းပိုင်းက ထမင်းချိုင့်လာပို့တာ တွေ့ လိုက်တယ်... ငါ့ကို မမှတ်မိဘူးနဲ့တူပါတယ်”

“ ‘မြဇာ’ လား...”

“ဘယ်က ‘မြဇာ’ လဲ...”

“ ‘ဦးသံချောင်း’ ရဲ့သားလေ... ငါတို့ဂိုက်ကို ပစ္စည်းထုပ် ပြန်လာပို့တဲ့သူလေ”

“ဟင်... နာမည်ကို နင်က ဘယ်လိုသိသွားရတာလဲ”

“မနက်က ငါနဲ့ ဓါတ်လှေကားအဝင်အထွက်မှာ ဆုံ သွားတယ်... အဲ့ဒါနဲ့ ‘ဦးသံချောင်း’ ကို မေးကြည့်လိုက်တာ”

“သြော်...”

“သူကသနားပါတယ်ဟဲ့... သူ့အမေက သူ့ကိုထားသွား တာလေ”



www.burmeseclassic.com

www.burmeseclassic.com



'အထွန်း' က ဘာရယ်မဟုတ်ပြောလိုက်ပေမယ့် 'မာလာ' မျက်လုံးက အစွမ်းကုန်ပြူးကျယ်သွားလေသည်။

"သူကလည်း အဖေကို စိတ်နာနေတယ်တဲ့လေ..."

"ဟဲ့..."

'မာလာ' က ခေါင်းကိုခါကာ မျက်ရိပ်မျက်ခြေနဲ့ ဆက်မပြောဖို့တားနေလေသည်။ ခုမှပဲ ဝင်ပေါက်ကို ကျောပေးထိုင်နေတဲ့ အဖြစ်ကိုသတိရကာ နောက်ပြန်လှည့်အကြည့် နီရဲနာကျင်နေသော သူ့မျက်နှာနဲ့ ရင်ဆိုင်တိုးရလေသည်။

မဆင်မခြင် ပြောမိတဲ့အတွက် 'အထွန်း' နောင်တရသွားရပါသည်။

သူက 'အထွန်း' ကို ဘာမှမပြောဘဲ အခန်းထဲလှမ်းဝင်လာကာ ယူလာတဲ့စတီးသုံးဆင့်ဂျိုင့်ကို စားပွဲပုလေးမှာတင်လိုက်ပါသည်။ ပြီးတော့ သူ့အဘိုးနှဖူးကိုစမ်းကာ ပုံမှန်လေသံနဲ့စကားတွေ ပြောနေသည်။

သူ့ဘက်က ပုံမှန်ဖြစ်ပေမယ့် 'အထွန်း' ဘက်ကတော့ ပုံမှန်ပြန်မဖြစ်နိုင်တော့ချေ။ ရင်ထဲမှာ ရှက်နေတာပဲသိသည်။ မဆင်မခြင် ပြောချင်ရာပြောမိတဲ့အတွက် ကိုယ့်သိက္ခာကို ကိုယ်ပြန်ရှက်နေမိခြင်းပါ။ ခဏကလေးနေပြီးတာနဲ့ 'မာလာ' တို့ကို





နှုတ်ဆက်ကာ ထပြန်လာခဲ့လိုက်ပါသည်။

ကားပေါ်ရောက်လာပေမယ့် ကားစက်ကို မနိုးမိသေးဘဲ ဘာကြောင့်မှန်းမသိ ငိုင်တွေနေမိပါသည်။ ဆေးရုံဝင်ပေါက်ကို ကြည့်ကာ လူတစ်ယောက်ကို မျှော်နေမိ၏။ ဟော... သူထွက်လာပြီ။ ဘေးပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ ခြေလှမ်းသွက်သွက်နဲ့ ကားဆီလျှောက်သွားနေပါသည်။

'အထွန်း' သည် ဘာကိုမှစဉ်းစားမနေတော့ဘဲ ကားတံခါးကိုအမြန်ဖွင့်ကာဆင်းရင်း သူ့အနောက်သို့ အပြေးလိုက်သွားလိုက်ပါသည်။ 'အထွန်း' ရောက်တဲ့အချိန်မှာ သူက ကားစက်နိုးကာ နေရာမှ ထွက်ဖို့ပြင်နေပါပြီ။ 'အထွန်း' ကိုတွေ့တော့ မျက်နှာလွှဲသွားလေသည်။

"ဒီမှာရှင့် ... ဒီမှာ ...ကျွန်မပြောစရာလေးရှိလို့ ခဏလောက်နေပါဦးလား"

သူကမေးကိုဆတ်ကာ ...

"ကျွန်တော့်ကို ဟုတ်လား..."

ဆိုပြီး ပြန်မေးသည်။ 'အထွန်း' ခပ်မြန်မြန်ပဲ ခေါင်းညိတ်ပြရင်း ပြောချင်တာကို ပြောရပါတော့သည်။

"ရှင့်ကို တောင်းပန်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအတွက် တောင်းပန်ချင်ရတာလဲ... ခင်ဗျားနဲ့ ကျွန်တော်နဲ့ကြားမှာ ပတ်သက်မှုဆိုတာ ရှိမှမရှိဘဲ"

"မရှိပေမယ့် ကျွန်မက ရှင့်ကွယ်ရာမှာ ... ရှင့်ကိုယ်ရေးကိုယ်တာကိစ္စကို ပြောမိသလိုဖြစ်နေတယ်လေ... အဲ့ဒီအတွက် တောင်းပန်ပါတယ်... ဘာရည်ရွယ်ချက်မှ မရှိပါဘူး... စကားစပ်ရင်းနဲ့ ပြောမိသွားရတာပါ"

" ကျွန်တော် မရှင်းလို့တစ်ခုတော့ မေးချင်တယ်... ကျွန်တော့်ရဲ့အကြောင်းတွေ ခင်ဗျားဘယ်လိုလုပ်သိသလဲ"

"ရှင့် အဖေပြောပြတာလေ..."

သူ့မျက်နှာက မကျေနပ်သလို မဲ့ရှုံ့သွားပါသည်။

"ထားပါတော့... ဒါပေမယ့် သနားတယ်ဆိုတဲ့စကားတော့ မပြောနဲ့ဗျာ... ကျွန်တော့်ဘဝမှာ အဖေမရှိတာကလွဲရင် အားလုံး ပြည့်စုံတယ်... ကိုယ့်ဘဝကိုယ် ထူထောင်နိုင်ခဲ့တယ်... အဖေနဲ့ သားယှဉ်ကြည့်ရင်တောင် သားဖြစ်သူက အဖေ့ထက်ပိုပြီး လူတန်းစေ့ နေနိုင်ပါသေးတယ်"

'အထွန်း' ဘာကိုမှ ပြန်မပြောဘဲ သူ့ကိုသာ ငေးကြည့်နေမိပါသည်။ အဖေဖြစ်သူအပေါ် မကျေမနပ် ဖြစ်နေပုံက စကားလုံးတွေမှာ ပေါ်လွင်နေလေသည်။ ကိုယ်နဲ့ပတ်သက်





ခြင်းမရှိတာမို့ 'အထွန်း' ဘက်က ဝေဖန်တာမျိုး မလုပ်ဝံ့ပါ။ ခုတောင် လျှာရှည်မိလို့ နေရင်းထိုင်ရင်း တောင်းပန်နေရတဲ့ အဖြစ် မဟုတ်လား။

"ဘေးလူဖြစ်နေတဲ့ ခင်ဗျားကို ကျွန်တော် အပြစ်မပြောတော့ပါဘူး... အဓိကတရားခံက အဖေပဲ... အဖေ အာချောင်လို့ ခင်ဗျား သိသွားရတာ... ကဲ ကျွန်တော်သွားတော့မယ်"

"ဟုတ်ကဲ့ရှင်..."

'ဝေါ' ကနဲနေအောင် ဆောင့်ကြီးအောင့်ကြီး မောင်းထွက်သွားတဲ့ သူ့ရဲ့ကားသံက ပတ်ဝန်းကျင်မှာ ဆူညံရိုက်ခတ်လို့ ကျန်နေရစ်ခဲ့ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၅

အိမ်ကနေထွက်ပြီး သိပ်မကြာခင် 'ဒိုင်း' ကနဲမြည်သံနဲ့အတူ ကားဘီးတပေါက်သွားတာကြောင့် 'ဒေါ်ခိုင်မာ' ရင်ဘတ်ကိုဖိရင်း ငြီးငြူလိုက်မိပါသည်။

"ရှက်ဖို့ကောင်းလိုက်တာ 'ကိုထွေး' ရယ်... အပြင်ထွက်ပါမယ်ဆိုမှ ကားကိုသေချာစစ်ဆေးခဲ့ပါလား... ဖြစ်တဲ့နေရာကိုလည်းကြည့်ဦး... မီးပွိုင့်တည့်တည့်မှ ဖြစ်နေတယ်... နောက်ကားတွေကလည်း ဟွန်းတီးကုန်ပြီ... ကျုပ် ဘယ်လိုလုပ်မလဲ"

'ဦးထွေး' မျက်နှာကစိတ်ပျက်မှုကြောင့် ငိုတော့မလိုဖြစ်





သွားပါသည်။ 'ဒေါ်ခိုင်မာ' လို ပစိပစပ်များတဲ့ မိန်းမမျိုးနဲ့ကျမှပဲ ဒီကားကဖွေဖေါက်ပြီး ဖြစ်ရတယ်လို့။ ဘီးကိုဖြုတ်ပြီး လဲရမှာဆိုတော့ အလျှင်စလိုတော့ မြန်မြန်ဘယ်ပြီးနိုင်ပါ့မလဲ။

"ခဏတော့ စောင့်ရမယ်နော်... ကျွန်တော်ဘီးဖြုတ်ပြီး လဲရမှာဆိုတော့ အစ်မကားပေါ်ကဆင်းပြီး တစ်နေရာမှာ စောင့်နေလိုက်ပါ"

"ဟမ်... ဒီပုံ ဒီအဝတ်အစားနဲ့ ဘယ်နေရာမှာရပ်ပြီး စောင့်နေရမှာလဲ... မင်္ဂလာပွဲအချိန်ကလည်း နီးနေပြီ...စောင့်နေလို့လည်း ဖြစ်မှာမဟုတ်ဘူး"

"ဒါဆို ကားငှားပြီး သွားလိုက်မလား... အပြန်ကိုတော့ အချိန်မီရောက်အောင် ကျွန်တော်လာပြန်ကြိုပေးမှာပါ"

"အံမယ်လေး... အငှားကားနဲ့တော့ မသွားနိုင်ဘူး... အောက်လည်းအောက်တယ် သိက္ခာလည်းကျတယ်"

'ဦးထွေး' ဆက်ပြီး မပြောတော့ချေ။ သူ့ဆန္ဒနဲ့သူသာ ခိုက်ကြိုက်ဖန်တီး စီစဉ်ပါတော့။ 'ဦးထွေး' သည် ကားနောက်ခန်းဘက်မှ ဂျိုက်နဲ့စပန်နာကို ယူဖို့အတွက် အပြင်ထွက်လိုက်စဉ် 'ဒေါ်ခိုင်မာ' ရဲ့ အသံကျယ်ကျယ်ထွက်လာပါသည်။

"ငါ့ကို နံပါတ်အနက်ဆလွန်းတစ်စီးငှားပေးလိုက်... မရ



www.burmeseclassic.com

www.burmeseclassic.com



ရှအောင်သာငှား… ကျသလောက်ပေးမယ်”

ပြောပုံက အတော်ဝွကျကျနိုင်ပါသည်။ နံပါတ်အနက်ကားကို အကြောင်းမသိဘဲနဲ့ ‘ဦးထွေး’ ဘယ်လိုတားပြီး ငှားရဲပါ့မလား။ စိတ်ညစ်ညစ်နဲ့ ဘာလုပ်ရကောင်းမလဲ စဉ်းစားနေစဉ် ‘ဦးထွေး’ တို့ ကားနားသို့ လူရွယ်တစ်ယောက် ရောက်လာပါသည်။

ထိုလူရွယ်က ‘ဦးထွေး’ ကို ဂရုမစိုက်ဘဲ ခါးကိုကိုင်းကာ ‘ဒေါ်နိုင်မာ’ အား အပြုံးဖြင့် နှုတ်ဆက်လိုက်ပါသည်။ သန့်ပြန့်ပြီး သားနားချောမွေ့နေသော လူရွယ်ကို ‘ဒေါ်နိုင်မာ’ က သေချာကြည့်ကာ အကဲခတ်နေလေသည်။ မှန်တံခါးကိုလည်း တစ်ဝက်နီးပါး ဖွင့်ချလိုက်ပါသည်။

“သားက ဘယ်သူလဲကွယ်”

“ကျွန်တော့်နာမည် ‘ကျွန်း’ ပါ အန်တီ… အန်တီတို့နဲ့ သုံးခြံကျော်မှာနေပါတယ်… အန်တီတို့က ပြောင်းလာတာ မကြာသေးဘူးဆိုတော့ ကျွန်တော်တို့ကို သိချင်မှသိမှာပါ… အန်တီအခက်အခဲ တွေ့နေပုံရလို့ ကျွန်တော်က ဘာကူညီရမလဲဆိုပြီး ဆင်းမေးကြည့်တာပါ”

“အေးကွယ်… မင်္ဂလာဆောင်အချိန်ကလည်း နီးနေပြီ–





အရေးထဲ ကားဘီးကပေါက်သွားတယ်ဆိုတော့ ဘာလုပ်ရမလဲ စဉ်းစားနေတုန်း သားရောက်လာတာ… ဖြစ်နိုင်ရင်တော့ သားတို့ပဲ အကူအညီတောင်းပြီး ယုဇနဂါးဒင်းကို ပို့နိုင်းချင်တာပါပဲ”

‘ကျွန်း’ ဆိုတဲ့ လူငယ်ရဲ့ ရှပ်အင်္ကျီအိတ်ကပ်ထဲကနေ ထိုးထောင်ထောင်ထွက်နေတဲ့ အတံလေးကိုကြည့်ပြီး ဆယ်လူသာဖုန်းဆိုတာ သဘောပေါက်သွားရတာကြောင့် ခပ်ရဲရဲပင် အကူအညီ တောင်းလိုက်မိပါသည်။ ဟန်းဖုန်းကိုင်နိုင်မှတော့ ကားလည်းရှိမှာ မဟုတ်လား။

“ရပါတယ်ခင်ဗျ… အိမ်နီးနားချင်းတွေပဲဥစ္စာ… ကျွန်တော် ပို့ပေးပါ့မယ်… ကျွန်တော့်ကားက ဟိုမှာရပ်ထားပါတယ် အန်တီ”

ညွှန်ပြသော ကားကိုကြည့်လိုက်တော့ နက်ပြာရင့်ရောင်တော်တူးကားဖြစ်နေတာမို့ သဘောအကျကြီး ကျသွားရလေသည်။ ချမ်းသာကြွယ်ဝသော မိသားစုမှ ပေါက်ဖွားလာတဲ့ လူငယ်မျိုးနဲ့ ရင်းနှီးခင်မင်ပတ်သက်ခွင့်ရတာ ကိုယ့်အတွက်ဂုဏ်ရှိပါသည်။

ကိုယ့်မှာက ‘အထွန်း’ ဆိုတဲ့ သမီးအပျိုကြီးတစ်ယောက် ရှိနေသေးသည်မဟုတ်လား။ အမေတစ်ယောက်အနေနဲ့ ရှာ



www.burmeseclassic.com

www.burmeseclassic.com



ဘတ်ဖွေဘတ်မှုဖြစ်ပါမည်။ 'ကျွန်း' ဆိုတဲ့ လူရွယ်ရဲ့အကြောင်းကို ဘာမှမသိသေးပေမယ့် 'ဒေါ်ခိုင်မာ' ကတော့ 'အထွန်း' အတွက် ရည်မှန်းကာ သဘောကျနေမိပါပြီ။

လမ်းသွားရင်းလည်း စကားတွေအစ်အောက်ကြည့်ဖို့ စဉ်းစားထားလိုက်ပါသည်။

"သားရဲ့မိဘတွေကရော"

"ရှိပါတယ်ခင်ဗျ… ဖေဖေက မိုးကုတ်မှာ တွင်းလုပ်တယ်ဆိုတော့ ဟိုမှာပဲအနေများပါတယ်… မေမေနဲ့ကျွန်တော်ပဲ ရန်ကုန်မှာ အခြေချဖြစ်တာ… မိုးကုတ်မှာလည်း ဆွေမျိုးတွေရှိတယ်ဆိုတော့ ခဏခဏတော့ ရောက်ဖြစ်ပါတယ်"

'ကျွန်း' ဆိုတဲ့ လူရွယ်က စကားပြောတာလည်း ယဉ်ကျေးသိမ်မွေ့သလို ကားမောင်းတာလည်း ညင်သာလွန်းလှပါသည်။

"သားကရော ဘာစီးပွားရေးလုပ်သလဲ"

"ကုမ္ပဏီတစ်ခုထောင်ထားပါတယ်… အိမ်ဆောက်ပစ္စည်းတွေနဲ့ ပတ်သက်တဲ့ကုန်အမျိုးအစားတွေကို တင်သွင်းပါတယ်… အန်တီတို့ အိမ်တွေဘာတွေဆောက်မယ်ဆိုရင်လည်း ပြောနော်… လိုအပ်တဲ့ပစ္စည်းကိစ္စမှန်သမျှ အသက်သာ





ဆုံးဈေးနဲ့ ကျွန်တော် လုပ်ပေးပါ့မယ်"

"ပြောရမှာပေါ့ကွယ်… မိတ်ဆွေတွေဖြစ်နေပြီပဲဥစ္စာ"

'ဒေါ်ခိုင်မာ' သည် အချိန်တိုတိုအတွင်း ယုဇနဂါးဒင်းဟိုတယ်သို့ ရောက်လာရတဲ့အတွက် မကျေမနပ်ဖြစ်နေမိပါသေးသည်။ 'ကျွန်း' ဆီကနေ ကိုယ်သိချင်တဲ့ အကြောင်းအရာ အချက်အလက်တွေ ပြည့်ပြည့်စုံစုံ မသိလိုက်ရသောကြောင့် ဖြစ်ပါသည်။

စိတ်ထဲမှာ တေးထားလိုက်ရင်း မင်္ဂလာဆောင်က အပြန်ကျတော့ စီးတီးမတ်ကိုဝင်ကာ လက်ဆောင်ပစ္စည်းတစ်ချို့ကို ဝယ်လိုက်ပါသည်။ ညနေပိုင်းလောက်ကျမှ 'ကျွန်း' တို့အိမ်ကို ကျေးဇူးတင်ကြောင်း သွားပြောရင်း လက်ဆောင်တွေပေးကာ အကဲခတ်ကြည့်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

'ကျွန်း' တို့အိမ်ကိုသွားရင် 'အထွန်း' ကိုပါ ခေါ်သွားရင်တာကြောင့် ဂိတ်ကို ဖုန်းခေါ်လိုက်ပါသည်။

"'အထွန်း' လား… မေမေပါ"

"အင်း… ဘာကိစ္စရှိလို့လဲ မေမေ"

"ညနေ စောစောပြန်လာခဲ့ဖို့မှာတာလေ… တော်ကြာ 'မာသာ' နဲ့ လိုက်ပြီး ဆေးရုံပါသွားမှာစိုးလို့ ကြိုပြောထားရတာ"



www.burmeseclassic.com

www.burmeseclassic.com



"'မာလာ' နဲ့က ဆေးရုံကို လိုက်သွားရမှာပဲလေ... မေမေ့ကိစ္စကအရေးကြီးနေလို့လား... အရေးကြီးတယ်ဆိုရင်လည်း 'အထွန်း' အခု ပြန်လာခဲ့ပေးမယ်လေ"

"အခုမဟုတ်ဘူး... ညနေမှပဲရှိတာ... မိတ်ဆွေတစ်ယောက်အိမ် လက်ဆောင်သွားပေးချင်လို့"

"'ဦးထွေး' ကို လိုက်ပို့ခိုင်းလိုက်လေ မေမေရဲ့"

"မဖြစ်ဘူး... ညည်းကိုပါ ခေါ်သွားချင်တာ... ကဲ... ရှည်ရှည်ဝေးဝေးတွေ ဘာမှမပြောချင်တော့ဘူး... ညနေ ငါးနာရီဆိုတာနဲ့ အိမ်ကိုအရောက်ပြန်လာခဲ့ကြားလား"

"မရောက်ရင်ကော မေမေ"

"ရှည်မနေနဲ့... ပြောတဲ့အတိုင်းနားထောင်... ဒါပဲ"

'အထွန်း' မျက်နှာကို ရှုံ့ကာ စိတ်ပျက်လက်ပျက် ညီးတွားမိသွားရသည်။ မေမေ ဘာဇာတ်လမ်းတွေများ ထွင်အုံးမယ်မသိပါ။

"စိတ်ညစ်လိုက်တာဟာ... ဘယ်မိတ်ဆွေအိမ်သွားပြီး ဇာတ်ရှုပ်ဦးမလဲမသိပါဘူး... ငါပါမှဖြစ်မှာတဲ့"

"ကြည့်ရတာ ထုံးစံအတိုင်း သားမက်လောင်းရှာတာနေမှာပေါ့... နင့်အမေလည်း ဒုက္ခပဲ... နင်ယောကျ်ားမယူချင်





သူကျေနပ်စိတ်အေးမှာကို မဟုတ်ဘူး... ဖြစ်ချင်တာဖြစ်ဆိုပြီး ရည်းစားတစ်ယောက်လောက် ကောက်ထားလိုက်ပါလား 'အထွန်း' ရဲ့... တကယ်ချစ်သွားတော့လည်း ယူလိုက်ပြီးတာပဲ"

"နင့်ဘိုးအေမှပဲ... နင်ကျတော့ ဘာလို့မယူသလဲပြောစမ်းပါ"

"ငါက စိတ်ကိုမဝင်စားတော့တာ... ဝင်စားဖို့လည်း အခြေအနေက မပေးဘူး... မိသားစုအရေးနဲ့တင် ငါ့မှာ ချာလတော်ယမ်းနေတာ... နောက်ထပ်အပူလက်ခံနိုင်တော့ပါဘူးဟယ်... တစ်ကိုယ်တည်းအပျိုကြီးလုပ်ပြီး ခပ်အေးအေးနေတာပဲကောင်းတယ်"

"အန်တီက ဘာမှမပြောဘူးလား"

"မပြောဘူး... ငါ့သဘောပဲတဲ့"

"ကောင်းလိုက်တာ... ငါ့မှာကျတော့ မေမေပူနေတာနဲ့ပဲ သူကရှုးချင်နေရပြီ... ညနေလည်း ဘယ်သူနဲ့ပေးတွေ့ဦးမလဲ မသိဘူး"

"တွေ့ကြည့်လိုက်ပေါ့ဟာ... သင့်တော်မယ်ဆိုရင်လည်း ယူလိုက်တော့"

"မယူပါဘူး... ရင်ထဲက မပါဘဲနဲ့တော့ ငါကဘယ်



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားကိုမှ မယူဘူးဆိုမှတ်ထား"

"နင့်ရင်ထဲက ပါတဲ့သူကရော ဒီတစ်သက်ရှိအုံးမှာလား"

"မပြောတတ်ဘူး"

မမေ့စကားကို နာခံစွာဖြင့် 'အထွန်း' အိမ်သို့ စော
ပြန်လာခဲ့လိုက်ပါသည်။ 'မာလာ' ကတော့ သူ့အမေရှိနေ
ဆေးရုံကိုပဲသွားမှာမို့ နောက်ဆုံးကားဝင်တဲ့အချိန်ထိကို စော
နေပေးမှာ ဖြစ်သည်။ 'အထွန်း' အိမ်ပြန်ရောက်တဲ့အချိန်မှာ
မေမေက ရေမိုးချိုးအလှပြင်ကာ ဧည့်ခန်းမှာ အသင့်အ
အထားနဲ့တောင် စောင့်နေပါပြီ။

"ခုပဲ ဖုန်းဆက်မွေါ်တော့မလို့... ကဲ... မြန်မြန်ရေချိုး
လိုက်... ပြီးတာနဲ့သွားမယ်... လှလှပပလေးလည်း ပြင်
နော်... ပြီးစလွယ် လုပ်မလာနဲ့"

'အထွန်း' ခေါင်းကိုခါပြရင်း ...

"ဘာအတွက် 'အထွန်း' က လှလှပပပြင်ရမှာလဲ မေ
ရဲ့... မေမေနဲ့တော့ ခက်ပါတယ်"

"အပိုတွေပြောမနေနဲ့ 'အထွန်း'... ပြောတဲ့အတိုင်း
သာလုပ်... ကဲ... သွားစမ်းပါ... အချိန်သိပ်နောက်ကျ
မကောင်းဘူး"





မေမေ့စိတ်တိုင်းကျ ကြည့်ပျော်ရှုပျော်ဖြစ်အောင် ပြင်ဆင်ပြီး 'အထွန်း' အောက်ထပ်ကို ပြန်ရောက်လာခဲ့ပါသည်။ 'ဦးထွေး' က ဧည့်ခန်းရှိ မှန်စားပွဲပေါ်မှာတင်ထားတဲ့ လက်ဆောင်ခြင်းတောင်း လှလှကြီးကိုဆွဲကာ 'အထွန်း' ရဲ့ကားနောက်ခန်းထဲ သွားထည့်တာကို တွေ့လိုက်ရပါသည်။

"မေမေ့ ဧည့်သည်က ဘယ်လောက်အရေးကြီးလို့ ဒီလက်ဆောင်ခြင်းတောင်းကြီးပေးရတာလဲ"

ခြင်းတောင်းရဲ့တန်ဘိုးက သောင်းကျော်တယ်ဆိုတာကို 'အထွန်း' သိနေပါသည်။

"အရေးပါလို့ ပေးတာပေါ့အေ... စကားကလည်း ရှည်နေလိုက်တာ... သွားမယ်... သွားမယ်"

ကားစက်ကိုနှိုးပြီး လိုက်ပို့ရမယ့်နေရာကိုမေးမှ 'အထွန်း' အံ့ဩသွားရလေသည်။

"ဘယ်ကိုမောင်းရမှာလဲ"

"ညာဘက်ကိုကွေ့ သုံးခြံကျော်တာနဲ့ တွေ့တဲ့ခြံထဲကို ကားချိုးဝင်လိုက်... မေမေ သွားချင်တာ အဲ့ဒီခြံပဲ"

"ဟမ်... ဒီလောက်နီးနီးလေးကို ကားနဲ့လာရတယ်... နေပါဦး... အဲဒါဘယ်သူ့အိမ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"'ကျွန်း' တို့အိမ်လေ"

"'ကျွန်း' ဟုတ်လား... ဘာ 'ကျွန်း' လဲ... Export လုပ်တဲ့ 'ကျွန်း' ကိုပြောတာလား"

"လူ 'ကျွန်း' ကိုပြောနေတာဟဲ့... ရောက်တော့သိမှာပေါ့ 'အထွန်း' ရယ်... မေးမနေပါနဲ့တော့"

စကားလည်းဆုံး 'အထွန်း' က မေမေပြောတဲ့အတိုင်း ကားကို ခြံထဲချိုးကွေ့ဝင်ချပစ်လိုက်ပါသည်။ ဆင်ဝင်အောက်မှာ ကားတစ်စီးရပ်ထားတာကြောင့် ထပ်ကွေ့မနေတော့ဘဲ တိုက်ရဲ့ဘေးဘက်မှာသာ ကားကိုထိုးရပ်ပစ်လိုက်၏။

"လာ... လိုက်ခဲ့.... ခြင်းတောင်းလည်း သယ်ခဲ့ပေးဦး"

လေချိုလေးနဲ့ အမိန့်ပေးခိုင်းကာ ရှေ့ကနေ ကျော့ကျော့ကလေး မေမေက အရင်ထွက်သွားလေသည်။

'အထွန်း' တို့ကား ခြံထဲဝင်လာကတည်းက အိမ်ရှင်တွေ သတိထားမိပုံရသည်။ အဆင်သင့်ပင် အိမ်ပေါက်ဝမှာ ရပ်ကာ ထွက်ကြိုနေကြပါသည်။

"ဘယ်သူများလဲလို့ အန်တီကို... လာပါခင်ဗျ... ကြွပါ"

ချောမောကြည့်ကောင်းတဲ့ လူရွယ်က 'အထွန်း' တို့ပါကြို ကာ ဖိတ်ခေါ်ပါသည်။





"မေမေ... ဒါကျွန်တော်ပြောတဲ့ အန်တီလေ... နေ့ခင်းက ကားဘီးပေါက်လို့ ဟိုတယ်ကို လိုက်ပို့ပေးရတယ်ဆိုတာ"

"ဟုတ်ကဲ့... ကြွပါရှင်... အိမ်နီးနားချင်းတွေဖြစ်ပြီး မိတ်ဆွေတွေ မဖြစ်ကြဘူး ဖြစ်နေတာကိုး..."

"ခုတော့ဖြစ်ပါပြီရှင်... အိမ်တိုင်ယာရောက်ကို မိတ်ဆွေဖြစ်ချင်လွန်းလို့ လာမိတ်ဖွဲ့တာပါ... ကျွန်မတို့က ပြောင်းလာတာ မကြာသေးတော့ ပတ်ဝန်းကျင်ကလူတွေကို သိပ်မသိသေးဘူးဖြစ်နေတယ်... သားနဲ့တောင် မမျှော်လင့်ဘဲ သိကျွမ်းရတာ"

ဖမေ့ဘက်က ရွှင်မြူးပြုံးချိုနေသလို တစ်ဖက်သားအမိဘက်ကလည်း ခင်မင်လှိုက်လှဲဖော်ရွေကာ သဘောကောင်းလွန်းလှပါသည်။ အနေတည်တဲ့အေးဆေးသော 'အထွန်း' လို လူတောင်မှ မျက်နှာထားကို ပြုံးချိုပြီး အလိုက်သင့် စကားတွေ ပြန်ပြောနေရတဲ့အထိပါ။

'အထွန်း' ထက် တစ်နှစ်ကျော်ခန့်အသက်ကြီးသော 'ကျွန်း' ဆိုတဲ့ ယောကျ်ားသားဟာ ဒီအသက်အရွယ်ရောက်သည့်တိုင်အောင် ရည်းစားမရှိ၊ အိမ်ထောင်မကျသေးဘူးဆိုတဲ့ အပြောက် အနည်းငယ်တော့ အံ့သြမိပါသည်။ ယောကျ်ားတစ်ယောက်

www.burmeseclassic.com



အနေနဲ့ဆိုရင် ဂေါ်မစွံတဲ့ လူပျိုကြီးဟုသာ စွပ်စွဲယုံပဲရှိပါသည်။

ရုပ်ရည်အားဖြင့် ချောမောသန့်ပြန့်ကြည့်ကောင်းပြီး ပစ္စည်းဥစ္စာမှာလည်း ပြည့်စုံကြွယ်ဝနေရဲ့သားနဲ့ မိန်းမတစ်ယောက်ကို ဘာဖြစ်လို့ မယူနိုင်ရသေးတာလဲ။ 'အထွန်း' ကကျတော့ ခဲမှန်ဘူးတဲ့ စာသူငယ်လို အတိတ်ဇာတ်ကြောင်း ရှိခဲ့ဘူးလို့ထားပါတော့ သူ့မှာကျတော့ကော။

ကိုယ့်အတွေးနဲ့ ကိုယ်လျှောက်စဉ်းစားပြီး တစ်ခါတစ်ခါမှ ခိုးကြည့်တတ်တဲ့ 'အထွန်း' ရဲ့ အကြည့်ကို 'ကျွန်း' က ရိပ်မိကာ မသိဟန်ဆောင်ပြီး ခပ်ပြုံးပြုံးရှိနေလေသည်။

'အထွန်း' စိတ်ထဲက တွေးထင်နေတာကိုလည်း စကားစပ်ရင်းနဲ့ မေမေ့အား အရေးတယူရှင်းပြနေပါသေးသည်။

"ဘွဲ့ရပြီးကတည်းက ကျွန်တော်က ဖေဖေ့ကျောက်တွင်းမှာ သုံးလေးနှစ်လောက် ဝင်လုပ်လိုက်သေးတယ်… ပြီးတော့ ကမ္ဘာပတ်ချင်တယ်ဆိုပြီး သင်္ဘောလိုက် လိုက်သေးတယ်လေ အန်တီရဲ့… မေမေကတော့ အိမ်ထောင်ပြုဖို့သင့်ပြီဆိုပြီး တဂျိဂျီတော့ ပြောနေတာပဲ… ကျွန်တော်ကလည်း နိုင်ငံပေါင်းစုံရောက်ရတာကိုပျော်ပြီး မေမေပြောတာကို မေ့ထားတာ… နောက်ဆုံးတော့ မေမေ့နှလုံးရောဂါနဲ့ ဆေးရုံတက်ရတယ်ဆိုပြီး





အကြောင်းကြားပြန်ခေါ်တော့မှ ရောက်လာရတာ ရောက်လာတော့လည်း မပြန်ချင်တော့ပြန်ဘူး"

"အမယ်လေး… သားတစ်ယောက်တည်းရှိလို့ ကိုယ့်အနားမှာ နေမလားအောင်းမေ့ရပါတယ်… အဝေးကြီးကို ထွက်သွားလိုက်တာ ပြန်ခေါ်လို့ကို မရတော့ဘူး… ကျွန်မမှာဖြင့် စိတ်တွေကိုပူလို့ ရောဂါကို အကြောင်းပြပြီး ပြန်ခေါ်မှပဲ ရောက်ချလာတော့တယ်လေ အသက်ကလည်း ငယ်တော့တာမဟုတ်ဘူး… ခုထက်ထိလည်း အဖြစ်မရှိသေးဘူး… လုပ်ပါအုံး… ကောင်းကောင်းမွန်မွန်ထဲကတွေ့ရင် ကျွန်မသားအတွက် ကူရှာပေးစမ်းပါဦးရှင်"

အမေနှစ်ယောက်ကတော့ သင်ပေးစရာမလိုဘဲ အတိုင်အဖောက်ကို ညီနေပါသည်။ 'အထွန်း' စိတ်ထဲ ကြိတ်သိနေတာက 'ကျွန်း' ဆိုတဲ့လူဟာ မကြာခင် မေမေရွေးချယ်တော့မယ့် သားမက်လောင်းတစ်ယောက်ဆိုတာပါပဲ။

မလုံမလဲစိတ်နဲ့ 'ကျွန်း' ကိုအကြည့် 'ကျွန်း' ကလည်း စိုက်ကြည့်လာတာမို့ အကြည့်ချင်းဆုံသွားရကာ နှစ်ယောက်စလုံး အူကြောင်ကြောင်နဲ့ ပြိုင်တူပြုံးပြလိုက်မိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၆

ဒီနေ့ 'မာလာ' ရဲ့အမေ 'အန်တီသိန်း' ဆေးရုံက ဆင်းရမှာမို့ 'အထွန်း' ကိုယ်တိုင်လိုက်ပြီး စီစဉ်ပေးရပါသည်။ ဆေးရုံစတက်ကတည်းက တစ်ယောက်ခန်းကို မပြောင်းဖြစ်တော့ဘဲ နှစ်ယောက်ခန်းမှာသာ နေလိုက်တာမို့ ဘေးကုတင်က အဘိုး 'ဦးအောင်ဘ' နဲ့လည်း 'အထွန်း' တို့ ခင်မင်နေပါပြီ။

'မာလာ' ကတော့ လူနာရှင်ဖြစ်တာကြောင့် ပိုအတွေ့များပြီး ပိုခင်နေပါသည်။ အဘိုး 'ဦးအောင်ဘ' ကို အကြောင်းပြုပြီး 'မြေဇာ' နဲ့ 'မာလာ' လည်း မိတ်ဆွေတွေဖြစ်နေကြပါပြီ။





'အထွန်း' နဲ့ကတော့ ဟိုတစ်ခါ တောင်းပန်ပြီးကတည်းက ထပ်ပြီးမဆုံဖြစ်ခဲ့ပါ။

'အထွန်း' ဆေးရုံကိုလာတဲ့အချိန်တိုင်း 'မြေဇာ' နဲ့ လွဲလွဲနေတာလည်း ပါတာပေါ့လေ။

"အဘိုးက ဘယ်တော့ဆင်းမှာလဲ... 'အထွန်း' တို့အမြင်မှာတော့ အဘိုးက တကယ့်လူကောင်း ပကတိအတိုင်းပဲ"

"အေးကွယ်... အဘိုးလည်း ဆင်းချင်နေပါပြီ... ဆရာဝန်ကြီးက ဆီးချိုမကျသေးဘူးဆိုလို့သာ ဆက်နေနေရတာ... ဒီမှာနေရတာ ပိုက်ဆံလည်းကုန်တယ်... စိတ်လည်းကျဉ်းကြပ်တယ်... ရောဂါဖြစ်နေတော့လည်း ဘယ်တတ်နိုင်မလဲ"

"ပျောက်မှာပါ အဘိုးရဲ့"

"မြန်မြန်ပျောက်မှပါပဲကွယ်... နင်မို့ဆို ငါ့မြေး 'မြေဇာ' ဝင်ပန်းလို့ သေလိမ့်မယ်... သူ့ခင်မျာ အလုပ်တစ်ဖက်နဲ့ ဆေးရုံကို ပြေးပြေးလာနေရတာ ဘယ်လွယ်လိမ့်မလဲ... ဆိုင်ကခိုင်းတဲ့သူကိုပဲ လွှတ်ဆိုတော့လည်း မဟုတ်ဘူး"

'မြေဇာ' အကြောင်းနဲ့ပတ်သက်လာတော့ 'အထွန်း' ဆက်ပြီး မပြောရဲတော့ချေ။ 'မာလာ' ကတော့ ရင်းနှီးပြီမို့ အားမနာဘဲ ဆက်ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ ပူပင်စရာဆိုလို့ အဘိုးတစ်ယောက်တည်းရှိတဲ့ ဥစ္စာ လွှတ်ထားလိုက်အဘိုး... 'မာလာ' တို့လည်း နောက် လမ်းကြုံရင် အဘိုးတို့ဆီဝင်လာခဲ့မယ်... လက်ဘက်ရည်တော့ အလကား တိုက်ရမှာနော်"

"တိုက်ပါတယ်ကွယ်... လာဖြစ်အောင်ပဲ ရောက်အောင် လာစမ်းပါ"

အထုပ်အပိုးတွေသိမ်းဆည်းပြီး ပြန်ဖို့အဆင်သင့်ပြင်ချိန်၌ အမောတကောပုံစံနဲ့ 'မြေဇာ' ရောက်ချလာပါသည်။ 'အထွန်း' ကိုတွေ့တော့ သူ့မျက်နှာတစ်မျိုးဖြစ်လို့သွား၏။ 'မာလာ' ကတော့ နှုတ်ဆက်နေပါသေးသည်။

"'မာလာ' တို့ဆင်းပြီ 'ကိုမြေဇာ' ရေ... နောက်လမ်းတွေ့ရင်လည်းခေါ်နော်... မသိချင်ဟန်ဆောင်ပြီး ထွက်သွားမယ် တော့မကြံနဲ့"

"ဝမ်းသာပါတယ်ဗျာ... တွေ့တော့လည်း ခေါ်ပါ့မယ်"

ကိုယ်နိုင်သလောက် အထုပ်အပိုးတွေ ကိုယ်စီဆွဲရင်း ဓါတ်လှေကားမှတစ်ဆင့် ကားရှိရာသို့ လာခဲ့စဉ် 'မြေဇာ' ကလည်း 'အထွန်း' တို့နဲ့အတူ ပစ္စည်းတွေကို ကူညီသယ်ပေးရင်း ပါလာခဲ့ပါသည်။





'မာလာ' နဲ့ 'စံပယ်' က 'အန်တီသိန်း' ကို ဖေးမဂရုစိုက်နေရတာကြောင့် အနောက်မှာ ကျန်နေရစ်ခဲ့ရ၏။ 'မာလာ' ရဲ့မောင်လေး 'မင်းဝေ' က ကားနောက်ဖုံးတံခါးကိုဖွင့်ကာ ပစ္စည်းတွေကို နေရာတကျစီထည့်နေပါသည်။

ကားမောင်းတဲ့ဘက်ကို 'အထွန်း' လျှောက်ခဲ့စဉ် မထင်မှတ်ဘဲ 'မြေဇာ' က 'အထွန်း' ရဲ့အနားသို့ ရောက်လာခဲ့ပါသည်။ သူ့မျက်နှာမှာ တစ်ခုခုကို ပြောချင်နေတဲ့ ပုံစံက အထင်းသားပေါ်လွင်လျက်ရှိနေပါသည်။ 'အထွန်း' ကပဲ စကားလမ်းကြောင်းဖွင့်ပေးမိသည်။

"'ကိုမြေဇာ' ကျွန်မကို ပြောစရာရှိတယ်နဲ့တူတယ်"

သူခေါင်းက မြန်မြန်ပဲ ဆတ်ကနဲကို ညိတ်သွားပါသည်။

"ဟုတ်တယ်... အကူအညီတောင်းစရာရှိလို့ပါ"

"ပြောလေ... 'အထွန်း' တတ်နိုင်တာဆို ကူညီမှာပေါ့"

ကျွန်မလို့ ပြောနေရာကနေ ရင်းနှီးခင်မင်စွာဖြင့် 'အထွန်း' ဟုဘာကြောင့် ထည့်ပြောမိမှန်းမသိပါ။

"အဖေ့အတွက် စားစရာလေးဘာလေးဝယ်ပြီး လူကြုံထည့်ပေးလိုက်ချင်လို့ပါ... အပမ်းမကြီးဘူးဆိုရင် ယူသွားပေးမလား"



www.burmeseclassic.com

www.burmeseclassic.com



"'မြေ' က ဘာဖြစ်လို့ ကိုယ်တိုင်မပေးချင်ရတာလဲ... အို Sorry နော် ... စိတ်လောကြီးပြီး ခေါ်မိသွားရတာ"

ရဲတင်းသွက်လက်နေသော ကိုယ့်ပါးစပ်ကိုယ် ပြန်ပြီး ရိုက်ပစ်ချင်ပါသည်။ သူနဲ့ကျမှ သိပ်ပြီး ခင်မင်ချင်နေတာ ဘာကြောင့်များပါလိမ့်။

'အထွန်း' ရဲ့စိတ်ထဲမှာ သူ့ကို 'မာလာ' လိုပဲ ပွင့်ပွင့်လင်းလင်း သူငယ်ချင်းအဖြစ်နဲ့ပဲ မြင်မိနေပါသည်။

"'အထွန်း' ကြိုက်သလိုခေါ်လို့ရပါတယ်... မိတ်ဆွေတွေ ဖြစ်နေပြီပဲဟာ"

"ဒါဆိုရင် 'မြေ' ကိုယ်တိုင်ဂိတ်ကိုလာပြီး ပေးလိုက်ပါလား... သားကိုယ်တိုင်လာတော့ အဖေဖြစ်တဲ့သူက ပိုဝမ်းသာတာပေါ့...'အထွန်း' က ယူမသွားပေးချင်လို့ ပြောနေတာမဟုတ်ဘူးနော်"

"ဒါပေမယ့် ကျွန်တော်မပေးချင်ဘူး 'အထွန်း'... လူကြုံထည့်ပေးလိုက်တာကပဲ ပိုကောင်းပါတယ်"

'မြေ့' အမူအယာက စိတ်ရှုပ်သွားတဲ့ပုံရတာကြောင့် 'အထွန်း' ဆက်မပြောဖြစ်တော့ပါ။ 'မြေ့' ဆန္ဒအတိုင်း ...

"ဒါဆိုလည်း ပေးလိုက်လေ... 'အထွန်း' ပေးပေးမယ်...





အတော်ပဲပေါ့... 'ဦးသံချောင်း' က ဒီနေ့ညနေ နယ်ထွက်ရမှာ လမ်းမှာစားလို့ရသွားတာပေါ့"

"မထင်ပါဘူးဗျာ... သူ့မိန်းမနဲ့ သားသမီးတွေပဲ မြိုကျမှာပါ"

"'မြေ' ကလဲ"

"ခဏလေးနော်... ဟိုစတိုးဆိုင်ကနေ ကျွန်တော် အမြန်ပြေးပြီး သွားဝယ်လိုက်မယ်"

အပြေးအလွှားပင် 'မြေ' တစ်ယောက် ပြေးထွက်သွားပါသည်။ ပြန်ရောက်လာတော့ လက်ထဲမှာ ကျွတ်ကျွတ်အိတ်တစ်လုံးပါလာသည်။

"ပိုက်ဆံတော့ ထည့်မပေးတော့ဘူးဗျာ... ပေးရင်လည်း အဖေ သုံးရမှာ မဟုတ်ပါဘူး"

"ရှင့်မလဲ စေတနာထက် ဝန်တိုမှုက ပိုများနေတာကို... ရှင့် စေတနာ ရှင့်ကိုအကျိုးပေးမှာပေါ့... နောက်ပိုင်းကိစ္စတွေ ဘာလို့ ထည့်တွက်နေရတာလဲ"

"မုန်းလို့"

ချက်ချင်းပြန်ဖြေလိုက်တဲ့ 'မြေ့' ရဲ့အဖြေစကားကြောင့် 'အထွန်း' လက်လျှော့ပြီး ဘာကိုမှ မမေးဖြစ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



'ငြိ' ရင်ထဲမှာရှိနေတဲ့ နာကြည်းမှု အစိုင်အခဲထုထည်က ဘယ်လောက်တောင်ကြီးများနေခဲ့သလဲမှ မသိဘဲ။





## အခန်း ၇

"မနက်ဖြန် 'ကျွန်း' တို့သားအမိကို မေမေ ထမင်းအားဖိတ်ထားတယ်... ဂိုဏ်ကိုမသွားနဲ့တော့ 'အထွန်း'... 'မာသာ' နဲ့ပဲ လွှဲထားလိုက်"

မေမေရဲ့မျက်နှာက သူ့အကြံအစည်နဲ့သူ ဝင်းပနေလေသည်။

"ဟာ... မေမေ့ကိစ္စ 'အထွန်း' နဲ့ဘာဆိုင်သလဲ 'အထွန်း' ရှိနေလို့လည်း ဘာအကြောင်းမှ မထူးဘူး... မေမေတစ်ယောက်တည်းနဲ့ ဖြစ်နေတဲ့ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှည်လာပြန်ပြီ... ဖြစ်ဖြစ် မဖြစ်ဖြစ် ငါမသွားနဲ့ဆို မသွားဘဲနေလိုက်ပေါ့... ညည်းရှိနေမှ 'ကျွန်း' ကို စည့်ခံလို့ဖြစ်မှာ... နင်မို့ဆို သူတစ်ယောက်တည်း ကြောင်နေမှာပေါ့... လူငယ်ချင်း ပိုခင်မင်အောင်လို့ လုပ်နေတာကို ရှောင်ချင်နေတယ်... ငအမ"

"ပိုခင်မင်ရတော့ ဘာအကျိုးရှိမှာမို့လို့လဲ... အမေ့ကိစ္စမျိုးတွေ မစီစဉ်ချင်စမ်းပါနဲ့ မေမေရယ်... မိန်းကလေးရှင်ဘက်က နေအနေနဲ့ ရှက်ဖို့ကောင်းပါတယ်... ဇာတ်လမ်းစချင်ရင် သူတို့ဘက်ကစရမှာ အခုတော့ မေမေကစပြီး ဖိတ်ရတယ်လို့ ရှက်ဖို့လည်းကောင်းတယ် အောက်လည်းအောက်တယ်... ရှက်အောက်ကြီး"

"အမယ်လေး... ဒီခေတ်ကြီးမှာ လျှင်နိုင်တဲ့သူက စားစတမ်းဟဲ့ သိရဲ့လား... ရှက်တာတွေ အောက်တာတွေ ရှေ့တန်းတင်နေရင် ကိုယ်လက်လွှတ်သွားရုံပဲရှိမယ်... ဒိတ်အောက်တဲ့အတွေးတွေ တွေးမနေစမ်းနဲ့ 'အထွန်း'... ကိုယ့်အမေစီစဉ်တာကိုပဲ အသာကလေးနာခံနေလိုက်"

"အဲ့ဒီလို နာခံခဲ့လို့ တစ်ခါလည်း အရှက်ကွဲပြီးပြီ"

'အထွန်း' သည် ကိုယ်ပြောလို့ မနိုင်တော့ဘူးဆိုလျှင်





ဖြစ်ပြီးခဲ့တဲ့အတိတ်ဇာတ်ကြောင်းကိုသာ လှန်ပြီးခြိမ်းခြောက်ပစ်လိုက်ပါသည်။

ခါတိုင်းအခေါက်တွေတုန်းကတော့ မေမေ့မျက်နှာက စိတ်မကောင်းသလို ဖြစ်သွားပြီး ပါးစပ်ပိတ်သွားခဲ့ပေမယ့် ခုတစ်ခါမှာတော့ မျက်နှာထားက ပိုတင်းကာ လေသံက ပိုမာလာပါသည်။

"ပြီးတာတွေ ပြန်ပြောမနေနဲ့တော့... အဲ့ဒီတုန်းက ဖြစ်ခဲ့တယ်ဆိုတာလည်း ကံမကောင်းအကြောင်းမလှလို့ ဖြစ်ခဲ့ရတာ... ဒါပေမယ့် မိဘမေတ္တာက ဘယ်လောက်ကြီးမားသလဲဆိုရင် ညည်းဘဝ မပျက်ခင်အားလုံးသိပြီး ပွဲပျက်ခဲ့ရတာမဟုတ်လား... ကိုယ့်ဘက်က မမှားတဲ့အတွက် ဘာမှ ရှက်နေစရာအကြောင်းတောင် မရှိဘူး"

မေမေရဲ့ဒေါသကို မယှဉ်နိုင်တာကြောင့် 'အထွန်း' နှုတ်ပိတ်ကာ နားထောင်နေလိုက်ပါသည်။

"အခု 'ကျွန်း' နဲ့ကိစ္စမှာလည်း ကိုယ့်သမီးဘက်က ဖြစ်ခဲ့တဲ့ အခြေအနေအားလုံးကို အမှန်အတိုင်းဖွင့်ပြောပြထားတယ်... ဘာလျှို့ဝှက်မှုမှ မထားထားဘူး... ရိုးသားပွင့်လင်းခြင်းဟာ ဂုဏ်တစ်ရပ်ဆိုပြီး အထက်စီးကနေပစ်လိုက်တာလေ... ရှင်းရှင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် 'ကျွန်း' ရဲ့အမေ 'ဒေါ်မိမိကြီး' ရဲ့သဘောကို အကဲစမ်း လိုက်တာပဲ"

"သူတို့က ဘာပြန်ပြောလဲ"

"ဘာလဲ... ညည်းစိတ်ဝင်စားလာပြီလား"

'အထွန်း' သိချင်တာက သူတို့ရဲ့စိတ်ခါတ်တွေကိုပါ။ ကျန်တဲ့ရည်ရွယ်ချက်မျိုး 'အထွန်း' ရဲ့ ခေါင်းထဲမှာ လုံးဝရှိမနေ ချေ။ မေမေကတော့ တစ်လွဲအဓိပ္ပါယ်ကောက်လွဲကာ မချိုမချဉ် ပုံစံမျိုးနဲ့ ပြန်မေးလာခဲ့တာဖြစ်ပါသည်။

"ဟင့်အင်း... စိတ်မဝင်စားပါဘူး... သိချင်တာရှိလို့ မေး ကြည့်လိုက်တာ... မေမေ့ စကားတွေကိုနားထောင်ပြီး 'အထွန်း' ကိုကဲ့ရဲ့မယ်ကြံရင်တော့ 'ကျွန်း' ဆိုတဲ့လူကို ပါးပိတ်တီးပစ် မလို့"

"အမယ်လေး... ညည်းထင်တာနဲ့ တခြားစီပါအေ... သူ တို့သားအမိက စိတ်မကောင်းဖြစ်သွားလိုက်တာ မျက်နှာလေး တွေကိုငယ်လို့... 'ကျွန်း' ဆိုရင် အဲ့ဒီကောင်ကို သတ်ပစ်ချင် တယ်လို့တောင်ပြောနေသေးတယ် သိရဲ့လား"

"အပိုတွေ..."

မျက်နှာကိုမဲ့ကာ 'အထွန်း' ထထွက်ခဲ့လိုက်ပါသည်။





ပုံအတိုင်းဆို 'မာလာ့' ဆီ ဖုန်းဆက်ကာ အကျိုးအကြောင်းပြော ထားရမည်။ ပြောမထားရင် 'မာလာ' တစ်ယောက် မနက်ဖြန် ကျရင် 'အထွန်း' ဝင်ခေါ်မယ်ထင်ပြီး စောင့်နေမှာသေချာပါ သည်။

'မာလာ' တို့ရဲ့ဘေးတစ်အိမ်ကျော်ကိုဖုန်းဆက်ကာ 'မာလာ့' အား ခေါ်ခိုင်းလိုက်ရပါသည်။ တစ်ဆင့် ခေါ်ခိုင်းရတာ ကြောင့် ခဏစာဖြုတ်တော့ စောင့်နေရပါသေးသည်။

"ဟယ်လို..."

"'မာလာ' လား... ငါ မနက်ဖြန်ဂိတ်ကို မလာဖြစ်ဘူး... နင် တစ်ယောက်တည်းပဲ ကြည့်ကျက်လုပ်လိုက်စမ်းပါဟယ်"

"ဘာဖြစ်လို့လဲ... နေမကောင်းလို့လား"

"ကောင်းပါတယ်... မေမေပေါ့... 'ကျွန်း' တို့ သားအမိ ကို ထမင်းဖိတ်ကျွေးမလို့တဲ့လေ"

"နင် 'ကျွန်း' ဆိုတဲ့လူကို စိတ်ဝင်စားသလား 'အထွန်း'"

"ဟင့်အင်း... မဝင်စားပါဘူး... ငါနဲ့တစ်ခါပဲ ဆုံဖူးသေး တဲ့ဉစ္စာ... စကားတောင် ဟ,ဟမပြောဘူးဖူး"

"ငါနဲ့လည်း တစ်နေရာ,ရာမှာချိန်းပြီး မိတ်ဆက်ပေးအုံး လေဟာ... ငါသူ့ကို အကဲခတ်ကြည့်အုံးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး... ကြုံတဲ့အခါ နင်နဲ့တွေ့ပေးဖို့ ငါ ချိန်းကြည့်လိုက်မယ်"

'မာလာ' တစ်ယောက်မွေးကတည်းက ဘယ်လိုအစွမ်းသတ္တိမျိုးတွေ ပါလာခဲ့သလဲမသိချေ။ လူကိုခတ် အင်မတန်ကို ကျွမ်းကျင်ပါသည်။ 'အထွန်း' နဲ့ပတ်သက်တဲ့ ပထမလူတုန်းကလည်း တွေ့ပြီးတာနဲ့ ကွယ်ရာလည်းရောက်ရော ...

"နင့်လူပုံကို ကြည့်ရတာ မိန်းမပွေတဲ့ပုံပဲ... ဖာတ်ရှပ်တွေ ဘယ်လောက်များ ရှိနေမလဲမသိဘူး"

ဟု စိတ်မှန်းနဲ့ ပြောခဲ့သည်။ 'မာလာ' ပြောတဲ့အတိုင်းပါပဲ။ ဖာတ်ရှပ်ကြီးနဲ့ ယောကျ်ားတစ်ယောက်ဆိုတာကို နောက်မှသိခဲ့ရလေသည်။ အလုပ်နဲ့ပတ်သက်တဲ့လူတွေဆိုရင်လည်း ဘယ်သူက ဘယ်လိုစိတ်ထားမျိုး ရှိတယ်ဆိုပြီး ဝေဖန်သုံးသပ်နေတာတွေကလည်း မှန်တာသာများနေ၏။

'အထွန်း' ကတော့ 'မာလာ' ပြောတယ်ဆိုရင် များသောအားဖြင့် လက်ခံယုံကြည်တာသာ များပါသည်။ ဝင်ငွေပုံမှန်နေတဲ့ အလုပ်တစ်ခုကို မျက်နှာလွှဲကာ 'ကျွန်း' တို့သားအမိအား လက်ခံဖို့အတွက် မေမေ့စိတ်တိုင်းကျ ပြင်ဆင်ဝတ်စားပြီး 'အထွန်း' စောင့်နေရပါသည်။





ချိန်းထားတဲ့ အချိန်လောက်မှာပဲ 'ကျွန်း' တို့ရောက်လာကြပါသည်။

"အန်တီက သားတို့ကို ထမင်းစားဖိတ်ထားတယ်လို့ ပြောလို့ ဒီနေ့ 'အထွန်း' ကအလုပ်တောင်မသွားတော့ဘဲစောင့်နေတာ"

မေမေ့ရဲ့ ပျူငှာမှုက အနည်းငယ်တော့ ပိုနေပါသည်။ 'ကျွန်း' ဆိုတဲ့လူရဲ့ စိတ်ထဲမှာဖြင့် သူဟာ တော်တော်အရေးပါတဲ့သူဆိုတာ တွက်မိမှာမလွဲ။ 'အထွန်း' သည် မေမေ့စကားတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်အောင် မျက်နှာထားကို မပြုံးမရယ်ဘဲ ခပ်တင်းတင်းပုံစံဖြင့် စတယ်ကလေးနဲ့ နေ့နေလိုက်ပါသည်။

မေမေနဲ့ 'ကျွန်း' ရဲ့မိခင် 'ဒေါ်မိမိကြီး' တို့ပြောနေတဲ့စကားတွေက အပေါ်ယံကြောတွေဖြင့် အရည်မရအဖတ်မရှစကားတွေ ဖြစ်နေလေသည်။ တစ်ယောက်အကြိုက်ကို ကျွန်တစ်ယောက်က အတင်းကာရော လိုက်ကြိုက်ပေးကာ ရင်းနှီးမှုကိုမရမက တိုးတက်ပွားယူနေတဲ့ သဘောပင်။

"'အထွန်း'... 'ကျွန်း' ကို ခြံထဲလိုက်ပြလိုက်ပါအုံးကွယ်... မေမေ မွေးထားတဲ့ Lucky Fish ကြီးတွေ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်လှသလဲဆိုတာ လိုက်ပြလိုက်လေ"

ယောကျ်ားသားတစ်ယောက် ဖြစ်နေတာကြောင့် သစ်ပင်ပန်းပင်တွေကို ညွှန်းဆိုမပြောတော့ဘဲ အလှမွေးထားတဲ့ ငါးတွေကိုသာ အကွက်ဆင်ပြီး ပြခိုင်းနေပါသည်။ 'အထွန်း' တို့နှစ်ယောက်ကို တမင် မရင်းရင်းနှီးနှီးအောင် လုပ်နေတာဖြစ်၏။

'ကျွန်း' ကိုကြည့်ကာ 'အထွန်း' ပဲ ရှေ့မှဦးဆောင်ကာ ထွက်လာခဲ့လိုက်ပါသည်။ မွေးထားတဲ့ ငါးတွေကိုပြခိုင်းလိုက်တာမို့ ကျောက်ကနုတ်ဆောင်ခတ်ကာ အလှလုပ်ပြီးမွေးထားတဲ့ ရေကန်အသေးစားလေးဆီ ခေါ်လာပြလိုက်ပါသည်။

မေမေက ပိုက်ဆံပေါ်တိုင်း အပိုလုပ်ကာ Lucky Fish ဆိုတဲ့ ငါးကိုသိန်းကျော်ပေးကာ သုံးလေးကောင်တောင် ဝယ်ခဲ့လာပါသည်။ 'အထွန်း' ရဲ့မျက်စိထဲမှာ ဈေးမှာရောင်းတဲ့ ငါးပတ်ကြီးလို့သာ မြင်ယောင်နေမိပါသည်။

" 'အထွန်း' က ငါးမွေးရတာ ဝါသနာပါတယ်နဲ့တူတယ်... တိရိစ္ဆာန်တွေကို ချစ်တတ်လား"

'ကျွန်း' ရဲ့လေသံက အေးမြချိုလွင်နေပါသည်။

"ဟင့်အင်း... ဒီငါးတွေဝယ်မွေးတာ မေမေ ဝယ်မွေးတာ... 'အထွန်း' မဟုတ်ဘူး... တိရိစ္ဆာန်တွေကိုလည်း 'အထွန်း' က မချစ်တတ်ပါဘူး"

"ဒါဆို 'အထွန်း' ကဘာကို နှစ်သက်သလဲ..."

" 'အထွန်း' နှစ်သက်တာက စီးပွားရေးကိစ္စပဲ... အလုပ်လုပ်နေရရင် 'အထွန်း' ပျော်တယ်... ပြီးတော့ ဈေးဝယ်ရတာ ရှော့ပင်းထွက်ရတာကို ဘယ်လိုသဘောကျမှန်း မသိဘူး"

" 'အထွန်း' ရဲ့သဘောကျမှုက ပိုက်ဆံတော့ ကုန်မှာပေါ့"

" ကုန်တာပေါ့... ဒါကြောင့်လည်း ပိုက်ဆံရဖို့အတွက် အလုပ်ကိုကြိုးစားလုပ်ရတယ်... ပင်လည်းပင်ပန်းတယ် ပျော်လည်းပျော်တယ်"

"ကိုယ်က ပိုက်ဆံရှာရတာကို ပိုပြီးစိတ်ဝင်စားတယ်... သုံးရမှာကိုကျတော့ နှမြောနေပြန်ရော"

"ဒါဆို ကပ်စေးနဲ့တာပေါ့"

"အင်း... အဲ့ဒီလိုများ ဖြစ်နေမလားမသိဘူး"

ယောကျ်ားတစ်ယောက်ဖြစ်ပြီး စေ့စပ်တွက်ချက်တတ်တဲ့သူတစ်ယောက်ဟု 'အထွန်း' စိတ်ထဲ မှတ်ချက်ချလိုက်မိပါသည်။

" 'အထွန်း' ဘာဖြစ်လို့ ချစ်သူတစ်ယောက်လောက် မရှာထားတာလဲ"







www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးဖြစ်နေတော့ ချစ်သူရှာလို့ ဘယ်လို့လုပ်ပြီး ရမှာလဲ 'ကျွန်း' ရဲ့... ကိုယ့်ကိုကြိုက်လာတဲ့သူထဲကပဲ ရွေးချယ်ရမှာပေါ့... ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတာနဲ့ပဲ ကြိုက်တဲ့သူလည်း မရှိတော့ပါဘူး... 'အထွန်း' တို့အရွယ်က ဟိုင်းသွားပြီ"

"ကိုယ့်အမြင်မှာတော့ 'အထွန်း' က လှနေတာပါပဲ... မဟိုင်းသေးပါဘူးကွာ... စိတ်ကို နုပျိုအောင်ပဲ ထားထားစမ်းပါ"

'ကျွန်း' ရဲ့အဓိပ္ပါယ်ပါသော အကြည့်နဲ့ အပြောကြောင့် 'အထွန်း' ရင်ထဲ တစ်မျိုးဖြစ်သွားရပါသည်။ 'အထွန်း' ရဲ့ ရိုးသားစွာပြောသော စကားတွေကို 'ကျွန်း' က လိုက်နင်းပြီး ဘာလိုလို ညာလိုလို ကိစ္စတွေနဲ့ ချောင်ပိတ်လာမှာမျိုးကိုတော့ လက်ခံလို့ မဖြစ်ပါ။

'အထွန်း' ဘက်က လမ်းစဖွင့်ပေးတဲ့ အခြေအနေမျိုး မဟုတ်တာ သေချာနေတာကြောင့် စကားကို ဖြတ်ပစ်လိုက်မိသည်။

"ထမင်းသွားစားကြအောင်လေ... မေမေတို့စောင့်နေတော့မယ်"





'ကျွန်း' ပြန်ပြောလာမယ့် စကားကို မစောင့်တော့ဘဲ 'အထွန်း' လှည့်ထွက်လာခဲ့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ၈

'အထွန်း' အတွက် အမှတ်တရဆိုပြီး ရောက်လာတဲ့ ပန်းစည်းလှလှကြီးကို ကြည့်ပြီး ကြောင်ကြည့်နေမိပါသည်။

"ဒါက ဘယ်သူလာပို့သွားတာလဲ"

"ဘယ်သူလဲဆိုတာတော့ ကျွန်တော်မသိဘူးအစ်မ... လူတစ်ယောက်လာပေးသွားတာပဲ... အဲ့ဒီလူက ဘာမှမပြောဘူး— ဒီလိပ်စာနဲ့ ပို့ခိုင်းတယ်ဆိုလို့ လာပို့ပေးရတာလို့ပဲ ပြောသွားတယ်"

အခုမှ ပန်းစည်းကြားက ထွက်ကျလာတဲ့ ပန်းနုရောင်





[illegible]ဒ်ပြားကလေးမှာ 'ကျွန်း' လို့ရေးထားတဲ့စာကို တွေ့လိုက်ရ[illegible]ာမို့ 'အထွန်း' သက်ပြင်းချဖြစ်သွားရသည်။

အစွက်စိမ်းစိုစိုတွေကြားမှာ ပန်းနုသွေးကြွနေသော နှင်း[illegible]ီပွင့်လှလှများက အပွင့်နှစ်ဆယ်ခန့်ရှိပါသည်။

မွှေးပျံ့သင်းထုံကာ လှပသော ပန်းစည်းကြီးပါပဲ။ နိုင်ငံ[illegible]ခြားဆန်ဆန် ပန်းစည်းပို့ပြီး စေလွှတ်တတ်သော 'ကျွန်း' ရဲ့ [illegible]တ်ဓါတ် ကို အံ့သြနေမိပါသေးသည်။

'အထွန်း' ရင်ထဲ ဒွိဟဖြစ်နေပေမယ့် ကြည်နူးသလိုလည်း [illegible]စ်နေမိပါသေးသည်။

"ပန်းစည်းကြီးကိုကြည့်ပြီး နင်ကျေနပ်နေတယ်ပေါ့လေ [illegible]တ်လား... 'ကျွန်း' ဆိုတဲ့ လူရဲ့ဆွဲငင်အားက တော်တော်ပြင်း[illegible]န်နေပါလား... 'အထွန်း' တော့ ဒီတစ်ယောက်နဲ့ကျမှ ရေ[illegible]န်မျောတော့မယ်နဲ့တူတယ်"

'မာလာ' ရဲ့ စကားကိုကြားပြီး 'အထွန်း' ရှက်သွားရပါ[illegible]ည်။ 'ကျွန်း' နဲ့ပတ်သက်လို့ ရင်ထဲမှာ ဘာခံစားချက်မျိုးမှ [illegible]နေသေးပေမယ့် အခုရလာတဲ့ ပန်းစည်းကိုကြည့်ပြီး ကြည်[illegible]နေမိတာတော့ ဝန်ခံလိုပါသည်။ ကိုယ့်အပေါ်ကို အရေးတယူ[illegible]တ်လှတဲ့ လူတစ်ယောက်ကို ဘယ်သူက မကျေနပ်ဘဲနေမှာ



www.burmeseclassic.com

www.burmeseclassic.com



မြှာတဲ့လဲ။

ပြဿနာတက်ဖူးထားကြတဲ့ သူမျိုးတွေဆိုရင်လည်း ထားပါတော့။

"'ကျွန်း' နဲ့ကိစ္စက ခေါင်းထဲမှာတောင် မရှိသေးဘူး... ဒီပန်းစည်းပို့ပေးတာကိုပဲ ကြည်နူးမိတာ... ဒီလူဘာကြောင့် ငါ့ကို ပန်းစည်းပို့ပေးတာလည်း မသိဘူးနော်.... တစ်မျိုးတော့ တစ်မျိုးပဲ"

'မာလာ' က အဓိပ္ပါယ်ပါပါ ပြုံးရင်း ...

"စဉ်းစားစရာမလိုတဲ့ အဖြေပါ 'အထွန်း' ရယ်... သူ နင့်ကို စိတ်ဝင်စားလို့ စပြီး ချဉ်းကပ်တယ်ဆိုတာကို ပြလိုက်တာပဲပေါ့... တော်တော်သွက်တဲ့သူပဲ"

"သွက်မယ့်သာသွက်တာ... ငါနဲ့တွေ့တော့လည်း ပုံစံက အေးတိအေးစက်ပဲ... စကားတွေထဲမှာတော့ ရိုးတိုးရိပ်တိတ်တွေ တော့ ထည့်ထည့်ပြောတာပေါ့ဟယ်"

"စောင့်ကြည့်ကြ တာပေါ့ဟာ... နင်ငါ့ကို ပြောထားသလို ရင်ဘတ်ထဲက အချက်မပေးဘဲနဲ့တော့ ဒီလူ့ဆန္ဒကို မလိုက်လျောမိစေနဲ့နော်"

"အေးပါ... ငါ့စိတ်ကိုလည်း သေချာပြန်မေးကြည့်ပြီး





ဆန်းစစ်ကြည့်အုံးမှာပါ... လွယ်လွယ်ကူကူနဲ့တော့ လူတစ်ယောက်ကို ငါ မယုံကြည်တတ်ပါဘူး"

ပစ္စည်းတင်ပို့ခိုင်းမယ့် ကုန်သည်ရောက်လာတာကြောင့် နှစ်ယောက်သား စကားစကို ဖြတ်လိုက်ရပါသည်။ ဈေးနှုန်းကို အဆင်ပြေအောင် ညှိပြီး ဘောက်ချာဖွင့်ပြီးချိန်မှာ မမျှော်လင့်တဲ့ ဧည့်သည်တစ်ယောက် 'အထွန်း' တို့ရှေ့သို့ ရောက်ချလာခဲ့ပါသည်။

ရင်ခွင်ထဲမှာလည်း ကြီးမားလှသော ဖရဲသီးကြီးတစ်လုံးကို လက်နှစ်ဖက်နဲ့ ပွေ့ပိုက်ကာ ထားထားသည်။ သူ့ရဲ့အပြုံးက ဟန်ဆောင်မှုမရှိ လှိုက်လှဲ၍ နေလေသည်။

"ဟယ်... ဘယ်သူများလဲလို့ 'ကိုမြေဇာ' ကို.... လာ... လာ.. ဒီဖရဲသီးကြီးကရော ဘာလုပ်ဖို့လဲ... 'မာလာ' တို့အတွက် ယူလာပေးတာလား"

'မာလာ' လို 'အထွန်း' ရဲ့နှုတ်က သွက်လက်စွာ မကြိုဆိုလိုက်နိုင်ပါ။ အပြုံးဖြင့်သာ သူ့ကို ငေးကြည့်နေမိပါသည်။

"ဟုတ်တယ်... အဖိုးက သွားပို့ပေးပါဆိုလို့ ကျွန်တော် လာပို့ပေးတာ... ဒါ... ကျွန်တော့်ခြံက ထွက်တာလေ... ခိုင်တွေ ကိုတောင် ဒီကပြန်မှ ဖြန့်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့"

"မဟုတ်ပါဘူးဗျာ... ဒီကိုလာမှတော့ 'အထွန်း' ပါ ပါပြီး သားပေါ့ဗျာ... 'အထွန်း' အတွက်လို့ပြောလိုက်ရင်... 'အထွန်း' ကြိုက်မှာစိုးလို့ပါ... 'အထွန်း' က နိုင်ငံခြားမုန့်တွေ စားတာ များတယ်ဆိုတော့ ဖရဲသီးတို့ ဘာတို့ဆို ကြိုက်မှ ကြိုက်ပါ့ မလားလို့ပါ"

သူ့အပြောက တစ်မျိုးဖြစ်နေပါသည်။ 'အထွန်း' နိုင်ငံခြားမုန့်တွေ အကြိုက်များတယ်လို့ သူ့ကိုဘယ်သူက ပြောပြ ထားလို့လဲ။ 'အထွန်း' လည်း မုန့်ပဲသားရည်စာတွေ သိပ်စား တတ်တဲ့သူမှ မဟုတ်ဘဲ။

"နေပါအုံး... 'အထွန်း' က နိုင်ငံခြားမုန့်တွေပဲစားတယ် လို့ 'မြေ့' ကို ဘယ်သူကပြောသလဲ"

"ကျွန်တော့်မျက်စိနဲ့ မြင်တာလေ... 'မာလာ' တို့အဖေ ဆေးရုံတက်တုန်းကလည်း 'အထွန်း' ဝယ်လာသမျှ ပစ္စည်းတွေ က နိုင်ငံခြားဖြစ် စားစရာပစ္စည်းတွေကြီးပဲဆိုတော့ အဲ့ဒါတွေ ပဲ ကြို( တယ်ထင်တာပေါ့.... ပြီးတော့ 'အထွန်း' က မြန်မာ မင်းဟင်းတောင် မစားဘူးဆို... ဈေးကြီးတဲ့ ဘိုစာတို့ တရုတ် တို့ကိုမှ ခံတွင်းတွေ့တာဆို"





သူပြောတဲ့ စကားတွေကိုကြားမှပဲ 'အထွန်း' ပြုံးနိုင်ပါ တော့သည်။ 'မာလာ' တို့ ပြောဆိုနေတာတွေကို ကြားပြီး စိတ် မှန်းနဲ့ ရမ်းသမ်းထင်မြင်ယူဆနေတာပဲ ဖြစ်ပါလိမ့်မည်။

" 'မြေ' ပြောတဲ့စကားက ပိုတာများနေပြီ... ဆေးရုံကို ဝယ်လာတဲ့ပစ္စည်းတွေက များသောအားဖြင့် လူနာနဲ့တည့်တဲ့ ဆောလစ်တို့ မိုင်လိုတို့ မုန့်ပုံးတို့ ဒါတွေပဲဖြစ်မှာပေါ့... ဘယ် သူက ဆီးယိုတို့ လက်သုပ်စုံတို့ ဝယ်လာပါ့မလဲ... လှလည်းလှ ယ်... ပေးရကမ်းရတာလည်း အဆင်ပြေမယ့် ပစ္စည်းမျိုးတွေ ကြီးပဲ... လူတိုင်းဝယ်ကြမှာပဲ... မြန်မာထမင်းဟင်း မကြိုက်ဘူး ဆိုတာလည်း မဟုတ်ဘူး... ဆီပြန်ဟင်းတွေကြီးပဲ စားရဖန်များ သို့ ငြီးငွေ့လာတာ"

"မသိပါဘူး...ကျွန်တော်က 'အထွန်း' ကို တော်တော်ဘ င်မြင့်ပြီး ကိန်းကြီးခန်းကြီးနိုင်တဲ့သူလို့ မှတ်ထားလိုက်တာ"

"ခုတော့ကော"

"ခုတော့... မဟုတ်တော့ဘူးပေါ့ဗျာ"

'အထွန်း' တို့နှစ်ယောက် ခုမှပဲ ပေါ့ပေါ့ပါးပါးပြုံးဖြစ်ရ ကြပါတော့သည်။ ဒီအချိန်မှာ ဖုတ်ကနဲဆို ပျော့တော့ တော့ ချေးကြီးအရာတစ်ခုက 'အထွန်း' ရဲ့ လက်ဖျံမှာ လာ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့"

"မဟုတ်ပါဘူးဗျာ... ဒီကိုလာမှတော့ 'အထွန်း' ပါ ပါပြီး သားပေါ့ဗျာ... 'အထွန်း' အတွက်လို့ပြောလိုက်ရင်... 'အထွန်း' ကြိုက်မှာစိုးလို့ပါ... 'အထွန်း' က နိုင်ငံခြားမုန့်တွေ စားတာ များတယ်ဆိုတော့ ဖရဲသီးတို့ ဘာတို့ဆို ကြိုက်မှ ကြိုက်ပါ့ မလားလို့ပါ"

သူ့အပြောက တစ်မျိုးဖြစ်နေပါသည်။ 'အထွန်း' နိုင်ငံ ခြားမုန့်တွေ အကြိုက်များတယ်လို့ သူ့ကိုဘယ်သူက ပြောပြ ထားလို့လဲ။ 'အထွန်း' လည်း မုန့်ပဲသားရည်စာတွေ သိပ်စား တတ်တဲ့သူမှ မဟုတ်ဘဲ။

"နေပါအုံး... 'အထွန်း' က နိုင်ငံခြားမုန့်တွေပဲစားတယ် လို့ 'မြေ့' ကို ဘယ်သူကပြောသလဲ"

"ကျွန်တော့်မျက်စိနဲ့ မြင်တာလေ... 'မာလာ' တို့အဖေ ဆေးရုံတက်တုန်းကလည်း 'အထွန်း' ဝယ်လာသမျှ ပစ္စည်းတွေ က နိုင်ငံခြားဖြစ် စားစရာပစ္စည်းတွေကြီးပဲဆိုတော့ အဲ့ဒါတွေ ပဲ ကြို တယ်ထင်တာပေါ့.... ပြီးတော့ 'အထွန်း' က မြန်မာ မင်းဟင်းတောင် မစားဘူးဆို... ဈေးကြီးတဲ့ ဘိုစာတို့ တရုတ် တို့ကိုမှ ခံတွင်းတွေ့တာဆို"





သူပြောတဲ့ စကားတွေကိုကြားမှပဲ 'အထွန်း' ပြုံးနိုင်ပါ တော့သည်။ 'မာလာ' တို့ ပြောဆိုနေတာတွေကို ကြားပြီး စိတ် မှန်းနဲ့ ရမ်းသမ်းထင်မြင်ယူဆနေတာပဲ ဖြစ်ပါလိမ့်မည်။

" 'မြေ' ပြောတဲ့စကားက ပိုတာများနေပြီ... ဆေးရုံကို ဝယ်လာတဲ့ပစ္စည်းတွေက များသောအားဖြင့် လူနာနဲ့တည့်တဲ့ ဆောလစ်တို့ မိုင်လိုတို့ မုန့်ပုံးတို့ ဒါတွေပဲဖြစ်မှာပေါ့... ဘယ် သူက ဆီးယိုတို့ လက်သုပ်စုံတို့ ဝယ်လာပါ့မလဲ... လှလည်းလှ ယ်... ပေးရကမ်းရတာလည်း အဆင်ပြေမယ့် ပစ္စည်းမျိုးတွေ ကြီးပဲ... လူတိုင်းဝယ်ကြမှာပဲ... မြန်မာထမင်းဟင်း မကြိုက်ဘူး ဆိုတာလည်း မဟုတ်ဘူး... ဆီပြန်ဟင်းတွေကြီးပဲ စားရဖန်များ လို့ ငြီးငွေ့လာတာ"

"မသိပါဘူး...ကျွန်တော်က 'အထွန်း' ကို တော်တော်ဘ င်မြင့်ပြီး ကိန်းကြီးခန်းကြီးနိုင်တဲ့သူလို့ မှတ်ထားလိုက်တာ"

"ခုတော့ကော"

"ခုတော့... မဟုတ်တော့ဘူးပေါ့ဗျာ"

'အထွန်း' တို့နှစ်ယောက် ခုမှပဲ ပေါ့ပေါ့ပါးပါးပြုံးဖြစ်ရင် ကြပါတော့သည်။ ဒီအချိန်မှာ ဖုတ်ကနဲဆို ပျောတော့ ဈေးဈေးကြီးအရာတစ်ခုက 'အထွန်း' ရဲ့ လက်ဖျံမှာ လာ



www.burmeseclassic.com

www.burmeseclassic.com



“‘အထွန်း’ က အရမ်းကြီးကို ကြောက်နေတော့ ကျွန်တော်လည်း ကြောင်ပြီးအိမ်မြှောင် မြန်မြန်ပြေးရင် ပြီးရောဆိုပြီး စာအုပ်နဲ့ ရိုက်ထည့်လိုက်တာ”

“ဖြစ်ရမယ်… အိမ်မြှောင်ကို ရှင့်လက်နဲ့ ပုတ်ထုတ်လိုက်တော့ကော ဘာဖြစ်မှာမို့လို့လဲ”

‘မာလာ’ က ‘အထွန်း’ လက်ကိုကြည့်ကာ သနား၍ ဝင်ပြောပေးနေခြင်းဖြစ်ပါသည်။

“မပုတ်ထုတ်ရဲပါဘူး… ကျွန်တော်လည်း ကြောက်တယ်ဗျ… မတော် ကျွန်တော့်လက်မှာ လာကပ်နေရင် ဘယ်လိုလုပ်မလဲ”

“အမယ်လေး… တကယ့်သတ္တိခဲနဲ့မှ လာတွေ့နေရတာကိုး”

“ထားပါ… ခုအရေးကြီးတာ ‘အထွန်း’ ရဲ့လက်ကို ဆေးစည်းပေးဖို့ပဲ… ဖြစ်တာကလည်း ညာဘက်ကြီးဆိုတော့ လက်နာနေရင် စာရင်းတွေ ဘာတွေ လုပ်လို့မရဖြစ်နေအုံးမယ်… ဒေါက်တြေဆေးလူးပြီး စည်းထားရင်ကောင်းမယ်”

သူပြောတဲ့အတိုင်းပဲ လုပ်ရတော့မှာပင်။ ‘အထွန်း’ ရဲ့ လက်က တဖြည်းဖြည်းနဲ့ စိမ်းမှောင်ညိုပြီး ယောင်ရမ်းလာတာ





ကြောက်ဖို့ ပင်ကောင်းပါသည်။ ကတ်ထူစာအုပ်ရဲ့ ထိချက်က အတော့်ကို ပြင်းထန်မှန်း လက်တွေ့ခံစားမှပဲ သိနိုင်ပါတော့သည်။

“ဘယ်မှာ ဆေးသွားစည်းရမှာလဲ… လွယ်လွယ်ကူကူ ‘ထွန်းရွှေဝါ’ တို့ ‘မိဂသီ’ တို့ ဘာတို့ပဲ ဝယ်လိမ်းလိုက်ရင် ကောင်းမယ်နဲ့ တူတယ်”

‘အထွန်း’ ရဲ့အပြောကို သူကခေါင်းခါလိုက်ပါသည်။

“ကျွန်တော်လိုက်ပို့ပေးပါမယ် ‘အထွန်း’… သိပ်မဝေးဘူး… မရမ်းကုန်း မီးပွိုင့်နားလောက်မှာပဲရှိတယ်… ကျွန်တော် တစ်ခါ လက်ကျိုးတုန်းကလည်း အဲ့ဒီဆရာကြီးပဲ ကုပေးတာ… အဖိုးရဲ့သူငယ်ချင်း… သဘောလည်းကောင်းတယ်… ဆေးစည်းတာတွေ ဘာတွေလည်းတော်တယ်”

‘အထွန်း’ က ‘မာလာ’ အား တိုင်ပင်သလို ကြည့်မိပါသည်။ ‘မာလာ’ က ခေါင်းညိတ်ပြကာ…

“ကောင်းတယ် ‘အထွန်း’… ‘ကိုမြေဇာ’ နဲ့လိုက်သွားလိုက်… မြန်မြန်သက်သာတော့ အန်တီလည်း ပစိပစပ်မျှားနေရတော့ဘူးပေါ့… ငါ ဂိုတ်မှာ စောင့်နေပေးမယ်”

သူနဲ့ ‘အထွန်း’ နှစ်ယောက်တည်းပဲ ဆေးဆာ[illegible]

www.burmeseclassic.com



"'အထွန်း' က အရမ်းကြီးကို ကြောက်နေတော့ ကျွန်တော်လည်း ကြောင်ပြီးအိမ်မြှောင် မြန်မြန်ပြေးရင် ပြီးရောဆိုပြီး စာအုပ်နဲ့ ရိုက်ထည့်လိုက်တာ"

"ဖြစ်ရမယ်… အိမ်မြှောင်ကို ရှင့်လက်နဲ့ ပုတ်ထုတ်လိုက်တော့ကော ဘာဖြစ်မှာမို့လို့လဲ"

'မာလာ' က 'အထွန်း' လက်ကိုကြည့်ကာ သနား၍ ဝင်ပြောပေးနေခြင်းဖြစ်ပါသည်။

"မပုတ်ထုတ်ရဲပါဘူး… ကျွန်တော်လည်း ကြောက်တယ်ဗျ… မတော် ကျွန်တော့်လက်မှာ လာကပ်နေရင် ဘယ်လိုလုပ်မလဲ"

"အမယ်လေး… တကယ့်သတ္တိခဲနဲ့မှ လာတွေ့နေရတာကိုး"

"ထားပါ… ခုအရေးကြီးတာ 'အထွန်း' ရဲ့လက်ကို ဆေးစည်းပေးဖို့ပဲ… ဖြစ်တာကလည်း ညာဘက်ကြီးဆိုတော့ လက်နာနေရင် စာရင်းတွေ ဘာတွေ လုပ်လို့မရဖြစ်နေအုံးမယ်… ဒေါက်တာကြေဆေးလူးပြီး စည်းထားရင်ကောင်းမယ်"

သူပြောတဲ့အတိုင်းပဲ လုပ်ရတော့မှာပင်။ 'အထွန်း' ရဲ့ လက်က တဖြည်းဖြည်းနဲ့ စိမ်းမှောင်ညိုပြီး ယောင်ရမ်းလာတာ





ကြောက်ဖို့ မင်ကောင်းပါသည်။ ကတ်ထူစာအုပ်ရဲ့ ထိချက်က အတော့်ကို ပြင်းထန်မှန်း လက်တွေ့ခံစားမှပဲ သိနိုင်ပါတော့သည်။

"ဘယ်မှာ ဆေးသွားစည်းရမှာလဲ… လွယ်လွယ်ကူကူ 'ထွန်းရွှေဝါ' တို့ 'မိဂသီ' တို့ ဘာတို့ပဲ ဝယ်လိမ်းလိုက်ရင်ကောင်းမယ်နဲ့ တူတယ်"

'အထွန်း' ရဲ့အပြောကို သူကခေါင်းခါလိုက်ပါသည်။

"ကျွန်တော်လိုက်ပို့ပေးပါ့မယ် 'အထွန်း'… သိပ်မဝေးဘူး… မရမ်းကုန်း မီးပွိုင့်နားလောက်မှာပဲရှိတယ်… ကျွန်တော် တစ်ခါ လက်ကျိုးတုန်းကလည်း အဲ့ဒီဆရာကြီးပဲ ကုပေးတာ… အဖိုးရဲ့သူငယ်ချင်း… သဘောလည်းကောင်းတယ်… ဆေးစည်းတာတွေ ဘာတွေလည်းတော်တယ်"

'အထွန်း' က 'မာလာ' အား တိုင်ပင်သလို ကြည့်မိပါသည်။ 'မာလာ' က ခေါင်းညိတ်ပြကာ…

"ကောင်းတယ် 'အထွန်း'…. 'ကိုမြဇာ' နဲ့လိုက်သွားလိုက်… မြန်မြန်သက်သာတော့ အန်တီလည်း ပစိပစပ်များစေတော့ဘူးပေါ့… ငါ ဂိုတ်မှာ စောင့်နေပေးမယ်"

သူနဲ့ 'အထွန်း' နှစ်ယောက်တည်းပဲ ဆေးဆရာကြီး ရှာ



www.burmeseclassic.com

www.burmeseclassic.com



လံငေးမောကြည့်နေမိပါသည်။

ကားသွားတဲ့ ဦးတည်ရာလမ်းကြောင်းများ တူနေခဲ့ရင်ဖြင့် လိုက်တောင်ချောင်းကြည့်ချင်လိုက်ပါရဲ့။

အခုတော့ 'အထွန်း' တို့ကားက မျက်နှာချင်းဆိုင်ဘက်ကနေ လာနေတာဖြစ်တာကြောင့် နောက်ကြောင်းပြန်လှည့်ပြီး ဘယ်လိုမှ မိနိုင်မှာ မဟုတ်တော့ချေ။ 'ကျွန်း' ကတော့ မိမိမြင်လိုက်သလို မြင်တွေ့လိုက်ပုံမရ။

"ဒုက္ခပါပဲ 'ကျွန်း' ရယ်... 'အထွန်း' ကိုတွေ့လိုက်လား... ကားရှေ့ခန်းမှာ ယောကျ်ားတစ်ယောက်နဲ့ တွဲပြီး ရယ်ရယ်မောမောပါသွားတယ်... သူ့ရည်းစားဆိုရင်တော့ ခက်ရချည်ရဲ့ ဒီကလေးမပုံစံက သူ့စိတ်တိုင်းကျ လုပ်ချင်ရာလုပ်မယ့်ပုံမျိုး... သေချာစုံစမ်းကြည့်မှ ဖြစ်မယ်နဲ့တူတယ်"

'ကျွန်း' ရဲ့မျက်နှာပျက်ယွင်းသွားကာ အလောတကြီးမေးသံ ထွက်ပေါ်လာပါသည်။

"ဘယ်မှာလဲ... ကျွန်တော်တို့လိုက်ကြည့်လိုက်မယ်"

"လိုက်လို့လည်း မီမှာ မဟုတ်တော့ဘူး... သူတို့ကားက အနောက်ဘက်ကို သွားတာ"

"စောစောက ပြောတာမဟုတ်ဘူးမေမေရယ်... 'အထွန်း'





နဲ့ ပတ်သက်တဲ့ သတင်းကိစ္စမှန်သမျှ ကျွန်တော်တို့ဘက်က အကွက်စေ့စေ့ စုံစမ်းထားနိုင်ကာမှ တော်ကာကျမှာ... 'အထွန်း' ကို တစ် ချက်ကလေးမှ အလွှတ်ပေးလို့ဖြစ်တာ မဟုတ်ဘူး"

"ဒီနေ့ မနက် ပန်းစည်းပို့ဖြစ်သေးလား"

"ပို့ဖြစ်တယ်လေ... သူ့ဆီက ဖုန်းဆက်လာမလားလို့ စောင့် မျှော်နေမိသေးတယ်... ခုချိန်ထိ ဘာမှလည်းအကြောင်းမကြားသေးဘူး"

'ကျွန်း' ခေါင်းထဲမှာ 'အထွန်း' ဆီက ဆက်လာမယ့် ဖုန်းမြည်သံကို စောင့်မျှော်နေမိတာ မနက်ကတည်းကပါပဲ။ 'ကျွန်း' ရဲ့ Visiting Card ကဒ်ကိုလည်း ထမင်းသွားစားတဲ့နေ့ကတည်းက သေချာပေးထားခဲ့ပြီးပါပြီ။ 'အထွန်း' ရဲ့ တန်းဖုန်းနံပါတ်ကိုလည်း 'ဒေါ်ခိုင်မာ' က အလိုက်တသိနဲ့ ပြန်ပေးခဲ့လေသည်။

အကြောင်းပြစရာ ကိစ္စမရှိသေး၍သာ သူမဆက်ဖြစ်သေးပေမယ့် 'အထွန်း' နဲ့ ထပ်ဆုံတွေ့ပြီး စကားတွေပြောချင်နေမိတာ ကြာပါပကောလား။

သူ့ဘက်က 'အထွန်း' နဲ့ပတ်သက်ပြီး တမ်းတမ်း
သတိတရရှိနေပေမယ့် 'အထွန်း' ကတော့ သတိပင်ရ



www.burmeseclassic.com

www.burmeseclassic.com



လံငေးမောကြည့်နေမိပါသည်။

ကားသွားတဲ့ ဦးတည်ရာလမ်းကြောင်းများ တူနေခဲ့ရင် ဖြင့် လိုက်တောင်ချောင်းကြည့်ချင်လိုက်ပါရဲ့။

အခုတော့ 'အထွန်း' တို့ကားက မျက်နှာချင်းဆိုင်ဘက်ကနေ လာနေတာဖြစ်တာကြောင့် နောက်ကြောင်းပြန်လှည့်ပြီး ဘယ်လိုမှ မိနိုင်မှာ မဟုတ်တော့ချေ။ 'ကျွန်း' ကတော့ မိမိမြင်လိုက်သလို မြင်တွေ့လိုက်ပုံမရ။

"ဒုက္ခပါပဲ 'ကျွန်း' ရယ်... 'အထွန်း' ကိုတွေ့လိုက်လား... ကားရှေ့ခန်းမှာ ယောကျ်ားတစ်ယောက်နဲ့ တွဲပြီး ရယ်ရယ်မောမောပါသွားတယ်... သူ့ရည်းစားဆိုရင်တော့ ခက်ရချည်ရဲ့ ဒီကလေးမပုံစံက သူ့စိတ်တိုင်းကျ လုပ်ချင်ရာလုပ်မယ့်ပုံမျိုး... သေချာစုံစမ်းကြည့်မှ ဖြစ်မယ်နဲ့တူတယ်"

'ကျွန်း' ရဲ့မျက်နှာပျက်ယွင်းသွားကာ အလောတကြီးမေးသံ ထွက်ပေါ်လာပါသည်။

"ဘယ်မှာလဲ... ကျွန်တော်တို့လိုက်ကြည့်လိုက်မယ်"

"လိုက်လို့လည်း မီမှာမဟုတ်တော့ဘူး... သူတို့ကားက အနောက်ဘက်ကို သွားတာ"

"စောစောက ပြောတာမဟုတ်ဘူးမေမေရယ်... 'အထွန်း'





နဲ့ ပတ်သက်တဲ့ သတင်းကိစ္စမှန်သမျှ ကျွန်တော်တို့ဘက်က အကွက်စေ့စေ့ စုံစမ်းထားနိုင်ကာမှ တော်ကာကျမှာ... 'အထွန်း' ကို တစ် ချက်ကလေးမှ အလွှတ်ပေးလို့ဖြစ်တာ မဟုတ်ဘူး"

"ဒီနေ့ မနက် ပန်းစည်းပို့ဖြစ်သေးလား"

"ပို့ဖြစ်တယ်လေ... သူ့ဆီက ဖုန်းဆက်လာမလားလို့ တောင် မျှော်နေမိသေးတယ်... ခုချိန်ထိ ဘာမှလည်းအကြောင်း မကြားသေးဘူး"

'ကျွန်း' ခေါင်းထဲမှာ 'အထွန်း' ဆီက ဆက်လာမယ့် ဖုန်းမြည်သံကို စောင့်မျှော်နေမိတာ မနက်ကတည်းကပါပဲ။ 'ကျွန်း' ရဲ့ Visiting Card ကဒ်ကိုလည်း ထမင်းသွားစားတဲ့နေ့ကတည်းက သေချာပေးထားခဲ့ပြီးပါပြီ။ 'အထွန်း' ရဲ့ ဟန်းဖုန်းနံပါတ်ကိုလည်း 'ဒေါ်ခိုင်မာ' က အလိုက်တသိနဲ့ ပြန်ဆားခဲ့လေသည်။

အကြောင်းပြစရာ ကိစ္စမရှိသေး၍သာ သူမဆက်ဖြစ်သေးပေမယ့် 'အထွန်း' နဲ့ ထပ်ဆုံတွေ့ပြီး စကားတွေပြောချင်နေမိတာ ကြာပါပကောလား။

သူ့ဘက်က 'အထွန်း' နဲ့ပတ်သက်ပြီး တမ်းတမ်း... သတိတရရှိနေပေမယ့် 'အထွန်း' ကတော့ သတိပင်...



www.burmeseclassic.com

www.burmeseclassic.com



တွေ ရွေးချယ်ပြောပေးသွားလိမ့်မယ်ဆိုတာကို ယုံကြည်နေမိပါ သည်။

'ဒေါ်မိမိကြီး' ကားပေါ်ကဆင်းတာနဲ့ 'ဒေါ်ခိုင်မာ' က အိမ်တံခါးကို ဖွင့်ကာ အသင့်ကြိုနေပါသည်။

"ကျွန်မက ချိန်းထားတဲ့ညှိသည်မှတ်လို့... မမဖြစ်နေ တာကိုး.... လာ... လာ... ကျွန်မတောင် ဖုန်းဆက်ပြီးခေါ်လိုက် မလို့"

အပြုံးတုကို မျက်နှာမှာတပ်ဆင်ကာ 'ဒေါ်မိမိကြီး' အိမ် ထဲဝင်ခဲ့လိုက်ရပါသည်။ အိမ်ဧည့်ခန်းရဲ့ မှန်စားပွဲလေးထောင့် လေးပေါ်မှာတင်ထားသော နက်ပြာရောင် ကတ္တီပါလေးထောင့် ဗူးဆီ အကြည့်ရောက်သွားတော့ လူက မျက်လုံးပြူးကျယ်သွား ခဲ့ရ၏။

စိန်ကြွေတွေများလှချည်လား။ များရတဲ့ကြားထဲ ဆိုက် ကြီး အလုံးသန့်တွေကြီးပဲမို့ တဖြိုးဖြိုးတဖျတ်ဖျတ်လက်ကာ အရောင်တွေက မျက်စိပင်ကျိန်းလှပါသည်။ လိုချင်တပ်မက် စိတ်ကလည်း ရင်ထဲကို အလုံးအရင်းနဲ့ ဝင်ရောက်လို့လာ တော့၏။

"သိမ်းထားတာလည်း ကြာနေပြီဆိုတော့ တစ်ခုခုလုပ်





ယ်ဆိုပြီး အပ်နေကျ ပန်းတိမ်ဆိုင်က ညီမတစ်ယောက်ကို မှမ်းခေါ်ထားတာ ဝမ်းဆက်တစ်စုံလုပ်လိုက်မယ်ကွယ်— အခိ ာက 'အထွန်း' အတွက်ပေါ့... ခေတ်မီမီလေးလည်းဖြစ်ချင် ယ် ဘာပုံစံလုပ်ရင် ကောင်းမလဲကွယ်... 'မမိ' အကြံပေးပါ ဦး"

"'မခိုင်မာ' ပဲ ရွေးချယ်ပြီးလုပ်ပါ... ကျွန်မက ဒီလောက် ကျွမ်းကျင်ဘူး.... ရှင်းရှင်းပြောရရင် ကိုယ့်မှာရှိတဲ့ ပစ္စည်းတွေ ာင်မှ ယောကျ်ားကဝယ်ပေးနေလို့... သူ ပုံစံမျိုးစုံဝယ်ပေး တာနဲ့ပဲ... ကိုယ့်စိတ်ကြိုက်ဘာဆိုတာတောင် မသိတော့ ဘူး"

လက်ထဲမှာ ဖါလာတဲ့ စားစရာသစ်သီးတွေကို 'ဒေါ်ခိုင် မာ' လက်ထဲသို့ ထည့်ပေးလိုက်ပါသည်။

'ဒေါ်ခိုင်မာ' က လှမ်းယူရင်း ...

"အိမ်ကိုလာတိုင်း တစ်ခုမဟုတ်တစ်ခု ဘာလို့ ဝယ်ဝယ် ာရတာလဲ... အားနာစရာကြီး... ထမင်းစားပြီးမှ ပြန်ရမယ် ... ပြီးရင် 'အထွန်း' ဆီ ခဏသွားမလို့... 'မမိ' ပါလိုက်ခဲ့ ယ်"

"ဘာသွားလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မရောက်တာကြာတာရယ်... 'မမိ' ကို တမင်အလည်ခေါ်သွားချင်တာရယ်... 'မမိ' အားရဲ့လား"

'အထွန်း' အကြောင်းပြောချင်နေတာနဲ့ အတော်ပဲဖြစ်သွားပါသည်။ ကိုယ့်ဘက်က စကားမစလိုက်ရဘဲ သူ့အလိုလို အကွက်ထဲဝင်လာတာ 'ဒေါ်မိမိကြီး' အတွက် ကံကောင်းလှပါသည်။ လေသံကို အတတ်နိုင်ဆုံး ပျော့ပျောင်းအောင်ထားရင်း ...

"ကျွန်မက အားပါတယ်... 'အထွန်း' ဆီသွားမယ်ဆိုတော့ ပိုပြီးတော့တောင်လိုက်ချင်သေးတယ်... ဒါပေမယ့် 'အထွန်း' ရှိပါ့မလားမသိဘူး"

'ဒေါ်နိုင်မာ' မျက်နှာ ဇဝေဇဝါဖြစ်သွားပါသည်။

"ဘာဖြစ်လို့လဲ 'မမိ' ရဲ့... ရှိမှာပါ... အပြင်သွားရင်လည်း ကျွန်မဆီ ဖုန်းဆက်နေကြပါ"

"'အထွန်း' ကို ဟိုင်းလပ်ကားတစ်စီးရဲ့ ရှေ့ခန်းမှာ တွေ့လိုက်တယ်... အခုလေးတင်ပဲ"

"ဟုတ်ပါ့မလား... သူ့မှာ ကားရှိနေတာပဲဟာ"

"သေချာပါတယ် ... 'အထွန်း' ကို ချစ်လွန်းလို့ အိမ်မက်ထဲအောင် ထည့်ထည့်မက်မိတဲ့ဟာ... ကျွန်မ မမှားနိုင်ပါဘူး"





"နေဦး... သူ့ဆီ ကျွန်မ ဖုန်းဆက်ကြည့်မယ်... ရှိ မရှိသိရတာပေါ့"

'အထွန်း' ပြန်မရောက်ပါစေနဲ့လို့သာ ကျိတ်ဆုတောင်းနေရပါသည်။ 'ဒေါ်နိုင်မာ' ကျောခိုင်းပြီးထသွားတာနဲ့ တပြိုင်နက် 'ဒေါ်မိမိကြီး' က ကတ္တီပါဖူးထဲမှ စိန်ကြွေအနည်းငယ်ကို ချက်ကနဲနေအောင် လျှင်လျှင်မြန်မြန်ပင် နှိုက်ယူထားလိုက်ပါသည်။

အသင့်ပါလာတဲ့ လက်ကိုင်ပုဝါထဲထည့်လိုက်ကာ ပြီးတာနဲ့ ထိုလက်ကိုင်ပုဝါကို ပိုက်ဆံအိတ်သေးဇစ်ထဲ ထည့်သိမ်းလိုက်သည်။ 'ဒေါ်မိမိကြီး' ရဲ့ လျင်မြန်ပိရိမှုကြောင့် 'ဒေါ်နိုင်မာ' ဘာကိုမှ မရိပ်မိလိုက်ချေ။

'ဒေါ်နိုင်မာ' ရဲ့ ရင်ထဲမှာ 'အထွန်း' အတွက် စိတ်ပူပင်နေမိသည်။ အမေမသိဘဲ 'အထွန်း' တစ်ယောက် သူ့စိတ်တိုင်းကျ ဘာတွေများလုပ်နေပါသလဲမသိ။

'မမိ' ကိုယ်တိုင် တွေ့လာတယ်ဆိုတာကြောင့်လည်း အားနာနေမိတာဖြစ်၏။ ကော့တလက်ဖုန်းကိုယူကာ 'မမိ' ထံပြန်ရောက်လာခဲ့ပါသည်။

"'မာလာ' လား 'အထွန်း' ဘယ်သွားသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"........"

"ဒီနားခဏဆိုတာက ဘယ်ကိုလဲ... ခါတိုင်း သူအပြင်ထွက်မယ်ဆိုအန်တီ့ကို ပြောနေကြပဲဟာ"

"........."

"ပြီးရော.... ပြီးရော... ပြန်လာတာနဲ့ ချက်ချင်းဖုန်းပြန်ဆက်ခိုင်းလိုက်... ဟန်းဖုန်းကတော့ ဘာလို့ထားခဲ့ရတာလဲ"

"........."

"ပြန်လာတာနဲ့ ချက်ချင်းဆက်ခိုင်းနော်... ကြားလား"

'အထွန်း' လုပ်ပုံမဟုတ်တာကြောင့် 'ဒေါ်ခိုင်မာ' မှာ 'ဒေါ်မိမိကြီး' ကို အားနာသွားရပါသည်။ ဖုန်းဆက်ကြည့်တော့ တကယ်မရှိပါ။

"လက်ကိုခိုက်မိလို့တဲ့ 'မမမိ' ရေ... ဆေးသွားစည်းတယ်လို့ပြောတာပဲ... ဘာဖြစ်တာလဲမသိဘူး... ကျွန်မတော့ ပြန်လာတာနဲ့ ချက်ချင်းဖုန်းဆက်လို့ ပြောထားတယ်... 'မမမိ' တွေ့တယ်ဆိုတာ ဟုတ်တာပေါ့"

"စိုးရိမ်ရသလားကွယ်... 'အထွန်း' အတွက် ပူလိုက်ရတာ"

"နည်းနည်းလေးယောင်သွားတာလို့ ပြောတာပဲ"





'ဒေါ်မိမိကြီး' စိတ်ထဲမှာတော့ 'ဒေါ်ခိုင်မာ' လိမ်နေတာပဲဟု ယူဆမိပါသည်။ ရောဂါတကယ်ခံစားနေရတယ်မှန်ရင် မျက်နှာက ပြုံးရွှင်နိုင်ပါ့မလား။

'အထွန်း' ကို မြင်တွေ့လိုက်တုန်းကဖြင့် ကြည်နူးပြီး ရယ်မောနေတာ ဘာရောဂါဝေဒနာမျိုးကိုမှ မခံစားရတဲ့အတိုင်းပါပဲ။

"ညနေကျမှပဲ လာသတင်းမေးဦးမယ်... 'မခိုင်မာ' ရယ်... သားကြားရင်လည်း စိတ်ပူနေမှာပဲ"

"ရပါတယ်"

"သားက 'အထွန်း' နဲ့ကျမှ ကဗျာတွေ ဘာတွေဆန်ချင်နေတာ ကျွန်မကို အသိမပေးဘဲ 'အထွန်း' ဆီ ဒီမနက် ပန်းစည်းတွေ ဘာတွေပို့နေသေးတာ... သူ ရှက်သွားမှာစိုးပြီး ကျွန်မမှာဖြင့် မသိဟန်ဆောင်ပေးနေရတယ် သိလား"

'ကျွန်း' က 'အထွန်း' အပေါ် စိတ်ဝင်တစားရှိလှတယ်ဆိုတာကို ကြားပြီး 'ဒေါ်ခိုင်မာ' ရဲ့ အပြုံးက ပီပီပြင်ပြင်ကြီးကို မြူးဖျနေရပါသည်။

"ပန်းတိမ်က ပါလာတဲ့ ပစ္စည်းတွေကိုရော မကြည့်ရသေးဘူးလား... အခုပဲလာတော့မှာ စောင့်ကြည့်သွားပါဦးလား



www.burmeseclassic.com

www.burmeseclassic.com



'မမိ' ရဲ့"

"နောက်မှပဲကြည့်ပါတော့မယ်… 'ကျွန်း' က နောက်ကားတစ်စီးဝယ်မလို့ဆိုပြီး ကားပွဲစားကို အိမ်မှာခေါ်ထားတယ်ပြောတယ်… ကျွန်မ ကြိုက်မကြိုက် ကြည့်ပေးပါအုံးဆိုလို့ ကြည့်ပေးရဦးမယ်လေ… အသီးအနှံလေးတွေ ပေးချင်လို့ကို ခဏကလေးဝင်လာလိုက်တာ"

'ဒေါ်နိုင်မာ' အထင်ကြီးမယ့် စကားတချို့ကို ရွေးပြောကာ နှုတ်ဆက်ပြီး အိမ်သို့ ခြေကျင်ပဲ လမ်းလျှောက်ကာ ပြန်လာခဲ့လိုက်ပါသည်။





## အခန်း ၁၀

"အဲဒါ… ညည်းကြောင့်ဖြစ်ရတာ 'အထွန်း' ရဲ့… စိတ်တွေလောပြီး ပူပင်နေရတာနဲ့ပဲ ငါ့စိန်ကြွေတွေ ဘယ်ရောက်လို့ ဘယ်ပျောက်ကုန်ရမှန်း မသိရတာ… 'မမိ' မလာခင်ကလေးတင် သေချာစစ်ပြီး ကြည့်နေသေးတာ"

မေမေ့မျက်နှာက နီရဲပျက်ယွင်းကာ ငိုတော့မယ့်အတိုင်း ဖြစ်နေပါသည်။ ယောက္ခမတွေဆီကနေ အမွေရထားတဲ့ပစ္စည်းဆိုတော့လည်း မေမေနှမြောတာ မဆန်းလှပါ။ ပျောက်သွားတဲ့ စိန်နှင့်ကြွေတန်ဘိုးကပင် သိန်းဆယ်ချီတန်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သေကော သေချာလို့လားမေမေရယ်... မေမေပဲ အမှတ်မှားတာလားမှ မသိတာ... တစ်နေ့တစ်နေ့ အဲဒီစိန်ထုပ်ကို ဖြည်ဖြည်ပြီး ပုံစံမျိုးစုံလုပ်မယ်ဆိုပြီး ဆော့ဆော့နေတာမဟုတ်လား... သေချာလည်း ပြန်စစ်ကြည့်ပါဦး"

"အို... ဘာကိုမှ စစ်နေစရာမလိုဘူး... ကိုယ့်ပစ္စည်းကိုယ်သိတယ်... ငါ့စိတ်ထဲက မသင်္ကာတဲ့လူရှိနေတယ်... လက်တွေ့လာတာကြာပြီဆိုတော့ ဖွင့်ပြောရမှာ အားနာနေလို့သာ သူပဲဖြစ်မှာပါ"

ပစ္စည်းပျောက်တာသေချာနေပြီး တရားခံကို ဖော်ထုတ်ခွင့်မရတာလောက် စိတ်ပျက်ဖို့ကောင်းတာ မရှိပါ။ ရဲစခန်းတိုင်ပါဆိုတော့လည်း လူသိရှင်ကြား ဖြစ်မှာစိုးတယ်ဆိုပြီး ရှက်တော်မူနေပြန်သတဲ့။

'အထွန်း' ကတော့ လက်ဝတ်ရတနာပစ္စည်းတွေနဲ့ ဝတ်သက်ရင် သိပ်ပြီးမက်မက်မောမောရှိလှတာ မဟုတ်တာကြောင့် မေမေ့ လောက်လည်း နှမြောစိတ်ဝင်မနေမိပါ။

ကိုယ့်ချွေးနဲ့စာနဲ့ ဝယ်ထားရတာမဟုတ်တဲ့အတွက် 'အထွန်း' စိတ်ထဲ အေးဆေးနေမိပါသည်။

"သိနေတယ်ဆိုရင်လည်း ပေါ်တင်ပဲ ဖွင့်မေးပစ်လိုက်ပေ





မေမေကလဲ"

"အားနာလို့ပေါ့ဟဲ့"

"အားနာနေရအောင် ဘယ်သူမို့လို့လဲ... 'ဒေါ်မိမိကြီး' ကိုပဲ ပြောတာမဟုတ်လား"

"ဟယ်... လူကြီးလူကောင်းတစ်ယောက်ကို ဒီလိုစွပ်စွဲစရာလား 'အထွန်း' ရယ်... 'မမိ' နဲ့ ဘာဆိုင်လို့လဲ... ကြားများကြားသွားရင်ဖြင့် အားနာစရာ"

"မေမေပဲပြောတော့ အဲ့ဒီအန်တီပဲ အိမ်ကိုအလည်လာတာဆို"

"သူလာတာနဲ့ ဘာဆိုင်သလဲ... ငါပြောနေတာက ပန်းတိမ်က 'မစော' ကိုပြောနေတာ... 'မစော' က ပွဲစားလည်းလုပ်တယ်ဆိုတော့ ခပ်လည်လည်ပဲမဟုတ်လား"

"မဖြစ်နိုင်တာ... 'အန်တီစော' ကဖြင့် ဖေဖေ့လက်ထက်ကတည်းက အိမ်ကို ဝင်ထွက်ပတ်သက်နေတဲ့သူပဲ... ဒါမျိုးလုပ်မယ် မထင်ပါဘူး"

"ပြောလို့ရမလား... လူ့စိတ်ဆိုတာ အမြဲကောင်းနေတာမှမဟုတ်တာ"

မေမေဘယ်လောက်ပဲ ထင်ကြေးနဲ့ပြောပြော 'အထွန်း'



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ စိတ်ထဲမှာတော့ 'အန်တီစော' ယူသွားတယ်လို့ ထင်ကိုမထင်မိပါ။ 'အန်တီစော' ရဲ့အခြေအနေကလည်း ပြည့်စုံကြွယ်ဝနေပါသည်။

ပွဲစားလုပ်တယ်ဆိုတာကလည်း သူပိုင်တဲ့ ပန်းတိမ်မှာ သူ့စိတ်ကြိုက်ဒီဇိုင်းထွင်ကာလုပ်ပြီး အပျင်းပြေ အသိမိတ်ဆွေတွေဆီမှာ လိုက်ရောင်းတဲ့သဘောပင်။

"ဒါတွေထားပါဦး... ညည်းက မနက်ကဘယ်သူနဲ့ အပြင်အတူတွဲထွက်သွားရတာလဲ... လက်ကကော ဘာကြောင့် အကြောရောင်ရတာလဲ... ရှင်းစမ်းပါအုံး"

"ခုံနဲ့ရိုက်မိသွားရတာ... မတော်တဆပါမေမေရယ်... ကားမမောင်းနိုင်တာနဲ့ ဂိတ်ကိုလာနေကျ အသိတစ်ယောက်ကိုပဲ အကူအညီတောင်းပြီး လိုက်ပို့ခိုင်းလိုက်တာပါ"

"ဘယ်သူလည်း အဲဒီ့အသိက"

"'မြေ' တဲ့... သူ့အဖေက 'အထွန်း' တို့ ကားကိုမောင်းတယ်"

"ဟွန်း... ဒရိုင်ဘာသားပေါ့.... ဒီလိုလူနဲ့ ဘာလို့မိတ်ဆွေဖြစ်နေရတာလဲ 'အထွန်း' ရယ်... မနက်က ညည်းကို 'မမဓိ' တို့ မြင်သွားတယ်သိလား"





"မြင်တော့လည်း ဘာဖြစ်လဲ... ကိုယ့်ကိုစွနဲ့ကိုယ်ပဲ ဟာ... 'ကျွန်း' ဆီကတောင် ဒီနေ့ပန်းစည်းတစ်စည်းရသေးတယ်... ဘာကြောင်တာလည်း မသိဘူး"

'ကျွန်း' ပို့ပေးတဲ့ ပန်းစည်းကို 'အထွန်း' ဘက်က ကျေနပ်သဘောကျတယ်ဆိုရင်ဖြင့် မေမေက ချက်ချင်းမြေပြးကာ 'ကျွန်း' တို့သားအမိဆီ သတင်းသွားပို့မှာ သေချာနေတာကြောင့် စိတ်မဝင်စားသလိုပြောလိုက်မိပါသည်။

"အဲဒါကြောင်တာမဟုတ်ဘူး... တန်ဘိုးထားလို့ မြတ်နိုးလို့ ပေးတာသိရဲ့လား... 'ကျွန်း' ဘက်က ဒီလောက်ထိ စိတ်ဝင်စားမှုရှိတာကိုပဲ ငါ့မှာဝမ်းသာလှပြီ... 'မမဓိ' ဘက်က စကားစမ်းလှမ်းတာနဲ့ မြန်မြန်ပဲလက်ထပ်ပေးစားလိုက်မယ်"

'အထွန်း' ခေါင်းကို ခါယမ်းပစ်လိုက်ပါသည်။

"'ကျွန်း' ရဲ့အခြေအနေကို စောင့်ကြည့်အကဲခတ်ပါရစေဦး မေမေရယ်... မိန်းကလေးသိက္ခာတော့ ရှိပါရစေ... ဒါမှ 'အထွန်း' ကို တန်ဘိုးထားမှာပေါ့"

"'ကျွန်း' က လူကြီးလူကောင်း သားသမီးပါ... သူ့ဆန္ဒပေါ်ပဲ သူ့အမေကို တောင်းရမ်းခိုင်းမယ် မထင်ပါဘူး"

'အထွန်း' ရင်ထဲ 'ကျွန်း' နဲ့ပတ်သက်ပြီး ဘာခံစားချက်မှ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသေးတာ သေချာတာကြောင့် လက်ထပ်ဖို့ဆိုတဲ့ ကိစ္စက တကယ့်ကို အဝေးကြီးဖြစ်နေခဲ့ပါသည်။

"မေမေ 'အထွန်း' ကိစ္စကို ပြောနေလို့ ဘာမှထူးလာမှာ မဟုတ်ဘူး... ပျောက်သွားတဲ့ စိန်ကိစ္စကိုပဲ သေချာပြန်စဉ်းစား ကြည့်... တန်ဘိုးက နည်းတာမဟုတ်ဘူး"

'အထွန်း' စကားလွှဲလိုက်တော့ မေမေတွေဝေသွားပြန် သည်။ မေမေ့ရှေ့ကနေ ရှောင်ရှားကာ အိမ်ပေါ်တက်ဖို့အပြင် ဖုန်းမြည်လာတာကြောင့် 'အထွန်း' ပဲ ကိုင်လိုက်ရပါသည်။

'ဟယ်လို' လို့ပြောလိုက်ပေမယ့် တစ်ဖက်က ဘာစကား မှ ပြန်ပြောမလာပါ။ ကားတွေဝူးကနဲနေအောင် ဖြတ်သန်းသွား နေတာကိုတော့ ဆူညံစွာ ကြားနေရလေသည်။

"ဟယ်လို... ပြောပါရှင်"

'အထွန်း' ရဲ့ လေသံက စိတ်မရှည်တဲ့ အသံမျိုးထပ်ထွက် လာတော့မှ မဝံ့မရဲနဲ့ စကားစလာပါသည်။

" ကျွန်တော်ပါ 'အထွန်း' "

သူ့လေသံကို 'အထွန်း' ကြားတာနဲ့ မှတ်မိသွားရပါ သည်။ 'မြေ' ဘာဖြစ်လို့ 'အထွန်း' ဆီ ဖုန်းဆက်လာရတာလဲ

" 'မြေ' မဟုတ်လား... ဘာပြောမလို့လဲဟင်"





"ကျွန်တော် 'အထွန်း' ရဲ့လက်ကဒဏ်ရာ သက်သာ သက်သာသိချင်လို့ပါ"

"ဒဏ်ရာက သက်သာပါတယ်... သိပ်တောင်မနာတော့ သလိုပဲ... ဒါနဲ့ 'အထွန်း' ရဲ့ဖုန်းနံပါတ်ကို 'မြေ' ဘယ်ကရ သလဲ"

"ကျွန်တော် 'မမာလာ' ရဲ့အိမ်ကိုသွားပြီး မေးလိုက်တာ"

"ဟင် 'မာလာ' အိမ်ကိုသွားတယ်"

"ဟုတ်ကဲ့"

'အထွန်း' ရင်ထဲ မကျေနပ်ချင်သလိုလို ဖြစ်သွားခဲ့ရပါ သည်။ 'အထွန်း' ကို အကြောင်းပြပြီး သူ 'မာလာ' ဆီ သွားတာ ပဲ နေမှာပေါ့... 'မာလာ' နဲ့ သူနဲ့က ဘာလဲ။

" 'မြေ' က 'အထွန်း' နဲ့ ပတ်သက်ပြီး 'မာလာ' နဲ့အဆင် ပြေနေတယ်ပေါ့လေ"

" 'အထွန်း' ဘာကို ပြောတာလည်း မသိဘူး"

"ဟင့်အင်း... ဘာမှ မဟုတ်တော့ဘူး"

"ကျွန်တော့်ကြောင့် 'အထွန်း' ဒဏ်ရာရသွားလို့ ကျွန် တော် စိတ်မကောင်းဖြစ်ပြီး ဖုန်းဆက်သတင်းမေးကြည့်တာပါ 'အထွန်း' ထင်သလို မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သြော်… 'အထွန်း' ကရော ဘာပြောနေလို့လဲ"

"ဟုတ်ပါပြီ… ဒါဆိုရင် ကျွန်တော်ဖုန်းချလိုက်တော့မယ်နော်"

"ဟုတ်ကဲ့ရှင့်"

'မြေ' နဲ့ ပတ်သက်ပြီး 'အထွန်း' ရဲ့အတွေးထဲ စဉ်းစားစရာတွေပြည့်သိပ်ကြပ်လို့ ကျွန်နေရစ်ခဲ့ရပါသည်။





## အခန်း ၁၁

ဂိတ်ရှေ့မှာ ထိုးရပ်လာတဲ့ကားကို မြင်ကတည်းက 'ကျွန်း' ရဲ့ကားဆိုတာကို 'အထွန်း' သိလိုက်ပါသည်။

"ဟဲ့… 'မာလာ' ခုကားပေါ်က ဆင်းလာမယ့်သူက 'ကျွန်း' ဆိုတာပဲ… ငါ့ဆီလာတာပဲဖြစ်လိမ့်မယ်… နင်တွေ့ချင်တယ်ဆို အတော်ပဲပေါ့… သေချာအကဲခတ်ကြည့်လိုက်"

'မာလာ' တစ်ယောက် အကဲခတ်ကြည့်နေစဉ်မှာပဲ ကားပေါ်ကနေ 'ကျွန်း' တစ်ယောက် စတီးငါးဆင့်ချိုင့်ကြီးကိုကာဆွဲလာတာကို တွေ့လိုက်ရပါသည်။ ပုံစံကို မြင်တာနဲ့တင်



www.burmeseclassic.com

www.burmeseclassic.com



မေမေခိုင်းလိုက်ပြီဆိုတာ သေချာနေရပြီဖြစ်၏။

ကိုယ့်အတွက် တကူးတက ထမင်းဂျိုင့်လာပို့ပေးတဲ့သူကို 'အထွန်း' ဘက်က အလိုက်တသိနဲ့ ကြိုဆိုလိုက်ရပါသည်။

" 'ကျွန်း' ကို မေမေခိုင်းလိုက်ပြီနဲ့တူတယ်... မေမေတစ်ယောက်နဲ့တော့ခက်ပါတယ်... အားနာရမှန်းလည်း မသိဘူး... 'ဦးထွေး' ပို့ခိုင်းရင် ရသားနဲ့ဟာ"

'ကျွန်း' ရဲ့မျက်နှာက လှိုက်လှဲစွာ ပြုံးနေခဲ့ပါသည်။

"ကိုယ် ကိုယ်တိုင်ကိုက လိုလိုချင်ချင်နဲ့ ပို့ပေးပါရစေလို့ ပြောလို့ အန်တီက ပို့ခိုင်းတာပါ... 'အထွန်း' ဆီကိုလည်း တမင်ရောက်အောင် လာလည်ချင်တာလည်း ပါတယ်လေ"

"လာ... ထိုင်... ဒါက 'အထွန်း' ရဲ့သူငယ်ချင်း 'မာလာ' တဲ့ 'မာလာ' ကတော့ 'ကျွန်း' ကို မမြင်ဘူးသေးပေမယ့် 'အထွန်း' ပြောပြထားလို့ သိနေနှင့်ပြီးပါပြီ"

'ကျွန်း' ရဲ့ နှစ်နှစ်လိုလိုရှိလှသော အပြုံးကိုကြည့်ပြီး 'မာလာ' စိတ်ထဲ ပိုရန်ကောဟု တွေးနေမိပါသည်။ 'ကျွန်း' ဆိုတဲ့လူရဲ့ မျက်နှာက လိုတာထက်ပိုပြီး ဖော်ရွေလိုက်လှဲပြီး ပြုံးချိုနေတာဟာ တစ်ခုခုကို ဖုံးကွယ်ထားသလိုလိုမျိုး ဖြစ်နေပါသည်။

သန့်ပြန့်ချောမောသော ရုပ်ရည်ကိုပိုင်ဆိုင်ပေမယ့် စိတ်





ထားကတော့ ရုပ်ဆင်းအင်္ဂါနဲ့ ဆန့်ကျင်ဘက်ဖြစ်နေလိမ့်မည်ဟု 'မာလာ' က ကိုယ့်စိတ်ကူးနဲ့ကိုယ် ယူဆနေမိ၏။

တကယ်ဟုတ်သည် မဟုတ်သည်ဆိုတာကတော့ 'မာလာ' လည်း တန်ခိုးရှင်မဟုတ်တဲ့အတွက် သေချာမပြောနိုင်ပါ။

ရှင်းရှင်းပြောရလျှင် 'ကျွန်း' ဆိုတဲ့လူကို 'မာလာ' ခင်မင်စိတ်မဖြစ်ပေါ်မိပါ။ 'မြဇာ' ကိုကျတော့ မျက်နှာထားကို မြင်ယုံနဲ့ စိတ်ချလက်ချကို ယုံကြည်ခင်မင်မိသွားရပါသည်။ ဘယ်သူ့အပေါ်မှာမှ ဘက်လိုက်မှုမရှိဘူးဆိုတာကို 'မာလာ' ကျိန်ဝံ့ပါသည်။

'မာလာ' ရဲ့စိတ်က ဘယ်သူနဲ့ဖြစ်ဖြစ် ရီးသားတယ်ဆိုတာ သေချာနေလေသည်။

" 'အထွန်း' ရဲ့အလုပ်က တော်တော်တာဝန်ကြီးတာပဲနော်... ကားသမားများ တစ်ခုခုလုပ်ရင် ကိုယ်က အချောင်စိုက်လျော်ရမှာ ဆက်ဆံပတ်သက်ရတဲ့ အများစုကလည်းယောကျ်ားသားတွေကြီးပဲဆိုတော့ အနေအထိုင်ကအစ သေချာဂရုစိုက်ရမယ်"

'ကျွန်း' ဆိုလိုတဲ့သဘောကို 'အထွန်း' နားမလည်ချေ။ ငွေကြေးရှာရဖို့အတွက် အလုပ်လုပ်နေရတာလို့ 'အထွန်း' က သတ်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထားတာကြောင့် ယောကျ်ားမိန်းမဆိုပြီး ခွဲခြားမနေဖြစ်တော့ပါ။

ကိုယ်နဲ့ပတ်သက်ပြီး လုပ်နေရတဲ့သူတိုင်းကို မိသားစုလိုပဲ သဘောထားကာ ဆက်ဆံဖြစ်ပါသည်။

ကိုယ့်အပေါ်ကို သိပ်ပြီး ကလိန်ကျဖို့ကျလာတဲ့သူဆိုရင်တော့ 'အထွန်း' တို့ဘက်ကလည်း ညှာတာမနေဖြစ်တော့ပါ။ ဥပဒေအတိုင်း တိုင်စရာရှိတာ တိုင်ပစ်လိုက်တာပင်။

လုပ်လာတဲ့ သက်တမ်းတလျှောက်မှာ ကြီးကြီးမားမား ပြဿနာမပေါ်ပေါက်တာကတော့ 'အထွန်း' တို့ရဲ့ ကံဇာတာကောင်းနေလို့ပဲ ဖြစ်ပါလိမ့်မည်။

"ဘဝပေး ကုသိုလ်ကံက ပင်ပန်းဖို့ပါလာတော့ ဘယ်ငြင်းလို့ရပါ့မလဲ 'ကျွန်း' ရဲ့... ထမင်းမငတ်အောင်တော့ အပင်ပန်းခံပြီး လုပ်နေရမှာပဲပေါ့"

" 'အထွန်း' တို့က ချမ်းသာပြီးသားပဲဗျာ... ဒီအလုပ်မလုပ်လည်း ဘာဖြစ်မှာမှတ်လို့"

"ချမ်းသာတယ်ဆိုတာက အဘိုးအဘွားတွေ အမွေပေးသွားခဲ့လို့လေ 'ကျွန်း' ရဲ့... ကိုယ်ပိုင်အစွမ်းအစဆိုတာတော့ ရှိရဦးမှာပေါ့... ဒီလုပ်ငန်းကို 'အထွန်း' တစ်ယောက်တည်း





ဦးစီးပြီးလုပ်တယ်... အောင်လည်းအောင်မြင်နေတယ်... ဒီကတွေ့ဝင်ငွေက 'အထွန်း' ရှာတဲ့ပိုက်ဆံပေါ့... အမွေတွေမရှိရင်တောင် ကိုယ့်အစွမ်းအစနဲ့ ကိုယ် ပိုက်ဆံရှာတတ်တာပေါ့လေ"

" 'အထွန်း' က တကယ်တော်တယ်ဗျာ... 'အထွန်း' လို မိန်းမမျိုးကတော့ ရှားတယ်... စံပြုထားသင့်တယ်"

"မြှောက်မနေပါနဲ့ရှင်... 'ကျွန်း' ကြိုက်တဲ့ဆိုင်မှာ လိုက်ယ်ကျွေးပါ့မယ်"

"တကယ်ပြောတာပါဗျာ... မြှောက်ပြောတာမဟုတ်ပါဘူး... တော်လို့တော်တယ်လို့ ချီးမွမ်းတာ"

"ထားပါ... ထားပါ"

" 'အထွန်း' နဲ့ စကားအေးအေးဆေးဆေး ပြောချင်သေးတယ်... ကိုယ်သေချာချိန်းလိုက်မယ်...ဖြစ်ရဲ့လား 'အထွန်း'"

ရီဝေစွာကြည့်လိုက်သော 'ကျွန်း' ရဲ့အကြည့်ကို 'အထွန်း' င်ဆိုင်က ပြန်ကြည့်မနေတော့ဘဲ မျက်လုံးကိုလွှဲကာ ခေါင်းပဲညိတ်ပြလိုက်မိပါသည်။ 'ကျွန်း' နဲ့ပတ်သက်ပြီး 'အထွန်း' င်ထဲ လိုက်လှုပ်ခြင်းရှိမနေတာ အံ့ဩဖို့တော့ကောင်းနေရသည်။

'ကျွန်း' ပြန်သွားပြီတဲ့အခါကျတော့ 'မာလာ' နဲ့ စကားဆက်ပြောဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"'ကျွန်း' ကိုကြည့်ပြီး နင်ဘာဝေဖန်အုံးမလဲ ပြောပါဦး"

'မာလာ' က ခေါင်းကိုညိတ်ကာ ...

"ဒီလူက နင့်ကိုအသလွတ်ကြီး ဖားနေသလိုမျိုးကြီး 'အထွန်း' ရဲ့ ... ယောကျ်ားဖြစ်ပြီး မိန်းမတစ်ယောက်ကို မြှော ပင့်ပြောနေတာ သဘာဝသိပ်မကျလှဘူး... ငါ့စိတ်ထဲမှာတော့ မရိုးသားဘူးလို့ ထင်တာပဲ"

"ဘာအတွက်သူက မရိုးသားရတာလဲ"

"မသိဘူးလေ... သိနေမှတော့ ငါကဖွင့်မေးပစ်လိုက် ပေါ့"

'မာလာ' ရဲ့ဝေဖန်ချက်က ဒီတစ်ခါတော့ မှားယွင်းသွား နဲ့တူပါသည်။ 'ကျွန်း' ရဲ့မရိုးသားမှုဆိုတာ 'အထွန်း' အပေါ် ထားတဲ့ သူ့ရဲ့စိတ်ဓါတ်ပဲဖြစ်စရာရှိသည်။ ကျန်တဲ့အရေး ပိုင်းတွေက ဘာများမရိုးသားစရာရှိနေလို့လဲ။

'ကျွန်း' နဲ့ပတ်သက်တဲ့ ကိစ္စတိုင်းကို သူ့အမေ ယောက်လုံးက တာဝန်ယူပေးနေမှတော့ သတင်းဆိုးဆို ဖြစ်ပေါ်လာနိုင်ဖွယ်ရာ မရှိပါ။

" 'မြေဇာ' လည်း ပေါ်မလာတာကြာပြီနော်... ဘာ လုပ်နေလည်း မသိဘူး... သူ့ဆိုင်ကို တစ်နေ့လောက်သွား





င်ကောင်းမလားမသိဘူး"

'မာလာ' စကားကို 'အထွန်း' သဘောတူစွာ ခေါင်းညိတ် လိုက်မိပါသည်။ 'မြေ' နဲ့ မတွေ့ဖြစ်တာ အတော်ကလေး ောင် ကြာသွားခဲ့ပြီပဲ။ သူ့ကြောင့် 'အထွန်း' လက်နာသွားပြီး တည်းက မပေါ်လာတော့တာ ယနေ့ထိပါပဲ။

"ငါ့ကို အားနာပြီး မလာတော့တာနဲ့တူတယ်... ဒါပေ ဲ့ နင့်အိမ်ကိုတော့ သူရောက်ကိုရောက်ရမှာပေါ့"

'မာလာ' အား သွေးတိုးစမ်းသလို မေးလိုက်မိခြင်းဖြစ်

"ဘာဆိုင်လို့လဲ... 'မြေဇာ' က ငါ့ဆီကို ဘယ်နှစ်ခါများ ဖူးလို့လဲ... နင့်ဖုန်းနံပါတ်လိုချင်လို့သာ မရမက စုံစမ်းပြီး က်ချလာတာ... ပတ်သက်ချင်း ပတ်သက်ရင် နင့်ကိုပဲ သူ ခဲ့ပြီးပတ်သက်မှာ"

"ဘာဆိုင်လို့လဲ... နင်နဲ့က ပိုခင်ပြီး ပိုသိတာပဲ"

"ငါနဲ့က ပိုခင်တာပဲရှိတာ... နင့်ကိုကျတော့ သံယောဇဉ် တိုးသွားရော... လက်ဆစ်ကလေးယောင်တာများ မျက်စိ ျက်နှာပျက်နဲ့ အကဲပိုနေလိုက်တာ မပြောချင်ဘူး"

'အထွန်း' ပြုံးရုံသာ ပြုံးနေလိုက်ပါသည်။ 'မာလာ'



www.burmeseclassic.com

www.burmeseclassic.com



သလိုမျိုး သံယောဇဉ်တိုးဖို့နေနေသာသာ လူချင်းတွေ့ဖို့တော
ဆုံဖြစ်ကြသေးတာမှ မဟုတ်ဘဲ။ ဟိုတစ်ခါ ဖုန်းဆက်ပြီး
တည်းက သူနဲ့ အဆက်အသွယ်ပြတ်သွားခဲ့ပါသည်။

ယောကျ်ားတစ်ယောက်ဖြစ်တဲ့သူကတောင် သတိမရ
နေနိုင်နေသေးတာ 'အထွန်း' တို့ဘက်က ခပြီးပတ်သက်ဖို့
ကျတော့ အောက်မနေ့ပေဘူးလား။

"မသွားတော့ပါဘူး 'မာလာ' ရယ်… ကိုယ်နဲ့ဘာဆို
တာမှတ်လို့… တော်ကြာ သူ့စိတ်ထဲ တစ်မျိုးထင်နေပါအုံးမယ်

"ဘာဆိုင်လို့ထင်ရမှာလဲ… ခင်မင်လို့ သွားလည်တာ
ဟာ… အဘိုးကိုလည်း တွေ့ချင်သေးတယ်"

"ငါတော့မလိုက်တော့ပါဘူး… နင့်ဖာသာပဲ သွားလို
ပါတော့"

'အထွန်း' ဘက်က တကယ်မလိုက်ဘူးဆိုတာ သေ
သွားသဖြင့် 'မာလာ' က ဘာမှ ဆက်မပြောတော့ပါ။





## အခန်း ၁၂

"ငါ့မြေးကို ကြည့်ရတာ အရင်ကလို မဟုတ်တော့
ပါလား… တစ်ခုခုကို စဉ်းစားနေသလိုလို ဘာလိုလိုနဲ့ ငိုင်ငိုင်နေ
တယ်… ဘာဖြစ်နေတာလဲ"

ပုံမှန်မဟုတ်တော့သော သူ့ရဲ့အခြေအနေကို အဘိုးက
ငိုပ်မိစွာမေးမြန်းလာပါသည်။ သူ့ရင်ထဲမှာ ဘာရှိနေတယ်ဆို
တာကို အဘိုးသိအောင် သူဘယ်ပြောပြလို့ဖြစ်မှာတဲ့လဲ။
အဘိုးလည်း ကူညီပေးနိုင်မည်မထင်ပါ။ ခေါင်းကိုခါ ခါပြရင်း

"ဘာမှ မဖြစ်ပါဘူးအဘိုးရ… ပုံမှန်ပါပဲ… ကျွန်တော်ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ်လို့ အဘိုးက ထင်လို့လဲ"

"မထင်တတ်ပါဘူးကွာ... လူလေးပြောပြမှ သိရမှာပေါ့"

"တကယ်ပါ... ကျွန်တော်ဘာမှ မဖြစ်ပါဘူး... အလုပ်ပင်ပန်းလို့ ငိုင်ငိုင်သွားရတာပါ"

"လူလေးကခံစားချက်ကို သိပ်မြိုသိပ်တတ်လွန်းတာကိုးကွ မဖြစ်လာသေးတဲ့ အရာကို ကြိုတွေးပြီး စိုးရိမ်နေရင်လူလေးပဲ မောနေမှာပေါ့... ဘာကိုမှ မတွေးနဲ့... ဖြစ်ချင်တာကို ရဲရဲဝံ့ဝံ့နဲ့ ရင်ဆိုင်ကြည့်လိုက်... ကိုယ့်စိတ်ကူးထားတဲ့အတိုင်း ဖြစ်လာတော့လည်းအမြတ်... မဖြစ်တော့လည်း အရင်းပဲပေါ့ကွာ"

မြေးရဲ့ဟန်ဆောင်ဖုံးကွယ်မှုကို အဘိုးရိပ်မိပုံရပါသည်။ အလုပ်ပင်ပန်းလို့ဆိုတဲ့ စကားမျိုး သူ့နှုတ်က တစ်ခါဘူးမျှ ပြောခဲ့ဘူးတာမှ မဟုတ်ဘဲ။ သူ့ရဲ့အကြောင်းပြချက်က မှားယွင်းနေတာကြောင့် အဘိုးရိပ်မိသွားတာပဲ ဖြစ်ရပါမည်။

"ကလေးမလေးရဲ့ လက်ကော သက်သာသွားပြီလား"

မယင်မှတ်သော မေးခွန်းကြောင့် သူအံ့ဩသွားခဲ့ရသည်။

"ဘယ်သူ့ကိုပြောနေတာလဲ"

"'အထွန်း' ဆိုတဲ့ ကလေးမလေး... လူလေးနဲ့ပတ်သက်





ဘာဆိုလို့ သူပဲရှိတာဥစ္စာ... လူလေးပါးစပ်က သူ့အကြောင်းပြောတာကြာလို့ မေးကြည့်လိုက်တာ"

"မပြောဆို 'အထွန်း' နဲ့ ကျွန်တော်နဲ့က ဘာဆိုင်လို့လဲ အဘိုးရ... သိပ်တောင် ခင်ကြတာ မဟုတ်ဘူး"

"ဒါဆိုရင် အလှူလုပ်တဲ့နေ့ကြရင် လူလေးသူတို့ကို မဖိတ်တော့ဘူးပေါ့.... ဟုတ်လား"

"အဘိုးက ဖိတ်စေချင်လို့လား"

"ခင်မင်ခဲ့ကြတဲ့ သူတွေပဲကွယ်... ဖိတ်ရမှာပေါ့... လူလေး ဖိတ်ပြီးပြီတောင် အဘိုးက ထင်နေတာ"

ဘိလိယက်ခုံသုံးလုံးဝယ်ကာ နာရီနဲ့ငှားစားတဲ့ လုပ်ငန်းအစ်ခုထပ်တိုးချဲ့ပြီးလုပ်ဖို့ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကိုယ့်ရပ်ကွက်ထဲက လူတွေကိုပဲ အလှူသဘောအနေနဲ့ အဘိုးက ခုနှင့်ဟင်းခါးကျွေးဖို့ စီစဉ်ပါသည်။

မနက်စောစောမှာ ဘုန်းကြီးငါးပါးပင့်ကာ ဆွမ်းကပ်ပါဦးမည်။

အခု လက်ဘက်ရည်ဆိုင်ဖွင့်ထားတဲ့ 'မြေ' တို့အိမ်ရဲ့ ခေါင်းရင်းဘက်ခြမ်းအိမ်ကို ပြန်ဝယ်ကာ ဂိုဒေါင်သဘောမျိုး ပြုပြင်ပြီး ဘိလိယက်ထိုးတဲ့ ကစားကွင်း ဖန်တီးလိုက်ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



'မြေ' တို့လုပ် တဲ့ အလှူက ကြီးကြီးမားမားနဲ့ ဂုဏ်ရှိရှိမဟုတ်တာကြောင့် 'အထွန်း' ကို ဖိတ်ဖို့ မဝံ့မရဲ ဖြစ်နေမိပါသည်။

သူ့ဘက်က ဖိတ်ပြီး 'အထွန်း' ဘက်က ရောက်မလာခဲ့ရင်ဖြင့် သူပဲစိတ်မကောင်းဖြစ်ကာ ခံစားရပါမည်။ ပြီးတော့ 'အထွန်း' နဲ့ ထပ်ပတ်သက်ရရင် သူ့မှာ ရောဂါပိုတိုးလာရဦးမည်ဖြစ်သည်။

'အထွန်း' နဲ့ သိပ်ပြီး မပတ်သက်ခဲ့ရပေမယ့် ပတ်သက်မိခဲ့တဲ့အချိန်တိုင်းမှာ သူရင်ခုန်နှုန်းကို သူ မထိန်းချုပ်နိုင်ပါ။

သူ့ရဲ့ မှားယွင်းစွာစွဲလန်းမိသော ရင်ခုန်ခံစားချက်ကို ဘေးလူတွေ သိမှာလည်း စိုးရိမ်မိပါသေးသည်။ တာယက်ရှင်ဖြစ်တဲ့ 'အထွန်း' ကိုလည်း မသိစေချင်ပါ။

သူ့လို မပြည့်စုံ မကြွယ်ဝတဲ့လူတစ်ယောက်ရဲ့ သံယောဇဉ်ထားမှုကြောင့် 'အထွန်း' သိက္ခာမကျစေချင်ပါဘူး။

'အထွန်း' ရဲ့ဘဝက သူ့ဘဝနဲ့စာရင် မြင့်မားလွန်းနေပါသည်။ အဖေရဲ့ အရှက်မဲ့သော ဂုဏ်သိက္ခာ ကျတဲ့လုပ်ရပ်ဖြင့် သူနဲ့စပြီး ဆုံတွေ့ပတ်သက်ခဲ့ရတာဆိုတော့ 'အထွန်း' ကို သူ ရှိန်လည်းရှိန်သည်။

ရှက်စိတ်နဲ့အတူ အားလည်းငယ်နေမိပါသည်။ ရဲရဲဝံ့ဝံ့





ခင်မင်ဖို့ကို သူအတော်အားယူနေရတဲ့အဖြစ်ပါ။

"အလှူက မနက်ဖြန်နော်… ရက်တောင်ကပ်နေပြီပဲ… ဖိတ်ရင်လည်း မြန်မြန်ပဲသွားဖိတ်လိုက်ပါကွယ်… အဘိုးကိုယ်တိုင်က သေချာလာခဲ့ဖို့ မှာတယ်လို့ပြော ကြားလား"

"ဟုတ်ကဲ့ပါ"

အတင်းနှင်လွှတ်နေသော အဘိုးရဲ့စကားသံတွေကြောင့် 'မြေ' အိမ်ကနေ ထွက်ခဲ့ရပါတော့သည်။ 'အထွန်း' နဲ့တွေ့ရတော့မယ်ဆိုတဲ့အသိက ရင်မှာလှိုင်းထန်နေ၏။ 'အထွန်း' ရဲ့စိတ်ထဲ အကြောင်းမရှိအကြောင်းရှာ လာပတ်သက်နေတယ်လို့ယူဆလိုက်မှာပဲ စိုးရိမ်နေမိပါသည်။

တကယ်လည်း 'အထွန်း' ဆီရောက်အခါမှာ ဧည့်ဝတ်ကျေပွန်စွာ လှိုက်လှိုက်လှဲလှဲ ဧည့်ခံတဲ့သူက 'မာလာ' ပဲဖြစ်နေပါသည်။ 'အထွန်း' ကတော့ ခပ်အေးအေးပုံစံကလေးနဲ့ 'မြေ' ပြောသမျှစကားတွေကို နားထောင်ကာ အကဲခတ်နေလေသည်။

"'မာလာ' ကတော့ လာဖြစ်မှာသေချာပါတယ် 'အထွန်း' ကိုပဲမေး… သူ့ကိုတော့ လာဖို့ဆိုတာ အာမမခံနိုင်ဘူး… တာယက်ရှင်ကိုပဲ တိုက်ရိုက်မေးသွား"



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်စာကလေးကို 'အထွန်း' ရှေ့တိုးပေးကာ မျက်လုံးနဲ့ပဲ တောင်းပန်သလို မေးကြည့်လိုက်မိပါသည်။ 'အထွန်း' က မေးကိုဆတ်ကာ ...

"လာခဲ့မယ်လေ... ဘယ်အချိန်ဖြစ်ဖြစ် ရတယ်မဟုတ်လား"

"ရပါတယ်... 'အထွန်း' အားတဲ့အချိန်ရောက်လာရင်ပြီးတာပါပဲ... အဓိကက ရောက်လာဖို့ပါ"

"'မြေ' က တကယ်လာစေချင်လို့လား"

'အထွန်း' ရဲ့ စူးရှသော မျက်လုံးအကြည့်တွေကို သူပြိုင်ပြီးမကြည့်ရဲပါ။ ခေါင်းကို ငုံ့ပြီး ခပ်တိုးတိုးပဲ ပြောမိပါသည်။

"လာစေချင်ပါတယ်ဗျာ... 'အထွန်း' လိုလူကို ကျွန်တော်တို့ရဲ့ အလှူစုတ်စုတ်ကို ဖိတ်ရတာ အားတော့နာပါတယ်... ဒါပေမယ့်"

သူဆက်ပြောလို့ မရတော့ချေ။ 'အထွန်း' ရဲ့ရှေ့မှာ သူ့ဘဝအခြေအနေကို ပြန်စဉ်းစားမိပြီး စိတ်မကောင်းဖြစ်သွားရလို့ပါ။ 'အထွန်း' ကတော့ သူ့ရင်ထဲမှာ ခံစားရတာကို မသိဘဲ သူ ဆက်ပြောမယ့်စကားကို နားထောင်ချင်နေပုံရ၏။

"ဆက်ပြောလေ 'မြေ' ရဲ့... ဒါပေမယ့် ဘာဖြစ်လဲ"





'မာလာ' က နှုတ်တွန့်နေသော 'မြေ' ရဲ့အဖြစ်ကို စာနာစွာဖြင့် ရှောင်ပေးသလို အနောက်ဘက်အခန်းထဲသို့ ထထွက်သွားခဲ့ပါသည်။

"ဒါပေမယ့်... 'အထွန်း' ကို အရမ်းလာစေချင်ပါတယ်... 'အထွန်း' ရောက်လာခဲ့ရင် ကျွန်တော်အရမ်းဝမ်းသာရမှာပါ"

ကြည်နူးသလိုပြုံးသွားသော 'အထွန်း' ရဲ့မျက်နှာက သူ့ကို အားအင်တွေ ဖြစ်သွားစေပါသည်။

"'အထွန်း' လာခဲ့ပါ့မယ် 'မြေ' ရယ်... ဘယ်လောက်အရေးကြီးတဲ့ကိစ္စပဲရှိပစေ 'မြေ' လာစေချင်တဲ့အလှူကို 'အထွန်း' ရောက်အောင်လာခဲ့မယ်"

"ကျွန်တော်စောင့်နေပါ့မယ်"

"'အထွန်း' ဘာဝယ်ခဲ့ရဦးမလဲ"

"မဝယ်ခဲ့ပါနဲ့... 'အထွန်း' ရောက်လာရင်ပဲ အားလုံးပြည့်စုံပါပြီ"

ကမူးရှူးထိုးလှည့်ထွက်ကာ သူပြန်ခဲ့လိုက်ပါသည်။ ကားမောင်းမထွက်ခင် 'အထွန်း' ကို ခိုးကြည့်မိတော့ 'အထွန်း' ရဲ့မျက်နှာက ရက်ပြုံးကလေးသမ်းနေတာကို လှပစွာတွေ့လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၃

အဆင်တန်ဆာ မခမ်းနားလှသော 'မြေ့'ရဲ့ကွန်ပျူတာရိုက်ထားသည့် စက္ကူပြါးပါးစာရွက် ဖိတ်စာကလေးကို တမြတ်တနိုးကိုင်ကာ 'အထွန်း' ကြည့်နေစဉ် အခန်းထဲသို့ မေမေရောက်လာခဲ့ပါသည်။

မေမေ့ကိုမြင်တော့ စာရွက်ကို စာအိတ်ထဲပြန်ထည့်ပြီး ဘေးစားပွဲပေါ်သို့ အရေးမကြီးသလို အိုင်တင်ဖမ်းကာ ပစ်တင်လိုက်ပါသည်။

'မြေ' နဲ့ပတ်သက်တဲ့ ကိစ္စမှန်သမျှတွေကို မေမေအား





အသိပေးလို့မဖြစ်ချေ။ အဆင့်အတန်းခွဲခြားတတ်သော ဂုဏ်ပကာသနကို မက်မောတတ်သော မေမေ့လိုလူက 'မြေ' နဲ့ ခင်မင်ပတ်သက်နေတာကို ဘယ်နည်းနဲ့မှ ကြည်ဖြူနိုင်မယ် မထင်ပေ။

'အထွန်း' ရဲ့ ရင်ထဲမှာ မထင်မှတ်ဘဲ 'မြေ' နဲ့ပတ်သက်ပြီး ရင်ခုန်စိတ်လှုပ်ရှားရတဲ့အဖြစ်မျိုးကို မေမေများသိသွားခဲ့ရင် မိုးမီးလောင်သွားနိုင်ပါသည်။ 'အထွန်း' ကတော့ 'ကျွန်း' ဆိုတဲ့သူထက် 'မြေ့' အပေါ်ကိုသာ သံယောဇဉ်တွေပိုနေမိပါပြီ။

'မြေ့' ရဲ့ရိုးသားမှု အားငယ်ရိပ်လွှမ်းသော မျက်လုံးတွေနဲ့အတူ 'အထွန်း' အပေါ် ခိုးကြောင်ခိုးဝှက်သံယောဇဉ်ပြတတ်သော စကားတွေကို 'အထွန်း' စွဲလန်းနေမိပါပြီ။

နှလုံးသားရဲ့ ဂီတသံချိုမြိန်မြိန်တွေက သင်ပေးစရာမလိုဘဲနဲ့ ရှုန်းထွက်ပေါက်ကွဲကာ အော်မြည်နေတာကို 'အထွန်း' ကိုယ်တိုင် ထိတ်ထိတ်ပျာပျာ သိနေပါသည်။

'ကျွန်း' နဲ့ပတ်သက်ခဲ့သမျှ ကြည်နူးရတာကလွဲပြီး ရင်ခုန်ရတာမျိုးရှိမနေခဲ့တာ 'အထွန်း' ခံစားလို့ရနေပါသည်။ ကိုယ့်ဆန္ဒကို လျစ်လျူရှုပြီး မေမေစိတ်ကူးယဉ်နေတဲ့ 'ကျွန်း' ကိစ္စကတော့ ဖြစ်မြောက်လာမယ် မထင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"သမီးကိုပြောမလို့ နေ့ခင်းက 'မမိ' ဖုန်းဆက်တယ်... မနက်ဖြန်မနက် ဘုရားသွားချင်လို့တဲ့... 'ကျွန်း' ရဲ့မွေးနေ့တဲ့ ကွယ် မွေးနေ့မွေးရက်တိုက်ဆိုင်တော့ အလှူအတန်းလေး လည်း လုပ်ပေးချင်တယ်တဲ့... သူတို့နဲ့အတူ မေမေတို့သားအမိ ကို ဘုရားလိုက်ခဲ့ဖို့ ခေါ်နေတယ်"

'ကျွန်း' တို့နဲ့ပတ်သက်ရင် မေမေရဲ့စကားသံနဲ့ မျက်နှာ ထားက အမြဲတမ်းပြုံးချိုနေပါသည်။

"မေမေက ဘာပြန်ပြောလိုက်လဲ"

"လိုက်ခဲ့မယ်လို့ ပြောလိုက်တာပေါ့"

"ဟင်... ဒုက္ခပါပဲ... 'ကျွန်း' ရဲ့မွေးနေ့က 'အထွန်း' တို့နဲ့ ဘာဆိုင်လို့လဲ... သူ့မွေးနေ့မို့လို့ သူတို့သားအမိဘုရားသွား တာ သဘာဝကျတယ်... 'အထွန်း' တို့က ဘာမှမဆိုင်ဘဲနဲ့ ဘာလိုက်လုပ်ရမှာလဲ"

"ကုသိုလ်လိုက်ယူရမှာပေါ့... မေမေတို့သားအမိကို လိုက်စေချင်လွန်းလို့ တကူးတကကိုခေါ်တာပဲဟာ...လိုက်သွား ပေးရမှာက မေမေတို့ရဲ့တာဝန်ပဲ... ဘုရားလည်း မရောက်တာ ကြာပြီဆိုတော့ ဝမ်းသာအားရကို သဘောတူလိုက်တာ"

"မေမေလိုက်ချင်ရင် လိုက်သွားလိုက်လေ... 'အထွန်း'





တော့ ကိစ္စရှိလို့ မလိုက်တော့ဘူး"

"မလိုက်လို့ဖြစ်မလား... ဘာကိစ္စပဲရှိရှိ ရှိတဲ့ကိစ္စကို ချက်ပစ်လိုက်... 'မမိ' တို့ကိစ္စက အရေးကြီးဆုံးပဲ... 'ကျွန်း' ရဲ့စိတ်ထဲ တစ်မျိုးထင်သွားရင် မကောင်းဘူး"

"ထင်တော့လည်း ဘာဖြစ်သလဲ မေမေရယ်... သူလည်း အလုပ်ကြီးအကိုင်ကြီးလုပ်နေတဲ့သူပဲဟာ... နားလည်တတ်မှာ ပါ... ပြီးတော့ 'အထွန်း' နဲ့လည်း ဘာပတ်သက်မှုမှ ရှိတာ မဟုတ်ဘူး"

မေမေရဲ့ မဲ့ပြုံးက သူ့ဆန္ဒသာ အရေးကြီးဆုံးဟု ပြောနေ တဲ့အတိုင်းပင်။ 'အထွန်း' လို အသက်အရွယ်မျိုးနဲ့ မိန်းမတစ် ယောက်ကို မေမေ့ဘက်က နေရာတကာလိုက်ပြီး ချုပ်ချယ်ဖို့ ကောင်းတော့ပါ။ 'အထွန်း' ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ရွေး ချယ်ခွင့်ဆိုတာ ရှိသေးသည် မဟုတ်လား။

"လူငယ်ချင်း မပတ်သက်သေးတာ မှန်ပေမယ့် ငါတို့လူ ကြီးချင်းကတော့ ပတ်သက်ဖို့ အရေးကိုပဲ စာစ်ချိန်လုံးတိုင်ပင် နေကြတာ... စေ့စပ်ပေးမယ့်ရက်ကိုတောင် ရွေးပြီးသွားပြီ"

"ဟင်... 'အထွန်း' ရဲ့ဆန္ဒကိုတော့ ထည့်မတွက်တော့ဘူး လား... 'ကျွန်း' နဲ့ကိစ္စကို 'အထွန်း' စဉ်းစားအုံးမယ်... ပြီး



www.burmeseclassic.com

www.burmeseclassic.com



လွယ် ပုံစံမျိုးနဲ့တော့ ဖြတ်ကယ်ဖြတ်ကယ် မလုပ်လိုက်နိုင်ဘူး

"အချိန်ဆွဲနေရအောင် ညည်းအသက်က နှစ်ဆယ်ကျော် အစိတ်မို့လို့လား... စဉ်းစားချင့်ချိန်စရာလိုကို မလိုတော့ဘူး— 'ကျွန်း' လို လူတော်လူကောင်းမျိုးကိုလည်း ကမ္ဘာပတ်ပြီး ရှာရင်တောင် တွေ့မယ်မထင်ဘူး... အိုင်တင်များမနေစမ်းပါနဲ့ အေ"

မေမေရဲ့ တယူသန်စကားတွေကိုကြားပြီး 'အထွန်း' ငို ချင်သွားရသည်။ 'မြေ' နဲ့ပတ်သက်ပြီး ခုမှစခံစားခဲ့ရတဲ့ ကြည် နူးစရာ သံယောဇဉ် အရိပ်အငွေ့ကလေးတွေတောင်မှ ဘယ်ကို လွင့်စင်လို့ ပျောက်ထွက်သွားမှန်းမသိချေ။

'အထွန်း' ရင်ထဲမှာ သိနေတာက 'မြေ' ဖိတ်ထားတဲ့ အလှူပွဲကို ရောက်အောင်သွားချင်နေမိတာပါပဲ။ မျှော်လင့်နေ မည့် 'မြေ့' ရဲ့ စိတ်ကူးကို မဖျက်ဆီးပစ်လိုက်ချင်ပါ။ ဒါကြောင့်

"ဒီတစ်ခါတော့ 'အထွန်း' ကို ခွင့်လွှတ်လိုက်ပါ မေမေ ရယ်... 'အထွန်း' မှာ အရေးတကြီးသွားစရာကိစ္စ တကယ်ရှိနေ လို့ပါ... 'အထွန်း' ပါမှဖြစ်မယ်ဆိုရင် ဘုရားသွားတာကို ညနေ ပိုင်းချိန်းလိုက်လေ"

'အထွန်း' က လေပြေကလေးနဲ့ မေမေ့ဆီမှာ ခွင့်တောင်း





ကြည့်မိလိုက်၏။ တဇွတ်ထိုးဆန်တဲ့ စိတ်မျိုးသာရှိတယ်ဆိုရင် 'အထွန်း' တစ်ယောက် ကိုယ်ဖြစ်ချင်တာကို ဖြစ်မြောက်အောင် လုပ်သွားလိုက်လို့ရပါသည်။ မေမေ့ကို စိတ်ချမ်းသာစေချင် သွန်းလို့သာ 'အထွန်း' ခွင့်တောင်းနေမိခြင်းဖြစ်ပါသည်။

ဒါပေမယ့် 'အထွန်း' ဘက်က အလေးထားသလို မေမေ က 'အထွန်း' ရဲ့ဆန္ဒကို အလေးမထားခဲ့ချေ။ သူဖြစ်ချင်တာ ကိုသာ သဲသဲမဲမဲ ဆက်ပြောလေသည်။

"ကတိပေးပြီးသားကို မေမေမဖျက်ပစ်ချင်ဘူး 'အထွန်း' 'မေမိ' စိတ်ထဲတစ်မျိုးဖြစ်သွားရင် မကောင်းဘူး... သူကညည်း ကို သိပ်ချစ်နေတာ... ကားလုပ်ငန်းကိုတောင်သွားတာ စိတ်မချ ဘူးလုပ်နေလို့ မနည်းပြောထားရတာ"

"အပိုတွေ... လုပ်လာတာဖြင့် 'အထွန်း' တို့က အဲတိုပြီး ဆို သေတော့မယ်... ဘာမှ စိတ်မချစရာအကြောင်းမရှိဘူး... အဲ့ဒီ 'ဒေါ်မိမိကြီး' ကလည်း နေရာတကာကို ဝါနိုင်လွန်းပါ တယ်"

"ကြည့်စမ်း... ကြည့်စမ်း... ပြောထွက်လိုက်တာ... ငါ သိရင်တော့ ညည်းတော့သေတော့မယ်"

မေမေ့ရှေ့ကနေ 'အထွန်း' ထွက်လာခဲ့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'မြေ' နဲ့တွေ့ချင်သည်။ 'အထွန်း' မလာဖြစ်တော့ဘူးဆိုတဲ့ အကြောင်းကို 'မြေ' သိအောင် ပြောပြထားချင်ပါသည်။ ဖိတ်စာ မှာပါတဲ့လိပ်စာအတိုင်း 'အထွန်း' လိုက်သွားရင်ဖြစ်တော့ ဖြစ် နိုင်တာပါပဲ။

အိမ်ကနေ ထွက်ဖို့အကြောင်းကိုသာ ရှာကြံပြောနိုင်ဖို့သာ အရေးကြီးနေသည်။ အဝတ်အစားပင် မလဲတော့ဘဲ ကားသော့ ကို ယူကာ 'အထွန်း' ထွက်ခဲ့လိုက်ပါသည်။

"ဒါက ဘယ်သွားမလို့လဲ"

"'မာလာ' တို့အိမ်သွားမလို့... မနက်ဖြန် မလာဖြစ်တော့ ဘူးဆိုတာ သွားပြောထားမလို့ပါ... နို့မို့ဆို သူစောင့်နေလိမ့် မယ်"

"ဖုန်းနဲ့ဆက်ပြောလို့ မရဘူးလား"

"ဖုန်းပျက်နေတယ်... သိပ်မကြာပါဘူး... ခဏပဲ ချက် ချင်းပြန်လာခဲ့မယ်"

မကျေနပ်သလို မေမေကြည့်နေတာကို သိပေမယ့် 'အ ထွန်း' ဂရုမစိုက်မိတော့ချေ။ စိတ်ထဲမှာ အလွတ်ရနေသော 'မြေ' ရဲ့လိပ်စာအတိုင်း ကားကို ခပ်မြန်မြန်ပဲ မောင်းလာခဲ့လိုက်ပါ သည်။ ကိုယ့်စိတ်ကူးနဲ့ကိုယ် လောကြီးနေတာကြောင့် 'အ





ထွန်း' ရဲ့ကားနောက်မှာ ကားတစ်စီးကပ်ပြီး လိုက်လာတယ်ဆို တာကိုပင် သတိမထားဖြစ်တော့ပါ။

လိုက်လာတဲ့ကားက 'ကျွန်း' ရဲ့ကား ဖြစ်နေပါသည်။ 'ကျွန်း' တို့ သားအမိကလည်း 'အထွန်း' အိမ်ပြန်ရောက် လောက်တဲ့ အချိန်ကိုမှန်းပြီး ထွက်လာခဲ့ကြတာပါ။

'အထွန်း' တို့ ခြံရှေ့မရောက်ခင် ခြံထဲနေ အရှိန်ပြင်းပြင်း နဲ့ မောင်းထွက်သွားတဲ့ 'အထွန်း' ရဲ့ကားကို တွေ့လိုက်ရတာ ကြောင့် စပ်စုချင်စိတ်ဖြင့် သားအမိနှစ်ယောက် လိုက်လာခဲ့ကြ ခြင်းဖြစ်သည်။

'အထွန်း' နဲ့ ပတ်သက်ရင် သားဖြစ်သူ 'ကျွန်း' ထက်ကို မိခင်ဖြစ်သူ 'ဒေါ်မိမိကြီး' က ပိုပြီးသည်းသည်းလှုပ်ဖြစ်နေမိပါ သည်။ မဖြစ်လို့လည်းမဖြစ်။ 'အထွန်း' သည် မိမိတို့မိသားစုရဲ့ ဘဝ မိသားစုရဲ့ တန်ဖိုးမဖြတ်နိုင်သော ရတနာလေးတစ်ပါး ဖြစ်နေရသည်မဟုတ်လား။

'ကျွန်း' ကိုယ်တိုင်လည်း သိနေပါသည်။ သိနေလို့လည်း 'အထွန်း' ကို နည်းမျိုးစုံဖြင့် ချဉ်းကပ်နေတာပဲပေါ့။ 'အထွန်း' ရဲ့ ခပ်တည်တည်အမူအရာတွေကြောင့် ဖြောင့်ဖြူးသာယာနေရ သည့် ဇာတ်လမ်းက လွယ်လွယ်ကူကူမဖြစ်ဘဲ ရှေ့ဆက်တိုးဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြန့်ကြာနေရလေသည်။

'အထွန်း' ရဲ့ကားမောင်းနေတဲ့ အရှိန်နှုန်းက အတော်လေးကို မြန်နေပါသည်။ ဘာတွေစိတ်လောကြီးပြီး လျှင်မြန်နေရသလဲ မသိချေ။ ကိုယ့်အတွက် စိတ်ပူစရာ စိတ်ဆင်းရဲစရာမျိုးတွေနဲ့ မကြုံတွေ့ရပါစေနဲ့လို့သာ ကြိတ်ပြီးဆုတောင်းနေရပါသည်။

'ကျွန်း' ရဲ့မျက်နှာကလည်း စိတ်ရှုပ်မှုကြောင့် တည်ကြည် လေးနက်နေလေသည်။





## အခန်း ၁၄

'မြေ' တို့နေတဲ့ နေရာက လမ်းသွယ်ထဲပေမယ့် လမ်းမကြီးအတိုင်း အလွန်စည်ကားလှလေသည်။ ဈေးသည်မျိုးစုံ၊ မုန့်သည်မျိုးစုံနဲ့ ပွဲဈေးတန်းအလား အောင်းမေ့ရသည်။ ကားကို ခပ်ဖြည်းဖြည်းကလေး အရှိန်လျှော့မောင်းကာ 'မြေ' ရဲ့ ဆိုင်နေရာလိပ်စာကို ရှာကြည့်နေပါသည်။

ရှာနေတဲ့ အိမ်နံပါတ်ကိုတွေ့တော့လည်း ဆိုင်ဖြစ်နေတာကြောင့် အိမ်ရှေ့တည့်တည့်မှာ ကားရပ်လို့မရချေ။ ဆိုင်ကိုကျော်ကာ ဘီလိယက်ကစားခုံတွေ ရှိတဲ့ ဟင်းလင်းဖွင့်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကပ်လျက် အိမ်ခန်းရှေ့မှာပဲ ကားကို ထိုးရပ်လိုက်ပါသည်။

'အထွန်း' သည် ယောကျာ်းသားအများစု စုပြုံထိုင်လျက်ရှိနေသော လက်ဘက်ရည်ဆိုင်အတွင်းသို့ ခပ်တည်တည်ဝင်သွားဖို့ကို သတ္တိမရှိဖြစ်နေပါသည်။

ခပ်လှမ်းလှမ်းကနေသော စားပွဲထိုးကောင်လေးတစ်ယောက်ကိုခေါ်ပြီး 'မြေ့' နာမည်ကို ပြောကာ ခေါ်ခိုင်းလိုက်ရပါသည်။

"'ကိုမြေဇာ' ညွှန့်သည်အစ်မကြီးတစ်ယောက်က တွေ့ချင်လို့"

အော်ခေါ်လိုက်တဲ့ အော်သံက စားပွဲထိုးတစ်ယောက်လေးသံမှန်း ပီသလောက်အောင် ကျယ်လောင်စူးရှနေပါသည်။ 'မြေ' တစ်ယောက်တည်းတင်မဟုတ်။ ဘေးပတ်ဝန်းကျင်ရှိ လူတွေအားလုံးပါ ကြားကုန်ကြမှာ သေချာပါသည်။

'အထွန်း' သည် ကားဆီပြန်လျှောက်လာကာ တံခါးဘောင်ကို မှီပြီး 'မြေ' ဆိုင်ထဲကနေ ထွက်လာမှာကို ရပ်စောင့်နေလိုက်ပါသည်။ မကြာခင်မှာပဲ စိတ်ရှုပ်သလို မျက်နှာထားနဲ့ 'မြေ' ဆိုင်ပြင်သို့ ရောက်လာ၏။

ဘေးပတ်ဝန်းကျင်ကို ဇဝေဇဝါကြည့်ကာ ဘယ်သူဆီ





တာကို လိုက်ရှာကြည့်နေလေသည်။

'အထွန်း' ကိုတွေ့တော့ အံ့ဩသလိုဖြစ်သွားကာ ဝမ်းသာအားရ အပြေးတစ်ပိုင်း လျှောက်လာပါသည်။

"အိမ်ပေါ်တက်ပါအုံး 'အထွန်း' ရဲ့... အဘိုးလည်း ရှိတယ်လေ... ညွှန့်သည်ဆိုလို့ ဘယ်သူများဖြစ်နေမလဲဆိုပြီး လိုက်ရှာနေ တာ"

'မြေ့' ရဲ့ အပြုံးက လှိုက်လှဲမှုနဲ့ အလွန်အသက်ပါလှပါသည်။ 'မြေ့' မျက်နှာပေါ်က ဝမ်းသာလှိုက်လှဲမှု အပြုံးကိုကြည့်ပြီး 'အထွန်း' စိတ်ထဲမှာပါ ကြည်နူးရွှင်မြူးစိတ်တွေ လှိုင်လှိုင်ထလို့လာရလေသည်။

"'အထွန်း' ကိုတွေ့လိုက်တော့ 'မြေ' က စိတ်ပျက်သွားတာပေါ့... ဟုတ်လား"

"ဘာဖြစ်လို့ ပျက်ရမှာလဲ... ဝမ်းသာသွားရတာ 'အထွန်း' လို့ လုံးဝထင်မထားဘူး"

"သိပါတယ်... 'မြေ' က 'မာလာ' လို့ ထင်သွားလို့ ဟုတ်လား"

'မြေ' ရဲ့မျက်နှာက ပြုံးရွှင်နေရာကနေ ချက်ချင်းဆိုသလို ရှုပ်ပျက်ဆင်းပျက် ကြေကွဲသလို ပျက်ယွင်းသွားရကာ 'အထွန်း'



www.burmeseclassic.com

www.burmeseclassic.com



အားစိုက်ကြည့်ပြီး ခေါင်းငုံ့မျက်နှာလွှဲသွားလေသည်။

ဘာစကားမှလည်း ဆက်မပြောတော့ပါ။

'အထွန်း' နောက်ပြောလိုက်တဲ့ စကားတစ်ခွန်းက သူ့ရင်ထဲကို အတော်ကလေး ထိသွားတယ်နဲ့ တူလေသည်။

"ဟို... 'အထွန်း' က 'မြေ့' ကို လာတောင်းပန်တာ... မနက်ဖြန် 'အထွန်း' 'မြေ' တို့အလှူကို မလာဖြစ်ဘူးဆိုတာ လာပြောတာပါ... တော်ကြာ 'အထွန်း' ကို ကတိမတည်တဲ့သူလို့ ထင်မှာစိုးလို့လေ"

"မလာတော့ဘူး"

"ဟုတ်တယ်... အရေးကြီးတဲ့ ကိစ္စတစ်ခု မြန်မြန်းစားကြီးပေါ်လာလို့လေ... မေမေ့ကို 'အထွန်း' ငြင်းပါသေးတယ်... ဒါပေမယ့် မေမေက မလိုက်မနေရ ဖြစ်နေလို့ 'အထွန်း' လိုက်သွားပေးရမယ်"

ပျက်ယွင်းမှုန်မှိုင်းနေသော မျက်နှာထားကို 'မြေ' က ဟန်ဆောင်ပြုံးရယ် ပြန်ပြင်ကာ ပေါ့ပေါ့ပါးပါးပုံစံနဲ့ ပြန်ပြောလာပါသည်။

"ရပါတယ်... တကူးတက ဘာလို့လာပြောနေရတာလဲ 'အထွန်း' ရယ်... ကျွန်တော်နားလည်တတ်ပါတယ်... 'အထွန်း' အလုပ်များတဲ့သူတစ်ယောက်ဆိုတာကို ကျွန်တော်သိနေတာပဲဟာ"





"ဒီလိုလုပ်လေ... 'အထွန်း' အလှူချိန်ကို မလာနိုင်ပေမယ့် ညနေဘက် ဂိတ်ကပြန်တဲ့အချိန် 'မြေ' တို့အိမ်ကိုဝင်ခဲ့မယ်... အဘိုးနဲ့လည်း စကားပြောရတာပေါ့.... 'မြေ' က စေတနာရှိတယ်ဆိုရင်တော့ အလှူလို့ သဘောထားပြီး 'အထွန်း' ကို တစ်ခုခုကျွေးလေ မကောင်းဘူးလား"

'အထွန်း' သည် ဟန်ဆောင်ပြုံးရွှင်ထားရသော 'မြေ့' ရဲ့ အမူအရာကို ရင်ထဲမှာ စာနာသနားလွန်းရတာကြောင့် လိုက်လျောနိုင်တာတစ်ခုအား ရှာကြံစဉ်းစားပြီး ဖွင့်ပြောလိုက်ခြင်းဖြစ်သည်။

'အထွန်း' ကြောင့် 'မြေ' တစ်ယောက် စိတ်ချမ်းသာရရင် 'အထွန်း' လည်း စိတ်ချမ်းသာရသလိုပါပဲ မဟုတ်လား။

"'အထွန်း' တကယ်ပြောနေတာလား"

"အို... တကယ်ပေါ့... မဟုတ်ဘဲ 'အထွန်း' က လေကုန်ခံပြီး ပြောပါ့မလား"

"'မာလာ' ပါလာမှာလား"

"'မြေ' က ပါစေချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



'မြေ' က ပြန်မဖြေဘဲ 'အထွန်း' ကိုသာ စိုက်ကြည့်နေပါသည်။

"ဩော်... ဖြေလေ... လူကိုဘာစိုက်ကြည့်နေတာလဲ... တယ်ခက်တာပဲ"

"ကျွန်တော်ပြောရင် 'အထွန်း' စိတ်ဆိုးဦးမယ်"

"ပြောသာပြောပါ... 'အထွန်း' လိုလူက အလကားသက်သက် ဘာလို့ စိတ်ဆိုးရမှာလဲ"

'မြေ' က သူ့ဆံပင်တွေကို လက်နဲ့ဆွဲဖွရင်း ပြောဖို့အရေးကို ချိန်ဆနေပုံရ၏။

"ပြောပါဆို... 'အထွန်း' က ပြန်ရတော့မှာ... သိပ်ကြာနေရင် မေမေစိတ်ပူလိမ့်မယ်"

"ပြောမယ်ဗျာ... အလှူဖိတ်တာတောင် 'မာလာ' ကို မကောင်းတတ်လို့ ဖိတ်ရတာ... အဓိကက 'အထွန်း' ကိုပဲ လာစေချင်လွန်းလို့ အရေးထားပြီးဖိတ်တာ ရှင်းပြီလား"

မလုံမလဲမျက်ဝန်းတွေဖြင့် 'အထွန်း' ကို ခိုးခိုးကြည့်ကာ 'မြေ' တစ်ယောက် မူပျက်နေလေသည်။ 'အထွန်း' ရဲ့ ရင်ထဲမှာလည်း 'မြေ' ပြောလိုက်တဲ့စကားကိုကြားပြီး တသိမ့်သိမ့်နဲ့ နေအောင် ရင်ခုန်နေမိပါသည်။





"ကျွန်တော်ကျွေးတာ 'အထွန်း' တကယ်စားမှာ သေချာတယ်နော်"

"ကိုယ့်ကို စေတနာတကယ်ရှိတယ်လို့ ကျွေးတာမှန်ရင် သေဆေးတောင် 'အထွန်း' တို့က စားရဲတယ်ဆိုတာ မှတ်ထား"

'မြေ' ရဲ့မျက်လုံးတွေက ပိုပြီးအသက်ဝင်လာကာအရည်တဖျတ်ဖျတ်နဲ့နေအောင် လက်လက်ထလာပါသည်။ ဒီအတိုင်းစိုက်ကြည့်နေရတာကလွဲ၍ ဘာစကားမှမပြောဘဲ စိတ်ကိုချုပ်ထိန်းကာ နှုတ်ခမ်းကို တင်းတင်းစေ့ထားပါသည်။

'မြေ' နှုတ်က ဖွင့်မပြောပေမယ့် သူ့ရင်ထဲမှာ 'အထွန်း' နဲ့ပတ်သက်ပြီး ဘာရှိနေတယ်ဆိုတာကို 'အထွန်း' ရိပ်မိနေပါပြီ။ 'အထွန်း' သည် လူတွေအများကြီးရှိနေတဲ့ ပတ်ဝန်းကျင်မှာ ကိုယ့်သိက္ခာကို ပြန်ထိန်းတဲ့အနေဖြင့် ပြန်ဖို့ကိုပဲ ရွေးချယ်ဆုံးဖြတ်လိုက်ပါသည်။

"ကဲ... ဒါဆို 'အထွန်း' ပြန်တော့မယ်... မနက်ဖြန် ညနေပိုင်းမှပဲ လာခဲ့တော့မယ်... 'မြေ' စောင့်နေပေးဦး"

"စိတ်ချပါ... မနက်ဖြန်တစ်နေ့လုံး ကျွန်တော်ဘယ်မှ သွားဖြစ်မှာမဟုတ်ဘူး... သွားစရာရှိရင် တစ်ယောက်ယောက်ကို ခိုင်းလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



'မြေ' က 'အထွန်း' ရဲ့ကားတံခါးကို ဆွဲဖွင့်ပေးကာ 'အထွန်း' ကားပေါ်တက်ပြီးတာနဲ့ အသေအချာ ဂရုတစိုက်ပုံစံမျိုးနဲ့ ပြန်ပိတ်ပေးပါသည်။

"ကားကိုလည်း သေချာဂရုစိုက်မောင်းဦးနော်"

'အထွန်း' ခေါင်းကို သေချာညိတ်ပြပြီး စိတ်ချမ်းမြေ့စွာဖြင့် အိမ်သို့ ပြန်လာခဲ့လိုက်ပါသည်။





## အခန်း ၁၅

'ကျွန်း' တို့သားအမိမှာတော့ မျက်နှာတွေရှုက်သွင်းကာ 'မြေ့' အပေါ်ကိုသာ ဒေါသတွေထွက်နေမိကြသည်။ 'အထွန်း' နဲ့ 'မြေ' ဆိုတဲ့လူနဲ့ ပတ်သက်ဆက်ဆံမှုက လိုအပ်တာထက် အများကြီးပိုနေသည်ဟု ထင်သည်။

ဘာလို့လဲဆိုတော့ သူတို့နှစ်ယောက်စလုံးရဲ့ မျက်လုံးအကြည့်တွေက မရိုးသားဘူးဆိုတာကို သေချာအကဲခတ်ကြည့်နေတဲ့ 'ကျွန်း' တို့သိတာပေါ့။

'အထွန်း' ကတော့ သူလုပ်ချင်တာလုပ်ရတော့



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်ကိုလည်း မေ့နေပုံရသည်။

"ကဲ... ဘယ်လိုလုပ်ကြမလဲ... အချိန်ဆွဲနေလို့တော့ မဖြစ်တော့ဘူးနော်သား... သူတို့ပုံစံကိုကြည့်ရတာ မရိုးသား ဘူး... ချစ်သူတွေဖြစ်နေကြပြီလား မသိဘူး... 'မြေဇာ' ဆိုတဲ့ ကောင်က 'အထွန်း' ကို အပိုင်ဖမ်းနေတာပဲ ဖြစ်ရမယ်"

"မေမေက ဘာဖြစ်စေချင်သလဲ"

"'မခိုင်မာ' ကို အသိပေးလိုက်ရင် ကောင်းမလားမသိ ဘူး... ဒါမှ သားနဲ့ကိစ္စကို အလောတကြီး ထစီမံမှာ"

"မြန်မြန်လက်ထပ်ရအောင် မေမေပဲ ကြည့်ပြီးစီစဉ်တော့ ဗျာ... ကျွန်တော့်ခေါင်းထဲမှာတော့ ရှုပ်ယှက်ကိုခတ်နေတာပဲ အိမ်ပိုင်ရှင်တွေကလည်း ပြန်လာတော့မယ်ဆိုပြီး ဖုန်းဆက်လာ တယ်... တော်သေးတာက ချက်ချင်းမဟုတ်သေးဘူးဆိုတာပဲ"

"အချိန်ရှိပါသေးတယ်ကွယ်... ကြားထဲမှာ နှစ်လ လောက် အချိန်ရနေသေးတာပဲဟာ ဒီအတောအတွင်း 'အထွန်း' နဲ့သားနဲ့ လက်မထပ်ထပ်ဖြစ်အောင်ကို လုပ်ရမှာပေါ့... မေမေ့ မှာ အကြံညာဏ်တွေရှိပါတယ်ကွယ်... သားဘက်ကသာ 'အ ထွန်း' ကို ကိုယ့်ဘက်ပါအောင် အပိုင်စည်းရုံးထား... 'မြေဇာ' ဆိုတဲ့ကောင်နဲ့ ကိစ္စကို လုံးဝမသိတဲ့ပုံစံမျိုးနဲ့ပဲနေ... လေသံ





းတောင် မဟမိစေနဲ့... ကြားလား"

'ကျွန်း' ရင်ထဲအလွန်ပူပြင်းနေရပါသည်။ 'အထွန်း' ကို လက်လွှတ်ခံလို့ လုံးဝမဖြစ်ပါ။ 'အထွန်း' ကို အရယူနိုင်မှ တို့မိသားစုပြည့်စုံချမ်းသာစွာနဲ့ နေနိုင်မှာဖြစ်သည်။ ယခု က်ရှိနေတဲ့ ဂုဏ်အရှိန်ဝါတွေက အတုတွေပါ။

'ကျွန်း' တို့မိသားစုနဲ့ လုံးဝကို ပတ်သက်ပိုင်ဆိုင်ခြင်း ချေ။ အဖေက မိုးကုတ်မှာတော့ တကယ်ရှိပါရဲ့။ ဒါပေမယ့် င်းပိုင်တဲ့ပိုင်ရှင် ပေါလန်မဟုတ်ပါ။ တွင်းတွေကို ညအိပ် င့်ပေးရတဲ့ သူဌေးရဲ့ ခိုင်းဖတ်အဆင့်သာဖြစ်လေသည်။

'ကျွန်း' က သူဌေးမိသားစုရဲ့ ဒရိုင်ဘာ။ အမေက အိမ်မှာ က်တိုလက်တောင်းခိုင်းတဲ့ မီးဖိုချောင်က ထမင်းချက်မိန်းမ ြီး နှစ်ရှည်လများ မိသားစုလိုက် အလုပ်လုပ်လာတဲ့ သက် ်းကြာသွားတဲ့အခါမှာ လူယုံအဖြစ် စိတ်ချလက်ချရှိလာကြ သည်။

အဲဒီလို စိတ်ချလက်ချရှိလို့လည်း သူတို့မိသားစုလိုက် မျိုးတွေရှိရာ နိုင်ငံခြားသို့ အလည်ခရီးသွားစဉ် 'ကျွန်း' တို့မိ းစုအား စိတ်ချယုံကြည်စွာ သူတို့ရဲ့ပိုင်ဆိုင်သမျှတွေကို ်းသိမ်းစောင့်ရှောက်ဖို့ အပ်နှံသွားကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လက်ထဲမှာ ပစ္စည်းပုံကြီးရှိနေမှတော့ 'ကျွန်း' တို့ လက်ရှိဘဝအခြေအနေမျိုးနဲ့ ဘယ်နေနိုင်လိမ့်မလဲ။ မေ ကော 'ကျွန်း' ပါ ဂုဏ်သရည်ရှိသော ပိုက်ဆံရှိသော သူဌေးဘ ကို သိပ်ပြီး အားကျနေခဲ့ရတာ ကြာလှပါပြီ။

ဖြစ်မြောက်အောင်လည်း ကြိုးစားကြည့်ကြဖို့ သားအ နှစ်ယောက် တိုင်ပင်မိကြသည်။ အောက်ခြေ သုညကနေစ လို့ကတော့ ဘယ်ဖြစ်မှာတဲ့လဲ။ ဖြတ်လမ်းနည်းနဲ့သာ ချမ်းသ ပြည့်စုံတဲ့ဘဝကိုရောက်ဖို့ ဖန်တီးအကွက်ဆင်ယူမှပဲ ဖြစ် မည်။

'ကျွန်း' တို့သားအမိရဲ့ Target က 'အထွန်း' ဖြစ်သွား တာ ကုသိုလ်ကံကြောင့်လို့ပဲ ပြောရပါမည်။ 'ဒေါ်ခိုင်မာ'ရဲ့စိ ဓါတ်ကို မထင်မှတ်ဘဲ စောစီးစွာ 'ကျွန်း' ကို သိလိုက်ရတ ကြောင့်လည်း ဖြစ်ပါသည်။

"အခုမေမေ 'အထွန်း' တို့အိမ်ကို ဝင်ဦးမှာလား"

"ဝင်လို့ဘယ်ဖြစ်တော့မှာလဲ... မနက်စောစောကြ ကိုယ်ဖြစ်ချင်တာကို အကွက်ချပြီး စီစဉ်စရာရှိတာ စီစဉ်ရတော မှာပဲ... စိန်ကြွေတွေရောင်းလို့ရတဲ့ပိုက်ဆံကရော ညဘက်အိ လာပေးမယ်ဆိုတာ သေချာလို့လား"





"သေချာပါတယ်... ကျွန်တော်နဲ့သေချာချိန်းပြီးသွားပါ ပြီ"

"ငွေလက်ထဲရောက်မှ မနက်ဖြန်ကိစ္စက အဆင်ပြေမှာ ပေါ့"

"ကျွန်တော်နားလည်ပါတယ် မေမေရာ"

'ကျွန်း' စိတ်ထဲ တနုံ့နုံ့နဲ့တွေးတောပြီး ဒေါသဖြစ်နေ တာသည် 'မြေဇာ' ဆိုတဲ့ ကောင်ကိုပါပဲ။ နာမည်ကိုတောင် တ်ဘက်ရည်ဆိုင်က စားပွဲထိုးအော်ခေါ်လိုက်လို့ ကံကောင်း သိခဲ့ရပါသည်။

'အထွန်း' နဲ့ ပတ်သက်တဲ့ အခြေအနေကို အသေးစိတ် ချင်နေမိပါသည်။ ဒီကောင်ဟာ 'ကျွန်း' ရဲ့ မဟာရန်သူ။ ဒီ ာင်ရှိနေသရွေ့ 'အထွန်း' နဲ့ သူနဲ့ ဇာတ်လမ်းကလွယ်လွယ် တူနဲ့ ရှေ့ဆက်တိုးနိုင်ဖို့ လွယ်မယ်မထင်ချေ။

'မြေဇာ' ဆိုတဲ့ကောင်ရဲ့ အကြောင်းကို အသေးစိတ်စုံစမ်း ်မှ ဖြစ်လိမ့်မည်။ 'ကျွန်း' တို့မှာကလည်း အချိန်ကာလသိပ်ရှိ ာ့တာမဟုတ်။ ကိုယ့်ဘဝအမှန်အကန် အခြေအနေတွေ ဖူး ါသလိုမပေါ်ခင် 'အထွန်း' နဲ့ဇာတ်လမ်းကို အမြန်အဆုံ ကောင်းအထည် ဖော်ပစ်လိုက်နိုင်မှပဲ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ခိုင်မာ' ကို 'အထွန်း' နဲ့ 'မြေဇာ' တို့ရဲ့ပတ်သက်နေ တဲ့ အကြောင်းကို မသိသိအောင်ဖော်ထုတ်ပြနိုင်မှ ဖြစ်ပါမည်။ ဒီလိုလုပ်မှလည်း 'အထွန်း' နဲ့ လက်ထပ်ဖို့ကိစ္စကလည်း အလောတကြီး ကို ဖြစ်မြောက်လာရမည်ဖြစ်၏။

'ကျွန်း' သည် ရင်ထဲပြင်းပြစိုးထိတ်တဲ့ ဒဏ်ကိုကြာရှည် မခံစားနိုင်တော့တာကြောင့် အိမ်ပြန်ရောက်တာနဲ့ 'အထွန်း' တို့အိမ်ကို ဖုန်းခေါ်လိုက်ပါသည်။ 'ကျွန်း' ရဲ့အသံကို ကြားတာ နဲ့ 'ဒေါ်ခိုင်မာ' ဝမ်းသာအားရပင် 'အထွန်း' ကို ခေါ်ပေးပါ သည်။

''အထွန်း' ပါ' လို့ ပြောလိုက်တဲ့ 'အထွန်း' ရဲ့အသံက အသက်ကင်းမဲ့သလို ခြောက်သွေ့နေရလေသည်။ ကိုယ့် အပေါ်မှာ 'အထွန်း' ရဲ့စိတ်ဝင်စားမှုကို ဒီတစ်ချက်တည်းနဲ့တင် ခန့်မှန်းကြည့်လို့ ရသွားရပါသည်။

"'အထွန်း' ကို အရေးကြီးတဲ့စကား ပြောစရာရှိလို့"

"ပြောလေ... 'အထွန်း' နားထောင်နေတာပဲ"

"ကိုယ် 'အထွန်း' တို့အိမ်ကို လာခဲ့လို့ရမလား"

"ဟင့်အင်း... မလာခဲ့နဲ့... မေမေနဲ့ 'အထွန်း' နဲ့ ခုဓ ရန်ဖြစ်ထားတယ်... မေမေက 'အထွန်း' ကို အလကားနေ အထ





ထား ပြဿနာလိုက်ရှာနေလို့ စိတ်ညစ်နေတာ"

တကယ်လည်း မေမေပြဿနာရှာနေတာ... 'အထွန်း' အိမ်ပြန်ရောက်ကတည်းကပါ။ 'မာလာ' ဆီသွားတာ ကြာနေ လို့ဆိုပြီး မယုံသင်္ကာမျိုးတွေနဲ့ လူကို အကဲခတ်သေချာစိုက် ကြည့်ကာ မေးခွန်းတွေ မေးလို့ဆုံးသေးတာမဟုတ်။

စိတ်ကျဉ်းကြပ်စွာဖြင့် စကားတွေကို လှည့်ပတ်ပြောဆို နေစဉ် 'ကျွန်း' ဆီက ဖုန်းဝင်လာခဲ့တာဖြစ်ပါသည်။ ခဏတ ဖြတ်တော့ မေမေ့ဆီက ငြိုငြင်မှုတွေကို ရှောင်ရှားလို့ရသွားတာ ပေါ့လေ။

"'အထွန်း' က အန်တီမကြိုက်တာ ဘာသွားလုပ်လို့ လဲ... အန်တီက 'အထွန်း' ကို ချစ်လွန်းလို့ စိတ်မချဖြစ်ပြီး နေရာတကာလိုက်ပြီး ပူပင်နေတာဖြစ်မှာပါ"

"အလကားပါ... 'အထွန်း' ရဲ့အရွယ်က နေရာတကာ လိုက်ချုပ်ချယ်ပြီး ပြောနေရမယ့်အရွယ်လား... ကိုယ်ပိုင်ဆုံး ဖြတ်ချက်ဆိုတာတောင် မရှိတော့ဘူး... တကယ်စိတ်ပျက်ဖို့ ကောင်းတယ်"

'ကျွန်း' စိတ်ထဲကနေ ကောင်းတယ်ဟု ထောပနာပြုအော ပေါ့ပေါ့ပါးပါးလေးရယ်လိုက်မိပါသည်။ 'ဒေါ်ခိုင်မာ' လိုလူ



www.burmeseclassic.com

www.burmeseclassic.com

မျိုးရှိနေလို့လည်း 'ကျွန်း' တို့ဘက်က မဲတစ်မဲရှိနေခဲ့တာဖြစ်၏ 'ဒေါ်ခိုင်မာ' ကို ကောင်းကောင်းကြီး အသုံးချမှုဖြစ်ပါမည်။

" 'အထွန်း' ပြောတာတွေကိုတောင် နားထောင်ပြီး ကိုယ်ပြောမယ့်စကားတောင် ဘယ်ကစပြောရမှန်းတောင် မသိ တော့ဘူး"

'မသိရင်လည်း မပြောနဲ့' လို့စိတ်ထဲမှ ကျိန်ဆဲရင်း 'အထွန်း' အသက်ကို ခပ်ပြင်းပြင်းရှူနေမိပါသည်။ စိတ်ရှုပ်စိတ် ညစ်နေရတဲ့ ကြားထဲကနေ 'ကျွန်း' ဆိုတဲ့လူက ကဗျာတွေရွတ် ပြချင်နေသေးသည်။

" 'အထွန်း' ကို ကိုယ်ချစ်တယ်… မြတ်မြတ်နိုးနိုးနဲ့ တန်ဘိုးထားပါတယ်… လက်ထပ်ဖို့အတွက်လည်း မေမေ့ တစ်ဆင့် အန်တီ့ကို ပြောထားပါတယ်"

" 'ကျွန်း' ပြောတာတွေကလည်း လောကြီးနေသလိုကြီး ပဲ"

" 'အထွန်း' စိတ်ထဲကထင်နေလို့ပါ… ကိုယ့်ဂုဏ်သိက္ခာ ကို ထောက်ပြီး လူငယ်တစ်ယောက်လိုတော့ မစွန့်စားမပွင့်လင်း ရဲဘူးပေါ့ကွာ"

'ကျွန်း' ရဲ့ စကားသံတွေက တုန်ရီလှုပ်ရှားနေလေသည်။





မမှန်လို့ဘဲလား… ရင်ခုန်မှုကြောင့်ပဲ စိတ်တွေတအား လှုပ်ရှား ပြီး လေသံတွေတုန်နေရသလားဆိုတာကို ကာယကံရှင်ဖြစ်တဲ့ 'ကျွန်း' တစ်ယောက်တည်းသာ သိနိုင်ပါလိမ့်မည်။

'အထွန်း' ကတော့ စိတ်ကျဉ်းကြပ်သွားမှုကတော့လွဲပြီး ရင်ထဲမှာ ဘာခံစားမှုမျိုးမှ ဖြစ်မလာခဲ့ပါ။ 'ကျွန်း' နဲ့ ပတ်သက် ပြီး 'အထွန်း' ရဲ့နှလုံးသားက ဗလာသက်သက်ဖြစ်နေခဲ့ရပြီ ဟုတ်လား။

" 'အထွန်း' ကို စတွေ့ကတည်းက စွဲလန်းသွားခဲ့ရတယ် လို့ 'ကျွန်း' က ပြောတယ်နော်"

"ဟုတ်တယ်လေ… ဘာဖြစ်လို့လဲ"

'အထွန်း' သည် 'ကျွန်း' က ကိုယ့်အပေါ် ဘယ်လောက် ထိ အသေးစိတ်ကအစ စွဲလန်းနေသူလည်းဆိုတာကို သိချင် သာသဖြင့် မေးခွန်းတစ်ခု ကောက်မေးကြည့်လိုက်သည်။

" 'ကျွန်း' နဲ့ 'အထွန်း' နဲ့ဆုံတဲ့နေ့က 'အထွန်း' ဘာအကျီ အရောင်ကို ဝတ်ထားသလဲဆိုတာကိုပြောပြ… ပြောပြနိုင်ရင် 'ကျွန်း' ရဲ့စွဲလန်းမှုအတိုင်းအတာကို 'အထွန်း' ယုံလိုက်မယ်"

'အထွန်း' ရဲ့မေးခွန်းက 'ကျွန်း' ကို အတော်ဦး နှောက်ခြောက် ဂယက်ရိုက်သွားစေခဲ့ပါသည်။ သူ့စကားနဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ပညာပေးပြီး သတ်လိုက်တာပါလား။

'အထွန်း' ရဲ့ ဂုဏ်ပကာသနကို အထူးစိတ်ဝင်စားခဲ့ 'ကျွန်း' အဖို့မှာ 'အထွန်း' ဝတ်ထားတဲ့ အဝတ်အစားကို တစိုက် ဘယ်ကြည့်မိခဲ့မှာလဲ။

မသိဘူးလို့ဖြေလိုက်ရင်လည်း ပြီးစလွယ်နိုင်လွန်း လှသည်ဟု 'အထွန်း' စိတ်ထဲ မှတ်ယူသွားမှာမလွဲ။ ရမ်းသမ်း ဖြေလိုက်ပြန်ရင်လည်း မှန်ရင်တော့ကောင်းပါရဲ့ မှားသွား အခါကျတော့ လူလိမ်ကြီး လုံးလုံးဖြစ်ရပါဦးမည်။

စိတ်ရှုပ်စွာဖြင့် ဆံပင်တွေထောင်ထ ပွရှသွားတဲ့အထိ လက်တစ်ဖက်ဖြင့် တဗြင်းဗြင်းကုတ်ဖွပစ်နေမိပါသည်။ ဘာပြန်ဖြေပေးရပါ့မလဲ။ 'အထွန်း' တစ်ယောက်ကလည်း မှအရေးမပါတဲ့အဖြေကို စောင့်ပြီးနားထောင်နေလေသည်။

"'အထွန်း' မေးတဲ့မေးခွန်းက အရေးကြီးလို့လား"

"'ကျွန်း' အတွက်အရေးမကြီးပေမယ့် 'အထွန်း' အတွ ကတော့ အရေးကြီးတာပေါ့... ဘယ်မိန်းကလေးပဲဖြစ်ဖြစ်ကို ကို အရေးထား အလေးပေးတဲ့သူမျိုးကိုပဲ ပိုစိတ်ဝင်စားကြ ကဲပါ... 'အထွန်း' မေးတာကိုပဲ ဖြေပါ"

"ကိုယ်...."





'ကျွန်း' တစ်ယောက် စကားဆက်မပြောနိုင်တော့ဘဲ ထစ်အနေပါသည်။ သေချာပြီ 'အထွန်း' မေးတဲ့မေးခွန်းကို သူ လုံးဝဖြေနိုင်မှာ မဟုတ်ဘူးဆိုတာ သိသလိုလိုမျိုး အချိန်ဆွဲနေ တာကိုပဲ 'အထွန်း' ပို စိတ်တိုလာရပါသည်။

"မသိဘူးဆိုရင်လည်း မသိဘူးလို့ ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်ရင်ပြီးနေတဲ့ဟာ... 'ကျွန်း' က ဘာကိုစဉ်းစားနေတာ လဲ... အမှန်အတိုင်းပဲ 'အထွန်း' ကို ဝန်ခံလိုက်"

'ကျွန်း' သည် 'အထွန်း' ရဲ့ပုံရိပ်တွေကို မျက်စိထဲ အတင်း ပြန်မြင်ယောင်ကာကြည့်ရင်း ဘယ်အရောင်မျိုးနဲ့ တွေ့ဆုံတာ အများဆုံးဆိုတာ စဉ်းစားကြည့်နေမိသည်။

'အထွန်း' က အရောင်စုံတော့ ဝတ်တာပါပဲ။ ဘာပဲဖြစ် ဖြစ် အဖြေမပြောလိုက်ရတာနဲ့စာရင် ရမ်းသမ်းဖြေလိုက်လို့ မှန်သွားရင် ပိုပြီးအကျိုးများလာနိုင်ပါသည်။ ဒါကြောင့် ...

"အဖြူရောင်ဝတ်ထားတယ်ကွာ"

'အထွန်း' ရဲ့ ဟက်ဟက်ပက်ပက် သဘောတကျ ရယ်သံ ထွက်လာပါသည်။ တကယ့်ကို ရွှင်ရွှင်မြူးမြူးရယ်နေတာ ကြောင့် ကိုယ်ဖြေလိုက်တဲ့ အဖြေမှန်သွားပြီဆိုပြီး ပီတိဖြစ်သွား ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



" 'ကျွန်း' က တယ်တော်ပါလား"

"ဘာဖြစ်လို့လဲ"

"သြော်... မျက်လုံးက opposite တွေ မြင်တတ်လို့လေ 'ကျွန်း' နဲ့ စတွေ့တဲ့နေ့တုန်းက 'အထွန်း' ဝတ်ထားတဲ့ အင်္ကျီအရောင်က အမည်းရောင်ရှင့်သိရဲ့လား"

"ဟာဗျာ"

"ကဲ... ကဲ... 'အထွန်း' ခု ထက်ထိ ထမင်းမစားရသေးဘူး ဖုန်းချလိုက်တော့မယ်နော်"

သူ့ဘက်က ရှုံးသွားတာကြောင့် 'အထွန်း' ရဲ့သဘောအတိုင်းပဲ ဖုန်းပြောတာကို ရပ်တန့်ပစ်လိုက်ရပါသည်။ ပေါက်ကရတွေ ရှာကြံမေးလာတတ်တဲ့ 'အထွန်း' ကိုလည်း ဒေါသထွက်နေမိပါသေး၏။





## အခန်း ၁၆

"လူလေး... အိမ်ကဘုရားကို ရွှေသင်္ကန်းကပ်ဖို့ဘုရားမှာ ရွှေဆိုင်းသွားဝယ်ပေးအုံးလေကွာ... ဧည့်သည်တွေသည်း သိပ်မကျန်တော့ပါဘူး... ခုသွားလိုက်လို့ ဖြစ်ပါတယ်"

"အဘိုးတစ်ယောက်တည်းနဲ့ ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်ကွာ... ရပ်ကွက်က လူတွေပဲ လာတာများတဲ့ဥစ္စာကို ပူမနေနဲ့"

အဘိုးဆန္ဒအတိုင်း 'မြေ' ဘုရားမှာ ရွှေဆိုင်းသွား[illegible] ဆုံးဖြတ်လိုက်ပါသည်။ 'မာလာ' လည်းလာပြီးသား[illegible]



www.burmeseclassic.com

www.burmeseclassic.com



'အထွန်း' ကတော့ မလာတော့ဘူးဆိုတာကို တကူးတကလာ ပြောပြထားပြီးသားမို့ သူ စောင့်စရာမလိုတော့ပေ။

" 'အထွန်း' လည်း မလာသေးပါလား... လူလေးသွား ဖိတ်တုန်းက ဘာပြောလိုက်သလဲ"

အဘိုးက သူ့စိတ်ထဲတောင့်တမှုကို သိနေတယ်နဲ့တူပါ သည်။

" 'အထွန်း' က မနက်ပိုင်းမအားလို့ မလာဖြစ်ဘူးလို့ ကျွန်တော့်ကို ပြောထားပြီးပါပြီ... ညနေကျရင်တော့ လာခဲ့မယ် တဲ့ 'အထွန်း' ကို ထမင်းကျွေးဖို့တောင် ကျွန်တော်စီစဉ်ထား သေးတယ်"

"တယ်ဟုတ်ပါလားကွ"

အဘိုးရဲ့စကားကို သူရှက်ပြုံး ပြုံးကာ ထွက်လာခဲ့လိုက် ပါသည်။ ရွှေဆိုင်းဝယ်ဖို့အတွက် ရွှေတိဂုံဘုရားသို့ သူလာခဲ့ လိုက်၏။ ရွှေတိဂုံဘုရားကိုလည်း မရောက်တာကြာပြီဆိုတော့ သူဖူးမြော်ကန် တော့ချင်တာလည်းပါပါသည်။

ဘုရားရောက်ရင် သူ့ရင်ထဲက ဖြစ်ချင်တဲ့ဆန္ဒတချို့ကို လည်း ဆုတောင်းချင်ပါသေးသည်။ 'အထွန်း' နဲ့ပတ်သက်ပြီး ဆိုပ်ပြီး မမျှော်လင့်ရဲတဲ့ စိတ်ကူးတွေဖြစ်မြောက်စေချင်တာ





လည်းပါသည်။

'အထွန်း' ရဲ့အကြောင်းကို စဉ်းစားလိုက်ရင် သူ့ရင်ထဲ နွေးကနဲလှုပ်ရှားသွားကာ ကြည်နူးစိတ်နဲ့ မျက်နှာကပါ ပြုံးရွှင် သွားရလေသည်။

ဘုရားရောက်တော့ စောင်းတန်းကပဲ အပြေးတက်ကာ ရွှေဆိုင်းဝယ်ပြီး ဘုရားကို တစ်ပတ်ပတ်ဖို့ စိတ်ကူးလိုက်ပါ သည်။ ကြာသပတေးထောင့်မှာ ရေသပ္ပါယ်ပြီး ပြန်ဖို့ပြင်လိုက် စဉ် 'မြေ့' ရဲ့မြင်ကွင်း အကြည့်ထဲ စုံတွဲတစ်တွဲက ဝင်ရောက်လို့ လာရပါသည်။

သူ့ရင်ထဲ ဆွေးလျှကြေကွဲသွားရကာ မျက်ခွံတောင်ပင် ခတ်မိဘဲ ငေးစိုက်ကာသာ ကြည့်နေမိသည်။ 'အထွန်း' က တော့ သူ့ကိုမမြင်သေးပါ။ သူ့နံဘေးက ယှဉ်တွဲပြီး အတူပါ လာတဲ့ ယောကျ်ားတစ်ယောက်ကို စကားတွေ ပြောနေလေ သည်။

'မြေ' ကို 'အထွန်း' မမြင်ပေမယ့် 'ကျွန်း' ကတော့ မြင်မိ ပါသည်။ ခပ်လှမ်းလှမ်းကတည်းက 'မြေ' တစ်ယောက် မျက်နှာ မျက်နှာပျက်စွာဖြင့် သူတို့စုံတွဲကို စိုက်ကြည့်နေခဲ့တာဟုတ် သား။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ဘယ်တော့ အဖြေပြန်ပေးမှာလဲ အချိန်အကြာကြီးတော့ မဆွဲထားပါနဲ့ကွာ"

'အထွန်း' ရဲ့ပုံစံက သူနဲ့ပတ်သက်ပြီး အလေးအနက်မရှိလှဘူးဆိုတာကို 'ကျွန်း' ရိပ်မိနေပါသည်။ 'အထွန်း' ရဲ့မျက်နှာက ကြည်လင်မှုမှ မရှိတာပဲ။

" 'ကျွန်း' နဲ့ပတ်သက်ပြီး 'အထွန်း' ဘက်က ဘာပြန်ပြောရမယ်မှန်းကို မသိသေးဘူး... ချစ်တယ်ဆိုတဲ့ စကားကို ရင်ထဲကမပါဘဲ 'အထွန်း' 'ကျွန်း' ကို လွယ်လွယ်ကူကူမပြောချင်ဘူး"

" 'အထွန်း' မှာ ချစ်တဲ့သူရှိနေလို့လား"

"မရှိသေးဘူး"

ရှိနေပြီလို့ဖြေလိုက်ရင် 'ကျွန်း' ဆီကတစ်ဆင့် မေမေ့နား ထဲ ပြန်ရောက်ကာ 'အထွန်း' အဆူခံနေရပါအုံးမည်။ ချစ်တဲ့သူ လို့'ကျွန်း' ကမေးလာတဲ့အခါ 'အထွန်း' မျက်စိထဲ 'မြေ့' မျက်နှာ က အလိုလို ထင်ဟပ်ပြီး မြင်လာတာ ဘာကြောင့်များပါလဲ။

'မြေ့' ကို 'အထွန်း' သတိရနေမိပါသည်။ 'ကျွန်း' နေရာ မှာ 'မြေ' သာဖြစ်နေခဲ့ရင် 'အထွန်း' ဘုရားကိုလာရတဲ့အဖြစ်ထ ပိုပြီး ပျော်မြူးစိတ်နဲ့အတူ ကုသိုလ်လည်း ပိုရမှာသေချာပါ





သည်။

"မေမေတို့ကတော့ ကိုယ်နဲ့ 'အထွန်း' ကို စေ့စပ်ပေးဖို့ စီစဉ်နေကြပြီ"

" 'အထွန်း' သိပါတယ်"

" 'အထွန်း' က သဘောတူတယ်ပေါ့"

"မေမေဆန္ဒကို 'အထွန်း' မှ လွန်ဆန်လို့မရတာပဲသဘောတူထားပေးရတာပေါ့"

သက်ပြင်းချကာ နွမ်းလျစွာပြောနေသော 'အထွန်း' ကိုကြည့်ပြီး 'ကျွန်း' စိတ်ထဲ ဘဝင်မကျစိတ်နဲ့ မချင့်မရဲဖြစ်ကာ 'အထွန်း' ရဲ့လက်တစ်ဖက်အား ခပ်တင်းတင်း ဆွဲကိုင်ဖြစ်ညှစ် ထစ်လိုက်ပါသည်။

'အထွန်း' က ရန်းပေမယ့် သူလွှတ်မပေးဖြစ်ပါ။ 'မြေဇာ' ဆိုတဲ့ကောင်ရဲ့ ရှေ့မှာ ဒီလိုမျိုးလုပ်ပြမှ ဟိုကောင် ဆွေ့ဆွေ့ ခုန်ပြီး နောက်ဆုတ်သွားမှာ မဟုတ်လား။ အထင်လွဲစေချင် ဘာလည်း ပါပါသည်။ 'အထွန်း' ရဲ့မျက်နှာက နီရဲကာ မဲပုတ် သာရသည်။

"ဘယ်လိုဖြစ်နေတာလဲ 'ကျွန်း' ရဲ့... 'အထွန်း' မကြိုက် ဘူး ရှားပတ်ဝန်းကျင်က လူတွေ မြင်သွားရင်လည်း မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူး လွှတ်စမ်းပါ"

"'အထွန်း' ကို ကိုယ်အရမ်းချစ်တယ်ကွာ"

"ဘုရားပေါ်လာပြီး ချစ်စရာလား… 'ကျွန်း' နဲ့တော့ ဒုက္ခပါပဲ… ဟိုမှာ လူတွေကြည့်နေပြီကွာ"

'အထွန်း' သည် 'ကျွန်း' ရဲ့အပြုအမူကို စိတ်အပျက်ကြီးပျက်ကာ သူ့အတင်းဆွဲကာ ဆုပ်ကိုင်ထားသော လက်ကို မရမက ဆောင့်ရုန်းနေမိပါသည်။

နဂိုကတည်းက 'ကျွန်း' နဲ့ပတ်သက်ပြီး ရင်မခုန်စိတ်မလှုပ်ရှားရတဲ့ကြားထဲ ခုလိုမျိုး အကြမ်းပတမ်းတွေ ဖြစ်လာတဲ့အခါကျတော့ စိတ်ပျက်မှုကပါ တစ်ဆင့်ပိုတိုးလာခဲ့ရပါသည်။

ရှက်စိတ်ဖြင့် ဘေးပတ်ဝန်းကျင်ကို စောင်းငဲ့အကြည့် 'အထွန်း'တို့ကို ကြည့်နေတဲ့ 'မြေ့' ကို မထင်မှတ်ဘဲ ဘွားကနဲနေအောင် တွေ့လိုက်ရပါသည်။ ပျက်ယွင်းနာကျင်နေသော 'မြေ့' ရဲ့ မျက်နှာက နာကျင်ကြေကွဲနေပုံရသည်။

'အထွန်း' နဲ့အကြည့်ခြင်းဆုံသွားတဲ့အခါကျတော့ ခေါင်းကိုငုံ့ကာ မပြေးရုံတစ်မယ်ခြေလှမ်းတွေဖြင့် လျင်လျင်မြန်မြန်ပဲ ထွက်ခွာသွားပါသည်။ 'မြေ့' ပုံစံကိုကြည့်ပြီး 'အထွန်း' ရင်ကွဲသွားရလေသည်။





'မြေ' အထင်လွဲသွားပြီးနဲ့တူသည်။ သူ့အလှူကို မလာနိုင်တဲ့ အရေးတကြီးကိစ္စဆိုတာ ယောကျ်ားတစ်ယောက်နဲ့ ဘုရားပေါ်မှာ အတူယှဉ်တွဲရှိချင်လို့ လို့ယူဆလိုက်ရင် ခက်ရချည်ရဲ့။ 'အထွန်း' ငိုချပစ်လိုက်ချင်ပါသည်။

'မြေ' ထွက်သွားတာကို လိုက်ကြည့်ရင်း 'အထွန်း' မျက်လုံးထဲ မျက်ရည်တွေ ဝေ့ဝဲလျှံတက်လာခဲ့ရသည်။ 'အထွန်း' ဘယ်လိုရှင်းပြရမှာလဲ။

နဂိုကတည်းက အားငယ်သိမ်ငယ်တတ်တဲ့ 'မြေ့' လိုလူက 'အထွန်း' ကို ဘယ်လိုမေးခွန်းမျိုးနဲ့မှ စိတ်ဆင်းရဲစေမှာ မဟုတ်ပါ။

'မြေ့' ဘက်က မမေးဘဲနဲ့ 'အထွန်း' ဘက်ကတော့ ဘယ်လို စိတ်မျိုးနဲ့ ရှင်းပြပြောပြလို့ ရမှာလဲ။ 'အထွန်း' သည် စိတ်ရှုပ်စိတ်ပျက်ရတဲ့ ခံစားချက်တွေအားလုံးကို 'ကျွန်း' တစ်ယောက်တည်းပေါ်သို့သာ ပုံချပစ်လိုက်ပါသည်။

"တော်ပြီ… တော်ပြီ… ရှင့်ကို ကျွန်မတော်တော်စိတ်ပျက်သွားပြီ… ရှင်ဟာ ရှင့်ဆန္ဒတစ်ခုကိုပဲ ဦးစားပေးတတ်တဲ့သူ… လူကြီးလူကောင်းစိတ်မျိုးလည်း မရှိဘူး… ရှင် ကျွန်မကို ချစ်တယ်ဆိုတာ အလကားပဲ… ကျွန်မ မယုံဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... 'အထွန်း' က ဘာဖြစ်သွားရတာလဲ... လက်က
လေးကိုင်တာ ဘာဖြစ်လဲ"

"ဘာပဲဖြစ်ဖြစ် 'အထွန်း' မကြိုက်ရင် မကိုင်နဲ့ပေါ့"

"မဟုတ်သေးပါဘူး... 'အထွန်း' ကို ကြည့်ရတာ တစ်မျိုး
ပဲ"

"ဟုတ်တယ်... ရင်ထင်တာမှန်တယ်"

'အထွန်း' သည် 'ကျွန်း' ကိုထားရစ်ခဲ့ကာ မေမေတို့ရှိ
တဲ့ အောင်မြေနေရာဆီ လျှောက်လာခဲ့လိုက်ပါသည်။ ကျန်
ရစ်ခဲ့ရသော 'ကျွန်း' ရဲ့မျက်နှာက ကောက်ကျစ်မှုကြောင့် ပြုံး
ရသလို 'အထွန်း' ရဲ့ မျက်နှာကတော့ ဝမ်းနည်းမှုကြောင့် ငိ
တော့မလို ပျက်ယွင်းလျက်ရှိနေရပါသည်။





## အခန်း ၁၇

ကားဂိတ်ကို မလာမဖြစ်လို့သာ ရောက်အောင်
လာရပေမယ့် 'အထွန်း' ရဲ့စိတ်တွေက 'မြေ' ဆီမှာသာ ရှိနေရ
ပါသည်။ ပျင်းတိပျင်းရွဲနဲ့ ငိုတော့မလို ဖြစ်ပျက်နေသော
'အထွန်း' ရဲ့အခြေအနေကိုကြည့်ပြီး 'မာဂဏ' က မေးလာပါ
သည်။

"ဘယ်လိုဖြစ်လာတာလဲ 'အထွန်း' ရယ်... မျက်နှာက
ငိုတော့မယ့်အတိုင်းပဲ... အန်တီဆူလိုက်လို့လား"

"ဟင့်အင်း..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်ဘာလဲ... 'ကျွန်း' နဲ့ပြဿနာတက်လာတာလား"

"ဟုတ်တယ်... သူ့ကြောင့် ငါစိတ်ညစ်သွားရတာ... သူ့ကို ငါ သိပ်မုန်းတာပဲသိလား"

"နင့်ကို သူဘာလုပ်လို့လဲ"

"ငါ့လက်ကို အတင်းကာရော ဆွဲထားတယ်... ဘယ်လောက် ရုန်းရုန်းလွှတ်မပေးဘူး... ပြီးတော့.... ပြီးတော့..."

'အထွန်း' ရင်ထဲ ဝမ်းနည်းတင်းကြပ်လာရတာကြောင့် ဘာစကားမှ ဆက်ပြောလို့ မရတော့ချေ။ မျက်ရည်တွေ ရစ်ဝိုင်း အိလျှံကျမတတ်ဖြစ်လာရသည်။

'အထွန်း' ငိုတော့မယ်ဆိုတာကို သိတာကြောင့် 'မာလာ' က အပေါ်ထပ်ခိုးခန်းသို့ သွားဖို့ခေါ်ပါသည်။

"လာ... လာ... အပေါ်ထပ်ကြမှပဲ အေးအေးဆေးဆေး ပြောတော့... အလုပ်သမားတွေ မြင်သွားရင် မကောင်းဘူး"

'အထွန်း' ကိုယ်တိုင်လည်း ကိုယ့်အလုပ်သမား လက်အောက်ငယ်သားတွေရဲ့ရှေ့မှာ သိက္ခာအကျခံပြီး မျက်ရည်ကျ မပြချင်ပါ။ သူတို့တွေရဲ့စိတ်ထဲ 'အထွန်း'၊ အပေါ်တစ်မျိုး ထင်မြင်ယူဆကာ အရှိအသေတန်လာရင် ဘယ်ကောင်းပါ့မလဲ။





ထပ်ခိုးပေါ်ရောက်တဲ့အခါမှပဲ ရင်ထဲရှိတာကို ဖွင့်ထုတ် ပြောပြရပါတော့သည်။

"ပြီးတော့... ဘာဆက်ဖြစ်သလဲ ပြောလေ 'အထွန်း' ရဲ့..."

"ငါတို့နှစ်ယောက် လက်ချင်းတွဲထားတာကြီးကို 'မြေ' က မြင်သွားတယ်... သူ့စိတ်ထဲ ငါ့ကို တစ်မျိုးမြင်သွားမှာ သေချာတယ်ဟာ... ငါ့ကိုမြင်ရဲ့နဲ့ နှုတ်တောင်မဆက်ဘူးထွက်သွားတယ်"

'မြေ' ရဲ့ပျက်ယွင်းညှိုးမှိုင်းနေသော မျက်နှာကို 'အထွန်း' ပြန်မြင်ယောင်လို့လာရ၏။

"'မြေ' က ဘယ်လိုဖြစ်ပြီး ဘုရားကိုရောက်နေရတာလဲ... ငါသူ့ကို အလှူမှာ တွေ့ခဲ့တာပဲ... နင်လူမှားတာလားမှ မသိတာ"

"မမှားဘူး... သူ့ပုဆိုးနက်ပြာရောင်ကွက်စိတ်နဲ့ လည်[illegible] အဖြူဝတ်ထားတယ်မဟုတ်လား... ငါသေချာမှတ်မိတယ် 'မာလာ' ရယ်"

"ဟုတ်တယ်... ဒါဆိုရင် 'မြေ' ပဲဖြစ်ရမယ်— သူ[illegible]ကို လိုက်ချောင်းတာလား"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ချောင်းတာတော့မဖြစ်နိုင်ဘူး... သူ့ကိစ္စနဲ့သူ ရောက်လာတာပဲ ဖြစ်ရမယ်... မထင်မှတ်ဘဲ ငါတို့နဲ့ ဆုံသွား တာ"

'မာလာ' လည်း အတော်ဦးနှောက်စားသွားရပါသည်။ 'မြေ' တစ်ယောက်က ဘယ်ကနေ ဘယ်လို လမ်းချော်ပြီးဘုရား ကို ရောက်သွားရတာတုန်း... 'မာလာ' နဲ့တွေ့တုန်းကတော့ 'အထွန်း' နဲ့ပတ်သက်ပြီး ဘာတစ်ခွန်းမှ မေးမလာတဲ့အတွက် ကြောင့် အံ့ဩနေမိသေးသည်။

"ထူးတော့ထူးဆန်းတယ်ဟ... ငါအလှူသွားတုန်းက နင် မပါလာလို့ သူတစ်ခွန်းတောင် အရေးလုပ်ပြီး မမေးဘူး... ငါ တောင် အံ့ဩနေတာ... သူ ဘာကိုကြိုသိနေလည်း မသိပါဘူး"

'မြေ' တစ်ယောက် 'အထွန်း' ညနေဘက်ရောက်လာမယ် ဆိုတာကို သိနေသဖြင့် 'မာလာ' အား မမေးတာဘဲ ဖြစ်ပါလိမ့် မည်။ ဘုရားမှာတွေ့တာကတော့ တကယ့်ကို အမှတ်မထင်ပါ။

"စိတ်ရှုပ်တယ်ဟာ... ငါ့ကို 'မြေ' စိတ်ထဲတစ်မျိုးမြင်သွား မှာပဲ စိုးရိမ်တာ"

"မြင်တော့လည်း ဘာဖြစ်လဲဟဲ့... နင်နဲ့သူနဲ့ ဘာဆိုင် တာမှတ်လို့... နင့်ရဲ့ကိုယ်ရေးကိုယ်တာပဲ သူစွက်ဖက်ပိုင်ခွင့်





ပါဘူး"

"ဒါကတော့ ဒါပေါ့ဟာ... ဒါပေမယ့်..."

စကားကို ဒီအတိုင်းရပ်ကာ 'အထွန်း' ဆက်မပြောဖြစ် တော့ပါ။ ကိုယ့်ရင်ထဲက ဆန္ဒ လူတကာသိအောင် ဖွင့်ပြောပြလို့ ရတာမှ မဟုတ်ဘဲ။ 'မြေ' နဲ့ 'အထွန်း' နဲ့ရင်ထဲမှာ ကိုယ်စီရှိ နေကြတဲ့ သံယောဇဉ်တွေကို ကာယကံရှင်တွေကလွဲပြီး အပြင် သူတွေ မသိနိုင်ပေ။

'အထွန်း' ရင်ထဲမှာ ခံစားနေရတာကိုလည်း 'မာလာ' အား အသိမပေးချင်ပါ။ 'မြေ' နဲ့ပတ်သက်ပြီး ရှုံးနိမ့်နေတဲ့ ကိုယ့်ရဲ့ သံယောဇဉ်တွယ်မှုကိုလည်း ကိုယ့်ဟာသာပဲ ကြိတ်မှိတ် ခံစားပြီး နေလိုက်ချင်ပါသည်။

"နင် 'မြေ' ကို သံယောဇဉ်တွယ်နေပြီလား 'အထွန်း'"

'အထွန်း' ရင်ထဲက ဆန္ဒနဲ့ ဆန့်ကျင်စွာ ခေါင်းကို ခါ ယမ်းပြလိုက်သည်။

"ဒါတွေ ငါမစဉ်းစားချင်ဘူး... 'ကျွန်း' နဲ့ဇာတ်လမ်းကို တောင် ဘယ်လိုဖြတ်ပစ်ရမလဲ စဉ်းစားရခက်နေတာ... နောက် တစ်ယောက်အတွက် ငါ့စိတ်ကို အပင်ပန်းမခံချင်တော့ဘူးဟာ"

"နင်ပြောတဲ့စကား အမှန်အကန်ဆိုရင်ပြီးတာပါပဲ ငါက



www.burmeseclassic.com

www.burmeseclassic.com



တော့ နင့်ရဲ့အခက်အခဲ မှန်သမျှကို အကူအညီပေးဖို့ အသင့်ပဲ"

'အထွန်း' ကို ထားခဲ့ပြီး 'မာလာ' အောက်ထပ်သို့ ပြန်ဆင်းသွားခဲ့ပါသည်။ 'အထွန်း' တွေးနေမိတာက ညနေဘက် 'မြေ့' ဆီ သွားဖို မသွားဖို့ကိုပါပဲ။ 'မြေ' နဲ့ ရင်ဆိုင်တွေ့ရမှာကို ဘာကြောင့်မှန်းမသိဘဲ 'အထွန်း' ထိတ်လန့်သလို ခံစားနေရ၏။

ရင်မဆိုင်ချင်လို့ မသွားဘဲနေပြန်တော့လည်း ကတိမတည်ရာ ကျဦးမည်။ မျက်နှာပူ ရင်မောနေရမယ့် ဝေဒနာကို 'အထွန်း' မခံစားနိုင်ပါ။ နောက်ဆုံးတော့ ဖြစ်ချင်ရာဖြစ်သောဟု ထားကာ ညနေစောင်းကားဂိတ်ကအပြန်ကျတော့ 'မာလာ' ကို သူ့အိမ်ပြန်ပို့ပြီးတာနဲ့ 'အထွန်း' 'မြေ့' ဆီလာခဲ့လိုက်ပါသည်။

'အထွန်း' ဝတ်ထားတဲ့ အဝတ်အစားက 'မြေ' မနေ့က တွေ့လိုက်တဲ့ အဝတ်အစားအတိုင်းပဲ ဖြစ်လေသည်။ 'မြေ့' စိတ်ထဲ 'အထွန်း' ကို 'ကျွန်း' နဲ့ တစ်နေကုန် လည်ပတ်ပြီး သူ့ဆီဝင်လာ တယ်လို့ ထင်လေမလားမသိပါ။

'အထွန်း' ကို တွေ့တော့ 'မြေ' က အပြုံးဖြင့် ဆီးကြိုပါသည်။ ဒါပေမယ့် 'မြေ' ရဲ့အပြုံးက အသက်မပါလှချေ။ ဟ





ဆောင်အားတင်းပြီး ပြုံးထားရတဲ့ အပြုံးမျိုး ဖြစ်နေခဲ့လေသည်။

'မြေ့' ရဲ့အဘိုးကို နှုတ်ဆက်စကားပြောပြီးတာနဲ့ 'အထွန်း' က ပြန်ဖို့ပြင်လိုက်ပါသည်။ စိတ်ထဲမရှင်းလန်းတာကြောင့် 'မြေ' အနားမှာ ကြာကြာကလေး နေချင်တဲ့စိတ်ကူးမျိုးလည်း 'အထွန်း' မှာ မရှိတော့ပါ။

"ပြန်တော့မယ်နော်... အလုပ်က အပြန်ဝင်ခဲ့တာဆိုတော့ လူကငြိစိစိကြီးဖြစ်နေတယ်"

"ထမင်းစားပြီးမှ ပြန်ပါလား 'အထွန်း' ရယ်... 'အထွန်း' စားမယ်အောင်မေ့ပြီး ကျွန်တော်က စီစဉ်ထားတာ... 'အထွန်း' မြန်မာဆီပြန်ဟင်းတွေ သိပ်မကြိုက်ဘူးဆိုလို့ ဟော်တယ်က တောင် ကျွန်တော်ကိုယ်တိုင် သွားဝယ်ထားပေးထားတာ"

'မြေ့' ရဲ့စေတနာကို လေးစားပေမယ့် 'အထွန်း' ရင်ထဲ ပြည့်သိပ်နေတဲ့ခံစားချက်ကြောင့် ထမင်းစားလို့လည်း ဝင်မှာ မဟုတ်ဘူးဆိုတာကို သိနေရပါသည်။

"ဘာလို့ တကူးတကကြီး သွားဝယ်ထားရတာလဲ... 'အထွန်း' ပြောတာက ကြုံတဲ့မုန့်တစ်ခုခုကိုပဲစားမယ်လို့ ပြောခဲ့တာ... နောက်တာကို 'မြေ' က တကယ်ထင်နေတာကို"

" 'အထွန်း' ပြောသမျှစကားတိုင်းကို ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



အလေး အနက်ထားတာကိုး”

'မြေ့' နဲ့ 'အထွန်း' အကြည့်ချင်းဆုံသွားခဲ့ကြပါသည်။ အားနာစာနာစိတ်နဲ့ပဲ 'မြေ့' ဖြစ်ချင်တဲ့ဆန္ဒကို 'အထွန်း' လိုက်လျောဖို့ ဆုံးဖြတ်လိုက်မိ၏။

“စားမယ်လေ... 'မြေ့' စေတနာအလကားမဖြစ်ရအောင် 'အထွန်း' စားပေးပါ့မယ်... ဒါပေမယ့် အများကြီးတော့ မစားနိုင်ဘူးနော်... 'အထွန်း' နဲ့အတူတူ 'မြေ' ပါ စားရမှာ”

“စားမှာပေါ့... 'အထွန်း' နဲ့အတူတူ ထမင်းစားရတာ ကျွန်တော့်အတွက် အထူးအခွင့်အရေးပဲဥစ္စာ”

ထမင်းစားတာကို ရေးကြီးခွင်ကျယ်လုပ်ပြီး အိမ်အပေါ်ထပ်မှာ မစားတော့ဘဲ လက်ဘက်ရည်ဆိုင်ထဲမှာ စားပွဲခုံနှစ်လုံးကိုဆက်ကာ စားဖို့ပြင်လိုက်ကြပါသည်။ 'မြေ' ဝယ်ထားတဲ့ ဟင်းတွေက အမယ်စုံကာ များလှတာမို့ 'အထွန်း' အားနာနေမိပါသည်။

“စားမှာကဖြင့် တစ်ယောက်တည်း ဘာလို့ဟင်းတွေဒီလောက် အများကြီးဝယ်ထားရတာလဲ ပိုက်ဆံတွေတော့ကုန်ပါပြီ”

“ပိုက်ဆံဆိုတာ လိုအပ်တာသုံးဖို့အတွက် မဟုတ်ဘူး





လား 'အထွန်း' ရဲ့... စိတ်ချပါ... ကျွန်တော် ငွေကို အလကား မဖြုန်းတီးတတ်ပါဘူး... တကယ်သုံးသင့်တယ်ဆိုမှ သုံးတာပါ”

“အခုဟာက တကယ်သုံးသင့်လို့ သုံးတယ်ပေါ့ဟုတ်လား”

“ဟုတ်တယ်”

'အထွန်း' တို့နှစ်ယောက် ကျေနပ်ကြည်နူးစွာဖြင့် ပြုံးတူရယ်မိကြသည်။ စိတ်ညစ်စရာသောကတွေဆိုတာ ခုချိန်မှာ အဝေးကြီးကို လွင့်ပါးပျောက်ကွယ်နေရသလိုပါ။

'မြေ' နဲ့အတူ ရှိနေရတဲ့အတွက် 'အထွန်း' သည် ကိုယ်နဲ့ပတ်သက်တဲ့ကိစ္စရပ်တိုင်း အားလုံးကို မေ့နေမိပါသည်။ လုံးဝကို သတိမရချေ။

'ဒေါ်ခိုင်မာ' ကတော့ 'အထွန်း' အိမ်ပြန်နောက်ကျနေရတဲ့အတွက် စိတ်ပူနေမိပါသည်။ ဟန်းဖုန်းကိုခေါ်တော့လည်း ဘာသံမှ မကြားရချေ။ ဘက်ထရီပဲ ကုန်နေတာလား မပြောတတ်ပါ။ ဒီအချိန်မှာပဲ 'ကျွန်း' ဆီက မမျှော်လင့်ဘဲ ဖုန်းဝင်လာပါသည်။

“အန်တီ 'အထွန်း' ပြန်ရောက်ပြီလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း... မရောက်သေးဘူး... အန်တီလည်း စိတ်ပူနေတာ... သူတစ်ခါမှ ဒီလိုမျိုး နောက်မကျဖူးပါဘူး... နောက်ကျမယ် ဆိုရင်လည်း ဖုန်းဆက်ပြီး ပြောနေကြလေ... ဒီနေ့ကျမှ ဘာဖြစ်သလဲမသိဘူး..."

'ဒေါ်ခိုင်မာ' ရဲ့လေသံက ပူပင်မှုကြောင့် ပျာပြီးတုန်ခတ်နေသည်။

"ကျွန်တော် 'အထွန်း' ကို တွေ့လိုက်လို့အန်တီ... သေချာ ဟုတ်မဟုတ်ဆိုတာ သိရအောင် အိမ်ကိုဖုန်းဆက်မေးကြည့်လိုက်တာ တော်ကြာ လူမှားမှာစိုးလို့လေ"

"ဟမ်... ဘယ်မှာတွေ့တာလဲ..."

"ကျောက်မြောင်းဘက်မှာ အန်တီရေ... အန်တီလာခဲ့မလား... ကျွန်တော်သွားခေါ်လိုက်ရင် သူ့စိတ်ထဲ တစ်မျိုးထင်သွားဦးမယ်"

"လာခဲ့မယ်... လာခဲ့မယ်... ဘယ်နေရာလဲ"

'ကျွန်း' ပြောပြတဲ့လိပ်စာကို သေချာရေးမှတ်ကာ 'ဦးထွေး' ကို ချက်ချင်းပဲ ကားမောင်းပို့ခိုင်းရပါသည်။ စိတ်ထဲမှာလည်း 'အထွန်း' နဲ့ပတ်သက်ပြီး စဉ်းစားနေဖြစ်သည်။ အရေးမကြီးဘဲနဲ့တော့ 'ကျွန်း' က မိမိအား အသိပေးအကြောင်းကြား





မည်မထင်။

'အထွန်း' ဘာတွေလုပ်နေပါသလဲ။ ခုတလော 'ကျွန်း' နဲ့ပတ်သက်ရင် ခါတိုင်းလို အလိုက်အထိုက် နှာခံဆက်ဆံတတ်တဲ့ ပုံစံမျိုးပင် မပေါက်တော့ဘဲ ကလန်ကဆန်တွေလုပ်နေတာကို 'ဒေါ်ခိုင်မာ' သတိထားမိပါသည်။

'အထွန်း' ကိုလုပ်ချင်တာ လုပ်ခွင့်မပေးနိုင်ပါ။ 'ကျွန်း' နဲ့ပဲ သဘောတူသည်။ 'ပြောပြထားတဲ့လိပ်စာရဲ့ ခပ်လှမ်းလှမ်းမှာ 'ကျွန်း' ရဲ့ ကားရပ်ထားတာကို တွေ့လိုက်ရပါသည်။ 'ဒေါ်ခိုင်မာ' ကားပေါ် ကဆင်းတာနဲ့ 'ကျွန်း' က အပြေးအလွှားထင် အနားသို့ ရောက်လာလေသည်။

"အန်တီကို တစ်ခုတောင်းပန်ချင်ပါတယ်... 'အထွန်း' ကို ဘာမှသွားမလုပ်ပါနဲ့နော်... လူကြားသူကြားထဲမှာ အောက်ကြီးဟာစ်ကျယ်ဖြစ်ရင် 'အထွန်း' ပဲ အရှက်ကွဲရလိမ့်မယ်... အန်တီ ဒေါသကိုလျှော့ပြီး စိတ်အေးအေးထားထားပါ"

'ကျွန်း' ရဲ့စကားကိုကြားမှပဲ 'ဒေါ်ခိုင်မာ့' ရင်ထဲ စိတ်[illegible]မှုတွေ အထွင့်အထိပ်ရောက်သွားရကာ 'အထွန်း' ကို [illegible]တွေ့ချင်လာရပါသည်။ သေးပတ်ဝန်းကျင်ကို မျက်[illegible]ကြည့်လိုက်တော့ ရေ့နားလောက်မှာ 'အထွန်း' ရဲ့[illegible]



www.burmeseclassic.com

www.burmeseclassic.com



တာကို တွေ့လိုက်ရပါသည်။

ဒီနေရာကို 'အထွန်း' တစ်ယောက် ဘာကိစ္စရောက်နေရတာလဲ။ မသားနား မခမ်းနားတဲ့ ပတ်ဝန်းကျင်လို နေရာမျိုးမှာ 'အထွန်း' ရဲ့အာရုံကို ဘယ်အရာကို ဆွဲဆောင်သိမ်းသွင်းထားပါသလဲ။

"'အထွန်း' ဟိုရှေ့က လက်ဘက်ရည်ဆိုင်ထဲမှာ ရှိနေတယ် အန်တီ"

"အဲဒါ ဘယ်သူ့ဆိုင်လဲ"

"'မြေဖာ' ဆိုတဲ့လူရဲ့ဆိုင်အန်တီ... 'အထွန်း' နဲ့ သူနဲ့ တော်တော်ရင်းနှီးခင်မင်ပတ်သက်ပုံရတယ်"

"'အထွန်း' က 'မြေဖာ' ဆိုတဲ့ကောင်ဆီကို အလည်လာတာပေါ့ ဟုတ်လား"

"အလည်လာရုံတင်မကဘူး နှစ်ယောက်အတူ ထမင်းပါစားနေကြတာ"

မျက်နှာကလေးငယ်ကာ စိတ်မကောင်းသလိုဖြစ်နေသော 'ကျွန်း' ရဲ့အမူအယာတွေကြောင့် 'ဒေါ်ခိုင်မာ' ရင်ထဲအားနာ သနားသွားရသည်။ 'ကျွန်း' အပေါ်ကို အားနာသနားရလေလေ 'အထွန်း' အပေါ် ဒေါသပိုဖြစ်ရလေဖြစ်သည်။





"အန်တီသိရအောင် ကျွန်တော်ခေါ်ပြတာပါ... 'အထွန်း' မှာ သံယောဇဉ်တွယ်ရမယ့်သူရှိနေတယ်ဆိုရင်လည်း ကျွန်တော်နဲ့ စီစဉ်ထားတဲ့ ကိစ္စကို ဖျက်ပစ်လိုက်ကြတာပေါ့ အန်တီရယ်... ကျွန်တော်ကြောင့် 'အထွန်း' ကို စိတ်မဆင်းရဲစေချင်ဘူး"

'ဒေါ်ခိုင်မာ' ခေါင်းကို တအားရမ်းခါပြလိုက်ပါသည်။ ဘယ်ဖြစ်မှာတဲ့လဲ။ မိဘစီစဉ်တဲ့ကိစ္စကို နာခံရမှာက သားသမီးတွေရဲ့ တာဝန်ဝတ္တရားပဲ မဟုတ်ဘူးလား။

"'အထွန်း' နဲ့ကိစ္စကို ဘာမှပူပင်မနေနဲ့... အန်တီအားလုံး တာဝန်ယူတယ်... သားဘက်ကသာ 'အထွန်း' ရဲ့အပြုအမူတွေကို ခွင့်လွှတ်ပေးနိုင်ပါ့မလားကွယ်... ခွင့်လွှတ်ပေးပါလို့လည်း အန်တီ တောင်းပန်ချင်ပါတယ်"

"ပြောစရာတောင် မလိုပါဘူးအန်တီရယ်... 'အထွန်း' နဲ့ ပတ်သက်ရင် အစစအရာရာအားလုံးကို ကျွန်တော် နားလည်ခွင့် လွှတ်ပေးလို့ရပါတယ်.... အန်တီသာ 'အထွန်း' ကို ဆူပါနဲ့... စိတ်ညစ်အောင်မလုပ်ပါနဲ့နော်"

'ကျွန်း' သည် ကိုယ်ပစ်လိုက်တဲ့ မြှားချက်တွေ 'ဒေါ်ခိုင်မာ' ရဲ့ ရင်ထဲစွဲစွဲနစ်နစ်စိုက်ဝင်သွားပြီဆိုတာကို အသေအချာ သိလိုက်ရတာမို့ စိတ်ထဲကနေ သဘောတကျ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။

'ကျွန်း' ရဲ့ဖျောင်းဖျတားမြစ်မှုကြောင့် 'အထွန်း' တို့ရှိနေတဲ့ ဆိုင်အတွင်းသို့ 'ဒေါ်ခိုင်မာ' သွားမနေတော့ဘဲ ခပ်ဝေးဝေးကသာ ကားနဲ့ဖြတ်ပြီး 'အထွန်း' တို့ကို ကြည့်သွားခဲ့ပါသည်။

'အထွန်း' နဲ့ 'မြေဇာ' ကတော့ ပတ်ဝန်းကျင်ကို မေ့ကာ ကြည်နူးရွှင်ပျတဲ့ မျက်နှာတွေဖြင့် ရယ်မောကာ စကားတွေ ပြောနေကြပါသည်။





## အခန်း ၁၈

"သိပ်ပျော်လာသလား 'အထွန်း'"

မေမေရဲ့လေသံက မာထန်ကာ မျက်နှာကြောကလည်း ...သကြောင့် တင်းပြန့်ကာ နေလေသည်။

"မေမေ ဘာကိုမေးတာလဲ"

"ငါမေးတာက ဒါပဲ"

'ဖတ်' ကနဲသာမြည်လိုက်ပေမယ့် နာကျင်မှု... ...တော့်ကို ပြင်းထန်ဆိုးရွားလွန်းပါသည်။ ပါးပြင်... ...ကျိန်းစပ်သွားရတာကြောင့် လန့်ပြီး ကိုယ့်ပါး...



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ကာထားလိုက်မိပါသည်။

မွေးကတည်းက ဒီအရွယ်ထိ 'အထွန်း' ရဲ့ပါးကို မေမေ ရှိုက်ခဲ့ဘူးတာမှ မဟုတ်ဘဲ။ အခုကျမှ အသိဉာဏ်တွေရှိပြီး စဉ်းစားချင့်ချိန်တတ်တဲ့ အရွယ်မျိုးရောက်မှ မေမေဘာလို့ ရိုက် တာလဲ။ 'အထွန်း' သည် နာကျင်ဝမ်းနည်းရလွန်းတာကြောင့် မျက်ရည်က ချက်ချင်းကျမလာခဲ့ပါ။

အံ့သြစိတ်နဲ့သာ ငေးကြောင်ပြီး မေမေ့အား စိုက်ကြည့် နေမိပါသည်။

"ညည်းကိုယ်ညည်း ပိုက်ဆံရှာနိုင်တယ် လူရာဝင်နေ တယ်ဆိုပြီး ထင်ရာစိုင်းနေတယ်ပေါ့လေ ဟုတ်လား"

'အထွန်း' ခေါင်းကိုခါပြကာ သိချင်တာကို ပြန်မေး သည်။

" 'အထွန်း' ဘာလုပ်လို့လဲ... ထင်ရာစိုင်းတယ်လို မေမေ မပြောပါနဲ့... 'အထွန်း' ဆိုတဲ့မိန်းမက ကိုယ့်သိက္ခာကိုယ် ပြ ထိန်းတဲ့သူပါ... မဟုတ်တာဘာမှ မလုပ်ဘူး"

" 'မြေဇာ' ဆိုတဲ့ကောင်က ဘယ်သူလဲ"

'မြေ့' နာမည် မေမေ့နှုတ်ဖျားက ထွက်လာရတာကြောင့် 'အထွန်း' ဆန့်သွားရသည်။ တစ်ဦးတစ်ယောက်က မပြောပြ





နဲ့တော့ 'မြေ့' ကို မေမေသိနိုင်မယ်မထင်ချေ။ 'မာလာ' ကတော့ ပြောပြမယ် မထင်ပါ။

" 'မြေ့' ကို မေမေ ဘယ်လိုသိတာလဲ"

"ဘယ်လိုပဲသိသိ ငါမေးတာကိုသာဖြေ"

" 'မြေ' နဲ့က မိတ်ဆွေတွေပါ"

"မိတ်ဆွေလို့ပြောတဲ့အတွက် ချစ်သူဘဝမဖြစ်ဘူးဆိုတာ ငါ ယုံလိုက်မယ်... ဒါပေမယ့် ခုချိန်ကစပြီး 'မြေဇာ' ဆိုတဲ့ ကောင်ကို မိတ်ဆွေစာရင်းထဲက ဖျက်ပစ်လိုက်တော့... ခင်ကင်း ကင်းနေလိုက်တာ အကောင်းဆုံးပဲ"

" 'မြေ' က ဘာဖြစ်နေလို့လဲ"

"ဆင်းရဲလို့... ဂုဏ်သရည်မရှိလို့... အထက်တန်းလွှာထဲ ဟုတ်လို့ သိရဲ့လား... ထပ်မပြောဘူးနော်... နောက် အဲဒီ ကောင်နဲ့ လုံးဝမပတ်သက် မဆက်ဆံနဲ့ကြားလား"

'အထွန်း' သည် ဘာကတိမျိုးကိုမှ မပေးဘဲ ငြိမ်ငြိမ်သက် သက်ပင် မေမေ့အားစိုက်ကြည့်နေမိပါသည်။ 'အထွန်း' ရဲ့ဘဝ ဒီလောက်တောင်ပဲ ကျဉ်းကြပ်စွာရှင်သန်နေရမှာလား။ လွတ် လပ်ခွင့်ဆိုတာကို လူတိုင်းမက်မောကြတာပဲ မဟုတ်လား။

'အထွန်း' လည်းပဲ လူထဲကလူပဲဥစ္စာ။ ကိုယ်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



ချက်နဲ့ လွတ်လွတ်လပ်လပ် နေချင်ပါသည်။ ဖူးပွင့်ကာစအချိန်ရဲ့ပန်းပွင့်ကလေးတောင် ရှင်သန်ကြီးထွားခွင့် မရတော့ဘူးဆိုတာ ဘယ်လောက်နာကြည်း မကျေနပ်စရာကောင်းလိုက်သလဲ။

မေမေ ဘာပဲပြောပြော 'အထွန်း' ကတော့ 'မြေ' နဲ့ဆက်ပြီး ပတ်သက်နေအုံးမှာဖြစ်သည်။

"ငြိမ်ငြိမ် အကြံဥာဏ်တွေထုတ်မနေနဲ့... ငါ့စကားကဆုံးသေးတာမဟုတ်ဘူး... မနက်ဖြန်ကစပြီး ကားဂိတ်ကိုမသွားရတော့ဘူး... 'မာလာ' နဲ့လွှဲထားလိုက်လို့ရရင် လွှဲထားလိုက်မရဘူးဆိုရင်တော့ ဒီကားဂိတ်ကိုပါ ပိတ်ပစ်လိုက်မယ်... နို့မို့ဆို အလုပ်ကိုအကြောင်းပြပြီး ဘာမဟုတ်တဲ့ကောင်နဲ့ ချိန်းတွေ့နေဦးမယ်"

"မေမေပြောတာတွေက အလုပ်မဟုတ်ဘူးနော်... 'အထွန်း' ကို ချုပ်ချယ်ပိတ်လှောင်ထားရအောင် 'အထွန်း' ရဲ့အသက်အရွယ်က ဆယ်ကျော်သက်အရွယ်လေး မဟုတ်ဘူး 'အထွန်း' မှာစဉ်းစားဉာဏ်ဆိုတာ ရှိသေးတယ်"

"ဘာစဉ်းစားဉာဏ်လဲ... အဲ့ဒီ အသုံးမကျတဲ့ စဉ်းစားဉာဏ်ကြောင့်ပဲ ဘာမဟုတ်တဲ့ကောင်နဲ့ ထမင်းလက်ဆုံအတူတူ





စားလာတာလေ... ပတ်ဝန်းကျင်ကိုတောင်မေ့လို့... တကယ့်ရှက်ဖွယ်ပဲ... ငါ့သမီးလို့ပြောရမှာတောင်ရှက်တယ်"

ဖြစ်နေတုန်းအချိန်မို့လို့ မေမေ့ဒေါသတွေ ပြင်းထန်ကာပြောချင်တာ ပြောခဲ့တယ်လို့ 'အထွန်း' က ထင်ခဲ့ပေမယ့်တကယ်တကယ်တမ်းကျတော့လည်း မေမေက သူပြောတဲ့အတိုင်း ပြင်းပြင်းထန်ထန် စည်းကမ်းကို တင်းကြပ်ခဲ့ပါသည်။

နောက်တစ်နေ့မှာ 'အထွန်း' က ပုံမှန်အတိုင်းပဲ ကားဂိတ်ကို သွားဖို့ပြင်ဆင်ပြီးနေပေမယ့် မေမေက ပေးမသွားခဲ့ပေ။

"ကားဂိတ်ကို သွားစရာမလိုတော့ဘူးလို့ ပြောထားပြီးပြီလေ 'အထွန်း'... 'မာလာ' ကို ငါကိုယ်တိုင်အလုပ်ကိစ္စနဲ့ပတ်သက်ပြီး သွားစီစဉ်ပေးခဲ့မယ်... ညည်းဇွတ်လုပ်မယ်ဆိုရင်အားလုံးပိုအရှက် ကွဲယုံပဲရှိမယ်နော်... 'မာလာ' လည်း အလုပ်ပြုတ်သွားလိမ့်မယ်ဆိုတာ မှတ်ထား"

'အထွန်း' စိတ်ပျက်စွာဖြင့် သက်ပြင်းချကာ အိမ်မှာကျန်နေရစ်ခဲ့ရပါသည်။ 'ဒေါ်ခိုင်မာ' က 'မာလာ' ဆီသွားယုံတင်ဘာဘဲ ဘာမှမဆိုင်တဲ့ 'မြေဇာ' ဆီကိုပါ ဝင်တွေ့ဖို့ ဆုံးဖြတ်ပြီးထွက်လာခဲ့ခြင်းပါ။

'အထွန်း' ကို ပြောနေရင် ကန့်ကွက်ဆန္ဒပြမှုတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားကြောတွေရှည်နေမှာစိုးတာကြောင့် အသိမပေးဘဲ တိ
တိတ်ကလေး လစ်ထွက်လာခဲ့ရခြင်းဖြစ်သည်။ 'ဦးထွေး' အ
ဆိုင်ရှေ့တည့်တည့်မှာ ကားကို ရပ်ခိုင်းလိုက်ပါသည်။

ကားပေါ်ကဆင်းပြီး ဆိုင်ထဲ ခြေလှမ်းဝင်လိုက်တာနဲ့ စာ
ပွဲထိုးတစ်ယောက်က လှမ်းမေးလာသည်။

"အဒေါ်ကြီး ဘာသောက်မလဲ... အပူလား.... အအေး
လား ကြိုက်တာပြောပါ"

လူကို တောစတိုင်လ်နဲ့ အဒေါ်ကြီးလို့ ခေါ်တဲ့ကောင်
လေးအား စားတော့ ဝါးတော့မလိုဒေါသဖြစ်စွာ စိုက်ကြည့်
လိုက်ပါသည်။

"ဟဲ့... စားဖို့လာတာမဟုတ်ဘူး... နင်တို့လို ဆိုင်အစု
မှာ စားတတ်တဲ့အဆင့်အတန်းမျိုး မဟုတ်ဘူးဆိုတာ မှတ်ထ

"ဒါဖြင့် ကျွန်တော်တို့ဆိုင်ထဲ ဘာလို့ဝင်လာသလဲ"

"ကြည့်စမ်း.... ကြည့်စမ်း... ငါ့လိုလူကိုများသူက မာ
ကြောရေနဲ့ သေသွားမယ် ဘာအောင်းမေ့နေသလဲ"

'ဒေါ်ခိုင်မာ' က တကယ်တမ်းမချပေမယ့် ချတော့မ
အတိုင်းလက်နဲ့ ရွယ်ထည့်လိုက်ပါသည်။ ကောင်လေးက ရှော
တဲ့အနေဖြင့် နောက်သို့ ခြေလှမ်းဆုတ်သွားကာ ဘုကြည့်ကြ





နေ၏။

" 'မြဇာ' ဆိုတဲ့ကောင်နဲ့ တွေ့ချင်တယ်"

"အစ်ကို 'မြဇာ' နဲ့"

"ဟုတ်တယ်... သွားခေါ်ပေး"

ကောင်လေးသွားခေါ်နေချိန် 'ဒေါ်ခိုင်မာ' က ဆိုင်ပြင်
ထွက်ကာ လူသွားလမ်းမဘေးမှာပဲ ရပ်စောင့်နေလိုက်ပါသည်။
'မြဇာ' က ဘေးဘက် ဘီလိယက်ခန်းထဲမှ ထွက်လာပါသည်။
'ဒေါ်ခိုင်မာ' ကို မျက်စပြစ်လိုက်ရင်း ...

"ကျွန်တော့်ကို တွေ့ချင်တယ်ဆို... ဘာကိစ္စလဲ"

သေသပ်သန့်ပြန့်မှု မရှိသော 'မြဇာ' ပုံစံကိုကြည့်ပြီး
'ဒေါ်ခိုင်မာ' နှာခေါင်းရှုံ့သွားရသည်။ 'ကျွန်း' နဲ့များ တခြားစီ
ဏ်အရှိန်အဝါမရှိသော ဒီလိုကောင်ကို 'အထွန်း' က ဘာကို
ကော်မောပြီး ခင်တွယ်နေရတာလဲမသိ။

"ဒီနေရာမှာ ပြောလို့ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်... ဘာဖြစ်လို့လဲ"

"မင်းအရှက်ကွဲမှာစိုးလို့လေ"

"ကျွန်တော်..."

'မြဇာ' က သူ့ရင်ဘတ်သူ လက်ညှိုးပြန်ထိုးကာ မေး



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"ဟုတ်တယ်... မင်းကို အနေအထိုင်ဆင်ခြင်ဖို့ လာသတိပေးတာ... မင်းအဆင့်အတန်း မင်းအခြေအနေမျိုးနဲ့ 'အထွန်း' နဲ့ ပတ်သက်ဖို့မတန်ပါဘူး.... 'အထွန်း' မှာ လက်ထပ်ရမယ့် ဂုဏ်သရည်ရှိ ယောက်ျားတစ်ယောက်က အဆင်သင့်ရှိပြီးသား ဆိုတာ မှတ် ထား"

"အန်တီက 'အထွန်း' နဲ့ဘယ်လို ပတ်သက်နေသလဲ မသိဘူး"

" 'အထွန်း' ရဲ့ အမေဟဲ့..."

သူခေါင်းညိတ်ပြကာ ငြိမ်နေလိုက်မိပါသည်။ 'အထွန်း' ရဲ့အမေဖြစ်နေတာကြောင့် သူ့ဘက်က မချေမငံပြန်ပြောချင်တဲ့ စကားတွေကို မြိုသိပ်ချလိုက်ရပါသည်။ သူ့မှာလည်း သူ့မာနနဲ့ သူရှိနေရတာပဲ မဟုတ်လား။

" 'အထွန်း' ရဲ့ဘဝကို မင်းကြောင့် မြောင်းထဲရောက် အောင် မလုပ်ပါနဲ့ကွာ... အဆင့်အတန်းဆိုတာကိုမင်းနားလည် သဘောပေါက်မှာပါ"

သူ စကားတစ်ခွန်းမှ ပြန်မပြောဘဲ 'အထွန်း' ရဲ့ မိခင် ဖြစ်သူကိုသာ ကြည့်နေမိပါသည်။





"ပြောထားပြီးသားနော်... အဲဒါကိုမှ မင်းဘက်က ရှေ့ ဆက်တိုးမယ်ဆိုရင် ငါတို့အဆိုးမဆိုနဲ့..."

'အထွန်း' ဘဝနဲ့ သူ့ဘဝနဲ့ အလှမ်းဝေးကွာတယ်ဆိုတာ ကို ဖွင့်မပြောလည်း သူနားလည်နေပါသည်။ ဒါကြောင့်လည်း သူ့ရင်ထဲက ခံစားချက်ကို ချုပ်ထိန်းကာ ရှေ့ဆက်တိုးဖို့ ဘာ အတ်လမ်းမှ မဖန်တီးဘဲ နေခဲ့တာပေါ့။

အခုလို အခြေအနေမျိုးနဲ့ဆိုရင် ပိုပြီးတော့တောင် ဝေး ကွာသွားခဲ့ရပြီမဟုတ်လား။ မနေ့ညနေက 'အထွန်း' နဲ့အတူ ချော်ရှင်ကြည်နူးစွာ လက်ဆုံစားဖြစ်ခဲ့တယ်ဆိုတဲ့အဖြစ်က အိပ် မက်မက်သလိုသာ ဖြစ်နေပါတော့သည်။

'အထွန်း' ကို သူချစ်မိနေပါပြီ။ တမြတ်တနိုးနဲ့ကို ချစ် နေမိပါပြီ။ ဒါပေမယ့် သူ့အချစ်တွေကို ဖွင့်ပြောပြဖို့ အခြေအနေ ပေးလာတဲ့အတွက် ရင်ထဲမှာပဲ ထာဝရသိမ်းဆည်းထားဖို့ ဆုံးဖြတ်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၉

"စေ့စပ်ဖို့ကိစ္စကို မေမေလောလိုက်ပြီ... သားဘာ မှ ပူမနေနဲ့... 'အထွန်း' ဘက်ကိုသာ အပိုင်စည်းရုံးထား"

"'အထွန်း' ကို စည်းရုံးဖို့က မလွယ်ဘူးမေမေရ... ဒီမိန်း မက ဂျစ်တစ်တစ်ရယ်... မကျေနပ်ဘူးဆိုရင် ပေါက်ကွဲပြီး လက်ပါ ပါလာမှာစိုးရတယ်"

"မပိုင်သေးခင်တော့ သူဘာပဲလုပ်လုပ် စိတ်လျှော့ပြီး သည်းခံလိုက်စမ်းပါကွယ်... ကိုယ့်လက်ထဲရောက်ပြီဆိုမှ အရိုး ပါ ရွှတ်ရွှတ်မြည်အောင်ချိုးပစ်... အဓိက က သူတို့စည်းစိမ်





ဥစ္စာတွေ မေမေတို့ အပိုင်ရဖို့ပဲ မဟုတ်လား"

'ကျွန်း' အံကိုကြိတ်ကာ ခေါင်းညိတ်ပြလိုက်ပါသည်။ မပိုင်သေးခင်တော့ 'အထွန်း' တစ်ယောက် သူ့စိတ်ကြိုက် မာရေ ကြောရေ နေပြနိုင်သေးတာပေါ့လေ။ ကိုယ့်လက်ထဲရောက်ပြီ ဆိုမှ ဒီမိန်းမကို ပြားပြားဝပ်နေရအောင် ပုံသွင်းဖို့ကြိုးစားရပါ မည်။

ခုဆိုရင် 'အထွန်း' နဲ့ စေ့စပ်ဖို့ရက်ကလည်း နီးနီးကလေး ပဲလိုတော့သည်။ စေ့စပ်ပြီးတာနဲ့ လက်ထပ်ပွဲကို တစ်ပတ်ဆယ် ရက်သာခြားပြီး လုပ်ဖို့အတွက် မေမေက သူ့အစီအစဉ်နဲ့ သူ 'ဒေါ်ခိုင်မာ' အား အကွက်ကျကျ စကားသွင်းလို့နေပါပြီ။

မေမေ့ဘက်က 'ဒေါ်ခိုင်မာ' ကို လှည့်ချင်တိုင်း လှည့်နိုင် ပေမယ့် 'ကျွန်း' ဘက်ကကျတော့ 'အထွန်း' ကို လှည့်ဖျားဖို့ အတွက် ခက်ခဲနေရလေသည်။ ဒီရက်ပိုင်း 'အထွန်း' တို့အိမ်သို့ 'ကျွန်း' နေ့တိုင်းရောက်ဖြစ်ပါသည်။

'ကျွန်း' ဘက်က အတတ်နိုင်ဆုံး စိတ်ကို လျှော့ကာ သည်းခံလိုက်လျောဖော်ရွေသလောက် 'အထွန်း' ကတော့ မေမေတို့ရှေ့မှာပင် မျက်နှာရှစ်ခေါက်ချိုးနဲ့ ပုပ်ပွကာ ဆဲ့ပြနေ လေသည်။ စကားလည်း ကောင်းကောင်းပြန်မပြောပါ။


www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ခိုင်မာ' ကတော့ 'ကျွန်း' ကို အားနာစွာဖြင့် တောင်းပန် ပျူငှာတဲ့စကားတွေဖြင့် ဧည့်ခံရှာပါသည်။

" 'အထွန်း' တစ်ယောက် ခုတလော ဘာဖြစ်နေမှန်းမသိပါဘူးကွယ်... ပြောစကားလည်း နားမထောင်ချင်ဘူး... အန်တီက အလုပ်မသွားခိုင်းတာကို အကြောင်းပြပြီး စိတ်ကောက်နေတာ"

အပြုံးဖြင့် 'အထွန်း' ရဲ့မျက်နှာကို 'ကျွန်း' က ကြည့်ပေမယ့် 'အထွန်း' ရဲ့မျက်နှာက ယောင်ယောင်ကလေးပင် ပြုံးမလာခဲ့ပါ။ မျက်နှာကြောတွေပြတ်ထွက်မတတ်ကို တည်တင်းထားလေသည်။

"သဘက်ခါ စေ့စပ်ပွဲနေ့ကျရင် 'အထွန်း' ဝတ်ဖို့အတွက် ကျွန်တော်လက်စွပ်အပ်လာခဲ့ပေးတယ် အန်တီ... တော်မတော် ဝတ်ကြည့်ခိုင်းပါဦး"

စေ့စပ်လက်စွပ်သာပြောပေမယ့် 'ကျွန်း' ပေးတဲ့ လက်စွပ်က စိန်တစ်လုံးတည်းနဲ့ လုပ်ထားတဲ့လက်စွပ်မဟုတ်ဘဲ စိန်လုံးလေးတွေ စီချယ်ကာလုပ်ထားတဲ့ ပုံစံဆန်းပြားသည့် တြိဂံပုံလက်စွပ်ကလေး ဖြစ်၏။

စိန်လုံးတွေကကြီးနေသည့်အတွက် လက်စွပ်ကအရောင်





တွေ တဖျတ်ဖျတ်နဲ့နေအောင် လက်လက်ဖြာထွက်နေလေသည်။ လှပသော လက်စွပ်ပုံစံဆန်းလေးကိုကြည့်ပြီး 'ဒေါ်ခိုင်မာ' သဘောအကျကြီး ကျနေမိပါသည်။

မိမိမှာရှိတဲ့ စိန်ကြွေတွေကလည်း ဒီဆိုဒ်ဒီအရွယ်လောက်ပဲရှိတာပါ။ ဒီစိန်လက်စွပ်ကလေးကိုမြင်မှ ပျောက်သွားခဲ့တဲ့ စိန်ကြွေတွေကို ပြန်သတိရမိပြီး နှမြောတသစိတ်က ဝင်လာရလေသည်။

" 'အထွန်း' ဝတ်ကြည့်စမ်း... လက်နဲ့တော် မတော် ကြည့်ရအောင်... 'ကျွန်း' က လုပ်တတ်လိုက်တာကွယ်... ပုံစံကလေးကလည်း ဆန်းဆန်းပြားပြားနဲ့ ချစ်စရာကလေး... ကြည့်ပါဦး"

'အထွန်း' သည် မဝတ်ဘူးလို့ ငြင်းလိုက်ချင်ပေမယ့် မေမေရဲ့ ဆူပူတဲ့ဒဏ်ကို မခံစားနိုင်တာကြောင့် မျက်ကနဲပဲ ကောက်ယူကာ လက်သူကြွယ်မှာ ဝတ်ဆင်ပြလိုက်ပါသည်။ လက်စွပ်ကလေးက 'အထွန်း' လက်နှင့်တိုင်းလုပ်ထားသလား အောင်းမေ့ရအောင်ပင် အနေတော် အံဝင်ခွင်ကျ လှပနေလေသည်။

လှပနေပေမယ့် 'အထွန်း' ကတော့ ဒီတန်ဖိုးရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



စိန်လက်စွပ်ကို မက်မောလိုချင်တဲ့ ဆန္ဒမျိုးရှိမနေတာ ကျိန်းသေနေပါသည်။ ဒီလက်စွပ်က 'အထွန်း' ရဲ့ဘဝကို အနှောင့်အယှက်ပေးဖို့ အချုပ်အနှောင်ထဲထည့်ဖို့အတွက် ရှေ့ပြေးပဏ္ဏာမ လက်ဆောင်မဟုတ်လား။

"လှလိုက်တာ သမီးရယ်... မင်္ဂလာပွဲကျရင် ဒီထက်ပိုဒီဇိုင်းဆန်းပြီး ပိုကြီးတဲ့ စိန်ပွင့်တွေနဲ့ ဝမ်းဆက်စာ လုပ်ပေးဦးမယ်သိလား"

"'အထွန်း' က လက်ဝတ်လက်စားတွေ ဝတ်ရတာ ဝါသနာမပါဘူးအန်တီရဲ့... လုပ်မနေပါနဲ့... အန်တီတို့ ပိုက်ဆံအချောင်ကုန်နေပါဦးမယ်"

'ဒေါ်မိမိကြီး' မျက်နှာပျက်ယွင်းသွားပေမယ့် ချက်ချင်းဆိုသလို ပြန်ပြုံးလိုက်ပြီး ...

"ကုန်စမ်းပါစေကွယ်... အန်တီ့မှာက ဒီသားတစ်ယောက်ပဲ ရှိတဲ့ဥစ္စာ... ရှိသမျှစည်းစိမ်ပုံအောပြီး မင်္ဂလာပွဲကို ဒိတ်ဒိတ်ကြဲ စည်ကားအောင် လုပ်ဝစ်လိုက်မယ်... ဟန်းနီးမွန်းကိုတောင် အန်တီတို့အမျိုးတွေရှိတဲ့ အင်္ဂလန်ကို လွှတ်ဖို့စီစဉ်ထားပြီးပြီ—ဟိုက စပွန်စာကို စောင့်နေတာ"

"'အထွန်း' က လေယာဉ်မစီးရဲဘူး... လေယာဉ်စီးရမှာ





ကို သေမလောက်ကြောက်တာ"

ငြင်းဆန်နေသော 'အထွန်း' ရဲ့စကားတွေကို မေမေအမြင် ကတ်လာပုံရသည်။ 'အထွန်း' ကို မျက်စောင်းရွယ်ရင်း

"လူတကာစီးနေတဲ့လေယာဉ်ကို ဘာကိစ္စအံကဲပိုပြီးကြောက်ပြနေရတာလဲ... ပျက်ကျလို့ သေတယ်ဆိုရင်လည်း ညည်းတစ်ယောက်တည်းကွက်ပြီး သေမှာမဟုတ်ဘူး... အားသုံးသေကြရမှာ ကဖျက်ကယက်စကားတွေ ပြောမနေနဲ့"

'အထွန်း' နှုတ်ခမ်းကိုစူကာ ငြိမ်ငြိမ်သက်သက် နေနေလိုက်ပါသည်။

"'မမမိ' ကို ပြောစရာရှိသေးတယ်... ကျွန်မနဲ့အခန်းထဲကို လိုက်ခဲ့..."

တမင်အကွက်ဆင်ကာ မေမေတို့ ရှောင်ပေးသွားကြမှန်း 'အထွန်း' ရိပ်မိပါသည်။ မေမေတို့ထွက်သွားတာနဲ့ 'ကျွန်း' က ချင်လျှင်မြန်မြန်ပင် 'အထွန်း' ရဲ့ နံဘေးမှာ လာကပ်ထိုင်လိုက်ပါသည်။ 'အထွန်း' က ကိုယ့်ကိုရို့ကာ 'ကျွန်း' ရဲ့ဝေးရာဘက်ကို ရွှေ့ထိုင်လိုက်ပါသည်။

"ဘယ်လိုဖြစ်တာလဲ... စကားပြောချင်လို့ အနားလာထိုင်တဲ့ဟာကို ကိုယ်ကမင်းကို ဘာလုပ်မယ်များ ထင်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"စကားပြောချင်ရင် ခုနက ထိုင်တဲ့နေရာကပဲ ပြောပါ လား ဘာလို့အနားလာကပ်ထိုင်ရတာလဲ… အိမ်ကလူတွေ မြင် သွားရင် တစ်မျိုးထင်မှာပေါ့"

"ဟောဗျာ… မနက်ဖြန် သဘက်ခါပဲ စေ့စပ်တော့မယ့် ဟာကို ဘယ်သူက ဘာထင်မှာလဲ"

"စေ့စပ်တာက လက်ထပ်တာမှ မဟုတ်ဘဲ… ပူးကပ်နေ စရာ ဘာအကြောင်းမှမရှိဘူး"

ဆတ်ဆတ်ထိ မခံဖြစ်ပြနေသော 'အထွန်း' ကိုကြည့်ပြီး 'ကျွန်း' စိတ်ထဲကနေ အမြင်ကတ်လာရပါသည်။ ဒီမိန်းမ သူ့ ကိုယ်သူ ပိုက်ဆံချမ်းသာပြည့်စုံတယ်ဆိုပြီး မာရေကြောရေနဲ့ အိုင်တင်ခံပြနေသည်။ 'မြေဇာ' ဆိုတဲ့ကောင်နဲ့တုန်းကတော့ မျက်နှာက သကာလူးထားတဲ့မျက်နှာနဲ့။

"'အထွန်း' ကိုယ့်ကို ဘာမကျေမနပ်ဖြစ်နေတာလဲ— ပွင့်ပွင့်လင်းလင်းပြောပြစမ်းပါကွာ"

"အကုန်လုံးကို မကျေမနပ်ဖြစ်နေတာ… ရှင့်တစ်ယောက် တည်းကို မဟုတ်ဘူး… ကျွန်မကို အိမ်ထဲက အိမ်ပြင်မထွက်ခိုင်း တာကို လုံးဝမကျေနပ်ဘူး"

"အဲဒါ… ကိုယ်နဲ့ဘာဆိုင်လို့လဲ… အန်တီအမိန့်ပဲဥစ္စာ"





"ရှင်နဲ့ပတ်သက်မိလို့ ခုလိုအပိတ်ပင်ခံရတာပေါ့"

"ကျွတ်"

'အထွန်း' သည် 'ကျွန်း' နဲ့စကားပြောနေရတာကိုပဲ စိတ် ညစ်ကြပ်လို့လာရပါသည်။ တစ်ယောက်တည်းပဲ တွေးချင်ရာ တွေးပြီးနေနေချင်သည်။ 'ကျွန်း' ဟာ 'အထွန်း' ရဲ့ ရင်ကိုမခုန် ဘူးဆိုတာ သေချာနေပြီပဲ။

ရင်မခုန်တဲ့သူကို 'အထွန်း' ဘဝထဲဝင်လာဖို့ အလိုမရှိပါ။ လာပွဲကို ဘယ်လိုအကြောင်းပြချက်မျိုးနဲ့ ဖျက်ပစ်ရမလဲ ဆိုတာကိုပဲ 'အထွန်း' တစ်ချိန်လုံး စဉ်းစားနေမိပါသည်။

"ရှင်မပြန်သေးဘူးလား"

"မေမေမှ မပြန်သေးတာ… မေမေ့ကို စောင့်ရအုံးမှာပေါ့"

"ဒါနဲ့ ရှင်အလုပ် မလုပ်တော့ဘူးလား… နေ့တိုင်း ကျွန်မ ဆီ ရောက်ရောက်လာတယ်… ပြီးတော့ အိမ်မှာပဲနေတယ်… အလုပ်က ဒီအတိုင်းပစ်ထားလိုက်လို့ရသလား"

'ကျွန်း' က မျက်ခုံးကိုပင့်ကာ ဟန်ပါပါပြုံးလျက် အရေး ကြီးသလို ပြောလာပါသည်။

"ကိုယ့်အလုပ်တွေက မန်နေဂျာနဲ့ လွှဲထားလို့ရတယ် — အရမ်းအရေးကြီးလောက်မှပဲ ကိုယ် ကိုယ်တိုင်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



တယ်… ဒီ ရက်ပိုင်းမှာ ဘာအလုပ်မှ မလုပ်ချင်ဘူး… 'အထွန်း' နဲ့ ကိုယ်နဲ့ ကိစ္စက အရေးကြီးနေတဲ့ဟာ"

"ဒီလောက်ကြီးလည်း မဟုတ်ပါဘူး… လုပ်စရာရှိတာ လုပ်စမ်းပါ… တစ်နေ့တော့ ရှင့်ရဲ့ရုံးခန်းကို ကျွန်မလိုက်လာဦး မယ်… စပ်စုရတာပေါ့"

'အထွန်း' က ဘာရယ်မဟုတ် ပြောလိုက်ပေမယ့် 'ကျွန်း' ရဲ့မျက်နှာက ထိန်းမရအောင် ကွက်ကနဲ ပျက်သွားရလေသည်။ သူ ဘာကြောင့် ဒီလိုဖြစ်သွားရသလဲဆိုတာ 'အထွန်း' စဉ်းစား လို့မရချေ။ အလုပ်ရုံးခန်းကို လိုက်လည်တာ ဘာများကြီး ကျယ်တဲ့ ကိစ္စမို့လို့လဲ။

သူလည်းပဲ 'အထွန်း' ရဲ့ ကားဂိတ်ကို ရောက်အောင်လာ ခဲ့တာပဲမဟုတ်လား။ ငြိမ်သက်နေသော 'ကျွန်း' ကိုကြည့်ကာ 'အထွန်း' စိတ်ထဲ ဘာကြောင့်မှန်းမသိ မယုံသင်္ကာစိတ်က မရိုး မရွနဲ့နေအောင် ပေါ်ထွက်လာရလေသည်။

"ရှင့်ပုံစံက ဘာဖြစ်သွားရတာလဲ"

ခေါင်းကိုခါယမ်းပြသော 'ကျွန်း' ရဲ့ပုံစံက တည်ငြိမ်မှု မရှိချေ။ အရမ်းကို စိတ်လှုပ်ရှားနေပုံပေါ်ပါသည်။ 'အထွန်း' ထံလည်း စိတ်ထဲသိချင်တာကို ဟန်ဆောင်မြိုသိပ်ထားမနေ





တော့ဘဲ ဘွင်းဘွင်းပဲ မေးချပစ်လိုက်ပါသည်။

"'အထွန်း' ကို မခေါ်ချင်ဘူးလား… ကျွန်မအလုပ်ကို အောင် ရှင်လာလည်သေးတာပဲဥစ္စာ"

"ခေါ်ချင်ပါတယ်… လက်ထပ်ပြီးတော့မှပဲ ပိုင်ရှင်ကာ ဆော် တစ်ယောက်အနေနဲ့ လိုက်လည်တာ ပိုမကောင်းဘူး သား"

"လက်ထပ်ဖို့ဆိုတာက ဘာမှ စီစဉ်ရသေးတာတောင် ဟုတ်ဘူး"

'ကျွန်း' ဘက်က ဘာဆက်ပြောလာမလဲဆိုပြီး 'အထွန်း' ဆောင့်နားထောင်နေဖေမယ့် 'ကျွန်း' က စကားလမ်းကြောင်း လွှဲပစ်လိုက်ပါသည်။

"ဒီနေ့ညနေ ကိုယ်တို့နှစ်ယောက် အပြင်မှာ ထမင်းသွား စားကြရအောင်… 'အထွန်း' လိုက်ခဲ့ပါလား"

"နေပါစေ… 'အထွန်း' အပြင်သိပ်မထွက်ချင်ဘူး… အိမ်မှာပဲနေချင်တယ်"

မေမေနဲ့ 'ဒေါ်မိမိကြီး' ပြန်ရောက်လာတဲ့အခါကျတော့ 'အထွန်း' ကထပ်ပြီးစုံစမ်းလိုက်ပါသေးသည်။ အစိကအကြောင်း အရင်းမှာ 'ဒေါ်မိမိကြီး' ရဲ့မျက်နှာကို အတဲခတ်ချင်တာလည်း



www.burmeseclassic.com

www.burmeseclassic.com



ပါတာပေါ့။

"အန်တီ... 'ကျွန်း' က သိပ်ကြီးကျယ်တာပဲသိလား"

'ဒေါ်မိမိကြီး' မျက်နှာက စုံတွဲထိုင်သလိုဖြစ်နေသော 'အထွန်း' တို့ကိုကြည့်ကာ ပြုံးပြပြဖြစ်နေလေသည်။

"ဘာကြီးကျယ်တာလဲ သမီးရဲ့... အန်တီ့ကို ပြောပါဦး"

"သူ့ရုံးခန်းကို လိုက်လည်မယ်ဆိုတာကို မခေါ်ဘူးလေ... ဘာဖြစ်နေမှန်းမသိဘူး"

'ဒေါ်မိမိကြီး' မျက်နှာက ပြုံးနေရာမှ ပျက်ယွင်းမှုန်မှိုင်းသွားရတာကြောင့် 'အထွန်း' ရင်ထဲမှ သံသယက ပိုကြီးထွားသွားရလေသည်။

"ခေါ်မှာပါကွယ်... သမီးပင်ပန်းမှာစိုးလို့ဖြစ်မှာပါ"

အလည်လိုက်လာတဲ့ကိစ္စက 'အထွန်း' အတွက် ဘာများပင်ပန်းသွားမှာမို့လို့လဲ... မခေါ်ချင်တဲ့ အကြောင်းတခုခုတော့ ရှိရပါမည်။ ခါတိုင်းဆို ပြန်ဖို့အရေးကို အချိန်ဆွဲနေကြတဲ့ သားအမိနှစ်ယောက်က အခုတော့လည်း ခပ်မြန်မြန်ပင် နှုတ်ဆက်ကာ ပြန်သွားခဲ့ကြပါသည်။





## အခန်း ၂၀

'မာလာ' သည် ကိုယ့်အရှေ့မှ ခပ်သွက်သွက်ခြေလှမ်းတွေဖြင့်သွားနေသော 'မြဇော်' နောက်သို့ အလောတကြီး ပြေးလိုက်နေမိပါသည်။ 'အထွန်း' ကားဂိတ်သို့ မလာတော့ကတည်းက 'မြဇော်' နဲ့ပတ်သက်ပြီး ဘာသတင်းမှ မကြားရသလို ဘာစကားမှလည်း မပြောဖြစ်တော့ပါ။

'အထွန်း' ရှိနေရင် နောက်ရင်းပြောင်းရင်းနဲ့ 'မြဇော်' နဲ့ ပတ်သက်တဲ့ ကိစ္စတွေကို ပြောဆိုမိကြပါသည်။ 'အထွန်း' အလုပ်သို့ မလာရတဲ့အကြောင်းအရင်းက 'မြဇော်' နဲ့သက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



နေမလားဆိုတာကို 'မာလာ' ရင်ထဲ အရမ်းကို သိချင်စိတ်ပြင်း
နေရလေသည်။

'မာလာ' သည် ခြေလှမ်းကျဲနဲ့ အမောတကောလိုက်လာ
ရတာကြောင့် လေသံကျယ်ကျယ်ပင် မထွက်နိုင်တော့ဘဲ 'မြေ
ဇာ' ရဲ့ အင်္ကျီလက်မောင်းစွန်းကိုသာ ဆုပ်ကိုင်ဆွဲပြီး ခေါ်လိုက်
တော့၏။

လှည့်ကြည့်လာသော 'မြေဇာ' ရဲ့ မျက်နှာက ဝမ်းသာ
သွားရမည့်အစား စိတ်ရှုပ်တဲ့အမူအယာပင် ပေါက်သွားတာ
ကြောင့် 'မာလာ' စိတ်ထဲ တစ်မျိုးဖြစ်သွားရပါသည်။

"ရှင့်မျက်နှာက ဘာဖြစ်သွားရတာတုန်း... လူကိုများ
မခေါ်ချင်သလို မပြောချင်သလိုနဲ့ ဘာစတိုင်လ်ဘာအချိုးလည်း
ဆိုတာကို ပြောပါဦး"

စိတ်တိုမှုကြောင့် 'မာလာ' ရဲ့အသံက ကျယ်လောင်
ရပါသည်။

"မဟုတ်ပါဘူးဗျာ... ဆိုင်အတွက် နောက်ဆံတင်းနေ
အိမ်ပြန်ချင်စိတ်များနေရတာပါ... 'မာလာ' က ဘာကိစ္စရှိ
လဲ"

"ပြောစရာ မေးစရာတွေရှိလို့ပေါ့... လာပါရှင်... ဟိုး





နားက ကြံရည်ဆိုင်မှာ ကြံရည်သောက်ရင်းပြောရအောင်"

ခပ်လှမ်းလှမ်းမှာရှိသော ကြံရည်ဆိုင်ကို လက်ညှိုးညွှန်
ကာ 'မာလာ' က ခေါ်လိုက်ပါသည်။ 'မြေ' က ဆိုင်အတွက်လို
အပ်တဲ့ နို့ဆီတို့ လက်ဘက်ခြောက်တို့ကို ဒီညောင်ဖြင်လေး
ဈေးမှာလာဝယ်တာဖြစ်ပြီး 'မာလာ' ကတော့ ကုန်ပစ္စည်းထုတ်
သူဖို့အတွက် ကုန်သည်ထံ လာအကြောင်းကြားခြင်းဖြစ်ပါ
သည်။

"ဘာသောက်မလဲ... ကျွန်မကတော့ ဇီးကြံရည်သောက်
မယ်"

"ကျွန်တော်က သံပုရာရည်"

မကောင်းတတ်လို့သာ 'မြေ' ဒီကြံရည်ဆိုင်မှာ ထိုင်လိုက်
ရပေမယ့် စိတ်ထဲကတော့ လုံးဝကို မထိုင်ချင်ပါ။ 'အထွန်း' နဲ့
ပတ်သက်သော သူမှန်သမျှအားလုံးကို ခပ်ကင်းကင်းနေလိုက်
ချင်ပါသည်။

တတ်နိုင်သရွေ့ 'အထွန်း' အား သူမေ့ကာထားသည်။
စိတ်ထဲက အတင်းမေ့ပျောက်ကာ ထားပေမယ့်လည်း များသော
အားဖြင့် 'အထွန်း' က သူ့ရဲ့အတွေးတွေမှာ စိုးမိုးနေနိုင်ဆဲပင်ဖြစ်
ပါသည်။ သူခံစားကြေကွဲနေရတာကို 'အထွန်း' တစ်ယောက်သိ



www.burmeseclassic.com

www.burmeseclassic.com



ပျ်ါရဲ့လား။

" 'အထွန်း' အကြောင်း သိပြီးပြီလား"

သူ မကြားချင်ဆုံးစကားကို 'မာလာ' က မေးလာ

သည်။ သူခေါင်းခါပြရင်း ...

"ဘယ်သိမှာလဲ... ကျွန်တော်နဲ့ 'အထွန်း' နဲ့က သိ

ပတ်သက်စရာအကြောင်းမှ မရှိတဲ့ဟာ... 'မာလာ' ကမှ သူ

အမြဲ တွေ့နေတဲ့သူဆိုတော့ ကျွန်တော့်ထက်ပိုသိမှာပေါ့"

" 'မြေ' က 'အထွန်း' ဆီ ဖုန်းမဆက်ဘူးလား"

"မဆက်ပါဘူး"

" 'အထွန်း' ကကော"

"ရော်... သူက ကျွန်တော့်ဆီ ဘာကိစ္စဆက်ရမှာလဲ"

'မာလာ့' စိတ်ထဲ 'အထွန်း' တစ်ယောက် အလုပ်သို့မ

ပေမယ့် 'မြေ့' ဆီ ဖုန်းဆက်ကာ သူ့ရဲ့အဖြစ်အပျက်တွေအ

အကြောင်းတွေ ပြောပြနေတာမှတ်နေတာ။ 'မြေ' နဲ့ပတ်သ

ပြီး သံယောဇဉ်တွယ်နေပုံရသော 'အထွန်း' ရဲ့မျက်လုံးတွေ

'မာလာ' ရိပ်မိနေခဲ့တာပဲ။

"ဒီလိုဆို မနက်ဖြန် 'အထွန်း' စေ့စပ်မှာကို 'မြေ' တ

မသိသေးဘူးပေါ့"





"စေ့စပ်တော့မယ်"

'မြေ့' ရဲ့အသံက အက်ကွဲတုန်ခတ်လို့သွားရပါသည်။

ဖျက်ယွင်းနီမြန်းချင်လာသော မျက်နှာကို ဟန်ဆောင်လိုက်ချင်

ပေမယ့် 'မြေ' ဟန်ဆောင်လိုက်လို့မရချေ။ 'မာလာ' ကလည်း

စူးစိုက်ကာကြည့်ပြီး အကဲခတ်နေလေသည်။

"ဟုတ်တယ်... 'ကျွန်း' ဆိုတဲ့လူနဲ့စေ့စပ်တော့မှာ စေ့စပ်

ပြီး သိပ်မကြာခင် လက်ထပ်ပွဲကျင်းပမယ်လို့ ပြောတာပဲ"

"ဪ"

"ရှင့်စိတ်ထဲမှာ ဘာမှမဖြစ်ဘူးလား"

"ကျွန်တော်က ဘာဖြစ်ရမှာလဲ"

"ရှင့်ကိုယ်ရှင် ညာနေရင်တော့ ကျွန်မလည်း ဘာမှမပြော

တတ်တော့ဘူး... ရှင့်ထိုက်နဲ့ ရှင့်ကံပဲ"

'မြေ' ခေါင်းသာညိတ်ပြလိုက်မိပါသည်။သူ့ဘဝအခြေ

အနေနဲ့ ဒီလိုမျိုးပဲကျန်ရစ်ဖြစ်ကာ ခံစားရမည်ဆိုတာကိုကြိုတင်

သိနေခဲ့ရပြီးပြီပဲမဟုတ်လား။ 'မာလာ့' ရှေ့မှာ သူပေါက်ကွဲပြနေ

တော့ကော ဘာဖြစ်လာမှာမှတ်လို့။

'အထွန်း' နဲ့သူ့ဘဝက အဝေးကြီးကို ဝေးကွာသွားကြ

ပါပြီ။ လူချင်းဝေးကွာသွားပေမယ့် 'အထွန်း' အပေါ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲက အချစ်ကတော့ ဘယ်တော့မှ ပျောက်ပျက်သွားမယ်လို့ မထင်ပါချေ။

"ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်မ 'ကျွန်း' ဆိုတဲ့လူကို သိပ်သဘောမကျဘူး"

'မြေ' ရယ်လိုက်မိပါသည်။ 'မာလာ့' ပြောတဲ့စကားက အမှားကြီးပဲမဟုတ်လား။

" 'အထွန်း' သဘောကျဖို့က လိုရင်းပဲမဟုတ်လား"

"ကျွန်မပြောတဲ့ အဓိပ္ပါယ်က အဲ့ဒီလိုမဟုတ်ဘူး သဘောမကျဘူးဆိုတာက ဒီလူရဲ့စိတ်နေစိတ်ထားကို သဘောမကျတာ... မကောင်းတာတစ်ခုခုရှိနေသလိုပဲ... 'အထွန်း' အပေါ် ဆက်ဆံတာ လိုအပ်တာထက် ပိုနေတယ်သိလား"

"အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ... လိုတာထက်ပိုတယ်ဆိုကတည်းက ဘယ်ကောင်းတော့မှာလဲ... သူ့မှာအကြံရှိလို့ဖြစ်မှာပေါ့"

'မြေ့' စိတ်ထဲ ပူပင်စိုးထိတ်သွားရပါသည်။ 'အထွန်း' သောကတွေနဲ့ ရင်ဆိုင်တွေ့ရမှာကို သူမလိုလားပါ။ 'အထွန်း' တစ်ယောက် အမြဲတမ်း စိတ်ချမ်းမြေ့ပျော်ရွှင်နေတာကိုပဲ သူမြင်တွေ့ချင်နေပါသည်။





"အဲ့ဒီအကြံက ဘာအကြံလဲ"

'မာလာ' က သူ့အားပြုံးတွေတွေနဲ့ ရိုသလိုလိုကြည့်လာပါသည်။

"သူ့ရဲ့အကြံကိုသိမှတော့ ရှင့်ကို ပြောပြရှင်းပြနေရဦးမလား 'အထွန်း' ကို ဖွင့်ပြောပြီး ရှင်းပစ်လိုက်မှာပေါ့... ရှင်ကတော့ တကယ်ပဲသိလား... 'အထွန်း' နဲ့ပတ်သက်ရင် စိတ်မဝင်စားသလို အိုင်တင်ကလည်း လုပ်သေးတယ်... ပြီးတော့... ရှင့်လောက်စိတ်ဝင်တစားနဲ့ ပူပင်တတ်တာလည်း မရှိဘူး"

"ဒါကတော့ 'အထွန်း' ကို ကျွန်တော်က ခင်တာကိုး"

"ထားပါတော့... ကျွန်မ ဒီကပြန်ရင် 'အထွန်း' ဆီဝင်အုံးမှာ ရှင်ဘာမှာဦးမလဲ"

သူအမြဲတမ်းသတိတရနဲ့ လွမ်းဆွတ်နေပါတယ်လို့ မှာလိုက်ချင်ပေမယ့် အမှန်အတိုင်းပြောမထွက်ရဲပါ။ 'အထွန်း' ရဲ့အမေ ပြောခဲ့သောစကားတွေဟာ သူ့နားထဲမှာ မမေ့နိုင်အောင် ပြန့်ပြန့်ကြားယောင်လို့ နေဆဲဖြစ်သည်။

ဖြစ်သင့်တာကိုပဲ သူဆင်ခြင်ကာ မှာလိုက်ပါသည်။

"ကျွန်တော်နဲ့တွေ့ခဲ့တယ်ဆိုတာကို မပြောပြပါနဲ့... အလကိစနဲ့ ကျွန်တော့်ကိုမေ့နေပါစေ... စေ့စပ်ပွဲကိုပဲ ပျော်ပျော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ရှင်နဲ့ စိတ်ကူးယဉ်နေပါစေဗျာ”

“ရှင့်စကားက တစ်မျိုးကြီးပဲ... ဘာကိစ္စ ကျွန်မက ရှင်း
တွေ့ခဲ့တယ်ဆိုတာကို ဖုံးကွယ်ထားပေးရမှာလဲ... အမှန်
အမှန်အတိုင်းပဲပေါ့... ‘အထွန်း’ ကလည်း ရှင့်နာမည် ရှ
သတင်းတွေ မကြားချင်လောက်အောင် စိတ်နာကြည်းနေ
သူမျိုးမှ မဟုတ်တာ”

“‘အထွန်း’ ရဲ့အမေသိသွားပြီး ‘အထွန်း’ ကို ဆူပူနေ
စိုးလို့ပါဗျာ”

“အန်တီ ‘ခိုင်မာ’ က”

‘မာလာ’ ခေါင်းထဲ အတွေးတွေမျိုးစုံသွားရလေသည်
အန်တီ ‘ခိုင်မာ’ နဲ့ ‘မြေ’ နဲ့ ကြားထဲမှာ ပြဿနာတစ်ခုခု
ရှိထားပြီးပြီ နဲ့တူပါသည်။ အန်တီ ‘ခိုင်မာ’ က ပြောလို့ရ
မဟုတ်။

သူမကျေနပ်ရင် ဘယ်သူပဲဖြစ်ဖြစ် လူမှုရေးတွေဘာ
နားလည်တာမဟုတ်ဘဲ စွတ်ပြောချင်တာ ပြောပစ်တာ။ ‘မြေ’
ကိုလည်း သူတစ်ခုခုလာ မပြောဘူးလို့ ပြောလို့ရတာမဟု
‘မြေ’ နဲ့တွေ့မှာစိုးလို့များ ‘အထွန်း’ ကို ကားဂိတ်ကို မလာ
တာလားမသိ။





“ခင်ဗျား... ဘာမှလျှောက်စဉ်းစားမနေနဲ့... ကျွန်တော်နဲ့
ခါခိုင်မာ’ နဲ့ ဘာမှမဖြစ်ဘူး... ‘အထွန်း’ ကိုလည်း စိတ်ထင်
တွေ လျှောက်ပြောပြမနေပါနဲ့ဗျာ... သူစိတ်ဆင်းရဲနေပါ့
ယ်”

“စိတ်ချ... မပြောပြဘူး... ဒါပေမယ့် ‘အထွန်း’ နဲ့ပတ်
က်ပြီး တစ်ခုခု အကူအညီလိုတယ်ဆိုရင်တော့ ရှင်အကူအညီ
းရမယ်နော်”

“ပေးပါ့မယ်ဗျာ”

‘မာလာ’ သည် ပြောစရာ စကားတွေတစ်ပုံတစ်ပင်နဲ့ပင်
ထွန်း’ ဆီသွားဖို့ ‘မြေ’ ကို နှုတ်ဆက်ကာ ထွက်လာခဲ့လိုက်
တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၁

'အထွန်း' ရဲ့ပုံစံက ညှိုးနွမ်းကာ ခုပဲငိုချတော့မယ့် ပုံအတိုင်းဖြစ်နေပါသည်။ 'ဒေါ်ခိုင်မာ' က 'မာလာ' တို့နှ ယောက်ကို အလစ်မပေးဘဲ 'အထွန်း' ရဲ့ဘေးမှာထိုင်ကာ ပြော သမျှစကားတိုင်းကို စပ်စုနေ၏။ 'ဒေါ်ခိုင်မာ' ရှိနေတဲ့အတွက် ကြောင့် 'မာလာ' မှာ 'မြေ့' နဲ့ပတ်သက်တဲ့အကြောင်းကို ပြော နှုတ်တွန့်နေရလေသည်။

"ဂိတ်က စိတ်ချရရဲ့လား 'မာလာ' ရဲ့… တော်ကြာ 'မာ လာ' မရှိတုန်း တစ်ခုခုဖြစ်နေရင် ဘယ်လိုလုပ်မလဲ"





'ဒေါ်ခိုင်မာ' သည် 'မာလာ' ရဲ့ မျက်နှာရိပ်မျက်နှာကဲကို သဘောမတွေ့လှသဖြင့် မြန်မြန်ပြန်ဖြစ်အောင် တမင်လော လိုက်ခြင်း ဖြစ်ပါသည်။

"ရပါတယ်… ဒီအချိန်ကားဝင်ဖို့ မရှိသေးပါဘူး… ညနေ စောင်းလောက်မှပဲ ထွက်မယ့်ကားအတွက် နည်းနည်းပါးပါး ပြန်စစ်ပေးရုံပဲရှိတယ်… 'ကိုဖေယျ' လည်း ရှိနေတာဆိုတော့ အလုပ်အတွက်က စိတ်ချရပါတယ်"

"အခန်းထဲသွားမယ် 'မာလာ' … မေမေရှိနေရင် ငါတို့ စကားပြောလို့ ဘယ်လိုမှ လွတ်လပ်မှာကို မဟုတ်ဘူး"

'အထွန်း' ရဲ့စကားကြောင့် 'ဒေါ်ခိုင်မာ' ရဲ့မျက်နှာမှာ မျက်ယွင်းသွားရလေသည်။ ဒေါ်သလည်း ထွက်သွားပုံရ သည်။

"ဟဲ့… ဘာအကြံအစည်တွေရှိနေလို့ ငါ့ကွယ်ရာမှာ ပြော ချင်နေရတာလဲ… အမေတစ်ယောက်ကို ဒီလိုမျိုး စကားပြော ရလား"

"ဟုတ်တာပဲဟာ… 'အထွန်း' မှာ လွတ်လပ်ခွင့်ဆိုတာ ဘယ်မှာရှိလို့လဲ… 'မာလာ' နဲ့တောင် လွတ်လွတ်လပ်လပ် ပြောချင့်ရာ မပြောရတော့ဘူးဆိုကတည်းက မေမေ့ရဲ့ပတ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ချယ်မှုက ပိုလွန်နေပြီ… 'ကျွန်း' နဲ့ စေ့စပ်တာကိုလည်း သဲဘောတူထားပြီးနေမှပဲကို ဘာထပ်ပြီး လိုက်လျှောပေးရအုံး မှာလဲ… အရာအားလုံး မေမေ့စိတ်ကြိုက်ကြီးပဲ ဖြစ်နေတာပဲ မဟုတ်လား"

'အထွန်း' ရဲ့လေသံတွေက ငိုချလိုက်တော့မယ့်အတိုင်း တုန်ခိုက်ကာ ရှိုက်သံပင်ထွက်လာတာကြောင့် 'ဒေါ်နိုင်မာ' သူ့ စိတ်ကိုယ် သူလျှော့ချလိုက်ပုံရလေသည်။ 'မာလာ' တို့အနားက နေ ဆောင့်ကန်နေအောင် ထထွက်သွားပါတော့သည်။

'အထွန်း' ရဲ့အခန်းထဲကိုရောက်မှ ကိုယ်ပြောချင်တဲ့ စကားတွေကို ပွင့်ပွင့်လင်းလင်း 'မာလာ' ဖွင့်ပြောပြရတော့ သည်။

"ငါနဲ့ 'မြေ' နဲ့တွေ့ခဲ့တယ်သိလား… သူက ငါနဲ့တောင် စကားသိပ်ပြောချင်ပုံမရဘူးဟာ… ရှောင်ထွက်ချင်တဲ့ပုံ… သူ့ကို အတင်းဆွဲပြီး ငါကစကားပြောရတာ"

"သူက ဘာဖြစ်ရတာလဲ"

"မသိဘူးလေ… အကြောင်းတစ်ခုခုတော့ ရှိမှာပေါ့… နင် စေ့စပ်မယ်ဆိုတာကိုလည်း ပြောလိုက်ရော သူ့မျက်နှာက ပျက် သွားလိုက်တာ သနားပါတယ်ဟယ်… ဒါပေမယ့် ဟန်လုပ်ပြီး





တော့ ဘာမှမဖြစ်သလို ပြန်နေလိုက်တယ်"

'မြေ့' ရင်ထဲက ခံစားချက်ကို 'အထွန်း' နားလည်ပါ သည်။ နားလည်ပေးယုံကလွဲပြီး 'အထွန်း' ဘက်ကလည်း ရှေ့ ဆက်တိုးဖို့ အခွင့်အရေးမှ မရှိတဲ့ဟာ… ဒီဇာတ်လမ်းက ဘာဖြစ် လာမှာမို့လို့လဲ။ 'မြေ' နဲ့ပတ်သက်သမျှအကြောင်းတွေကို ဖာတ်နိုင်သမျှ 'အထွန်း' က မေ့ထားလိုက်ပါသည်။

" 'ကျွန်း' ဆိုတဲ့လူရဲ့ အခြေအနေကရောဘယ်လိုလဲ"

"အေး… အဲဒီအကြောင်း ငါပြောမလို့… 'ကျွန်း' ကို ငါ သိပ်မသင်္ကာဘူးသိလား… တစ်ခုခုကို ထိန်ချန်လျှို့ဝှက်ထားသ လိုပဲ… ငါ့စိတ်ထဲမှာ ပထမတစ်ခါလို ဖြစ်သွားမှာ ကြောက်နေ တယ်… ဖြစ်နိုင်ရင် သူ့ရုံးခန်းကိုသွားပြီး မသိမသာနဲ့ နင်စုံစမ်း ပေးပါလားဟယ်"

"နင်စုံစမ်းတာကလည်း နောက်တောင်ကျနေပြီ… မနက် ဖြန်ပဲ စေ့စပ်တော့မယ်ဥစ္စာကို စောစောစီးစီးကတည်းက ငါ့ကို ပြောဘာ မဟုတ်ဘူး"

"ပြောရအောင် ငါနဲ့သူနဲ့ကိစ္စက ဒီလောက်မြန်မြန်ကြီး ဖြစ်လိမ့်မယ်လို့မှ ထင်မထားတာ… မေမေ့ရဲ့လုပ်ချက်တွေက တော့ ဂွမ်းကုန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



'မာလာ' သည် 'ကျွန်း' နဲ့ပတ်သက်တဲ့ကိစ္စတွေကို စုံစမ်းသတင်းယူတဲ့နေရာမှာ 'မြေ့' အား အကူအညီတောင်းဖို့ စဉ်းစားမိပါသည်။

"ငါ 'မြေ့' ကိုလည်း ပြောပြလိုက်မယ်... နင်နဲ့ပတ်သက်ရင် သူစိတ်ထဲကလည်း သည်းသည်းလှုပ်ဖြစ်နေတာပဲ"

"ဘာဆိုင်လို့လဲဟယ်... သူ့အလုပ်သူလုပ်ပါစေ... ငါ့နောက်တောင် သတိတရဖုန်းမဆက်တဲ့သူကို ငါ့ကိစ္စတွေမှာ ဝင်မပါစေချင်ဘူး"

"ဆက်ရင်ကော နင်နဲ့ပြောရမှာမို့လို့လား 'အထွန်း' ရယ် နင့်အမေက ဒီလောက်တင်းကြပ်နေတဲ့ဟာ"

"ထားပါတော့ဟာ"

"ငါ့စိတ်ထဲထင်နေတာက 'မြေ့' ကို အန်တီတစ်ခုခုသွားပြောလိုက်ပုံရတယ်ဟ... ဒါကြောင့်မို့ သူပုံစံပြောင်းတန်းတန်းဖြစ်သွားတာပေါ့... အန်တီ့အကြောင်းလည်း နင်သိသားနဲ့ဟာ"

'အထွန်း' စဉ်းတော့စဉ်းစားမိပါသည်။ ဒါပေမယ့် သေချာမသိတဲ့ အကြောင်းအရာတစ်ခုအား ဘယ်ကစပြီး မေးရမှန်း 'အထွန်း' မသိ။ 'မြေ့' လိုလူမျိုးကလည်း ဖော်ကောင်လုပ်ပြီး ပြောပြမှာမဟုတ်ပါ။





ဖြစ်ချင်ရာဖြစ်သဘောထားကာ 'မြေ' နဲ့တွေ့ပြီး သူ့ရင်ထဲက 'အထွန်း' နဲ့ပတ်သက်တဲ့ခံစားချက်တွေကို ဖွင့်မေးပစ်လိုက်ချင်ပါသည်။ 'အထွန်း' နဲ့တွေ့တုန်းက 'မြေ' ပြောခဲ့တဲ့စကား 'မြေ့' ကြည့်ခဲ့တဲ့ အကြည့်တွေကို လွယ်လွယ်နဲ့ ဘယ်ခနိုင်ပါ့မလဲလေ။

'မြေ' ဆိုတဲ့လူတစ်ယောက် 'အထွန်း' ရင်ထဲမှာရှိနေရဲ့နဲ့ပင် သံယောဇဉ်မတွယ်ရစ်သော 'ကျွန်း' နဲ့ မေမေတို့သဘောဆန္ဒအတိုင်း စေ့စပ်လိုက်ရပါသည်။

မေမေ့ရဲ့မျက်နှာ 'ကျွန်း' တို့သားအမိရဲ့မျက်နှာတွေက အပြုံးပန်းတွေ လှိုင်နေပေမယ့် 'အထွန်း' ရဲ့မျက်နှာကတော့ မချိုမိအောင် ထိန်းထားရလေသည်။

'ကျွန်း' ရဲ့အဖေဖြစ်သူက သူတို့ကျောက်တွင်းကို အရေးကြီးတဲ့ လူကြီးဧည့်သည်တချို့ လာစစ်မှာကြောင့် မလာနိုင်တော့ဘူးဆိုတာကို 'ဒေါ်မိမိကြီး' က အကြောင်းပြပါသည်။ မေမေကလည်း နှစ်ဖက်မိဘစုံတာတွေ မစုံတာတွေ ထည့်စဉ်းစားမနေတော့ဘဲ ပွဲဖြစ်ရင်ပြီးရော သဘောထားကာ ရပါတယ်ဟုဆိုပြီး ကျေနပ်လိုက်လေသည်။

'အထွန်း' ကတော့ မကျေနပ်ပါ။ မိန်းကလေးရှင်ဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးထားရင် လာစေ့စပ်တောင်းရမ်းတဲ့အခါမှာ အမ်အအ
လင်စွာ ပါလာရမည်ဟု ယူဆပါသည်။ အဖေရောက်မလာ
တဲ့ကိစ္စက 'အထွန်း' ရင်ထဲ အောင့်သလိုလိုပင် ဖြစ်သွားရသည်
ဘယ်လိုပဲဖြစ်ဖြစ် မေမေ့ဆန္ဒတစ်ခုထဲနဲ့ပင် 'အထွန်း'
နဲ့ 'ကျွန်း' ရဲ့စေ့စပ်ပွဲက အောင်မြင်စွာ ပြီးသွားခဲ့ပါသည်။
စပ်ပွဲ လက်ခံလိုက်ရတာကိုအကြောင်းပြပြီး 'အထွန်း' က အပြ
ပြန်ထွက်ခွင့်ကို မေမေ့ဆီမှာ တောင်းဆိုလိုက်ပါသည်။

"အေးလေ... စေ့လည်း စေ့စပ်ပြီးနေပြီဆိုမှတော့ က
ဂိတ်ကို သွားတာပြောမနေတော့ပါဘူး... နောက်လထဲကျ
မင်္ဂလာပွဲရှိတယ်... အနေအထိုင်ဆင်ခြင်ဖို့ပဲလိုတယ်... ဘာ
တင်းမျိုးမှ မကြားချင်ဘူး"

"'အထွန်း' ရဲ့သတင်းကို မေမေ့ဆီ ဘယ်သူက တ
တက လာပေးနေလို့လဲ"

"ဘယ်သူပဲဖြစ်ဖြစ် မေးမနေနဲ့... ကိုယ်အနေအထိ
မှန်ရင် ဘယ်သူကမှ အပြစ်ပြောမှာ မဟုတ်ဘူး"

"'ကျွန်း' ပဲဖြစ်မှာပေါ့... ယောကျ်ားဖြစ်ပြီး လစ်တ
အတင်းတုတ်တယ်... ဘာကြီးမှန်းလည်း မသိဘူး"

"အဲဒီဘာကြီးမှန်းမသိတဲ့သူက မကြာခင် ညည်းယော





ကျ်ားဖြစ်တော့မှာ... အပြစ်တင်နေလည်း အပိုပဲဖြစ်မှာပဲ"

'အထွန်း' မကျေမနပ်နဲ့ပင် မေမေ့အနားက ထထွက်လာ
ခဲ့လိုက်ပါသည်။ နောက်တစ်နေ့ကားဂိတ်သို့ 'အထွန်း' ရောက်
သွားတဲ့အခါကျတော့ 'မာလာ' တင်မက ဂိတ်က အလုပ်သမား
တွေ အားလုံးပင် အံ့သြကာ ဝမ်းသာနေကြပါသည်။

'အထွန်း' ကတော့ ကိုယ်ကျင်လည်ရှင်သန်နေခဲ့ရတဲ့
နေရာဟောင်းကိုကြည့်ပြီး ရင်ထဲဝမ်းနည်းလာရသလိုရှိသည်။
မြို့' ကိုလည်း သတိရမိသွားပါသည်။

"နင်ခဏအလည်လာတာလား"

'မာလာ' က စိုးရိမ်သလို မေးလာပါသည်။

"မဟုတ်ဘူး... အရင်လို အလုပ်ပြန်ဆင်းတာပေါ့"

"လွတ်လပ်ခွင့်ပေးလိုက်ပြီပေါ့လေ"

"ပေးရပြီပေါ့... မပေးလို့ရမလား... မေမေ့စိတ်သဘော
အတိုင်း ငါလက်ခံပြီးပြီပဲ ဥစ္စာ"

'မာလာ' က အလုပ်က ကိစ္စတွေကို အသေးစိတ်ပြောပြ
နေပြနေပါသည်။ 'အထွန်း' မလာတဲ့ ရက်တွေတုန်းကတော့
အားအဝင်အထွက် စာရင်းပဲပို့ပေးကာ အသေးစိတ်ပြသနာ
တွေကိုတော့ ထည့်ပြောမနေတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ငါစုံစမ်းခိုင်းထားတဲ့ကိစ္စရော စုံစမ်းပြီးပြီလား... ဘယ်လို အခြေအနေရှိလဲ"

"'မင်းဝေ' ကိုတော့ 'ကျွန်း' ရဲ့နောက်ကို နောက်ယောင်ခံ လိုက်ကြည့်ခိုင်းထားတာပဲ... ဘာမှတော့ မထူးခြားသေးဘူး... ကုမ္ပဏီရုံးခန်းထဲအထိ ဝင်စုံစမ်းဖို့ကျတော့လည်း ကိုယ့်ဘက်က ဘာအကြောင်းပြချက်မျိုးမှ မရှိတော့ စွတ်မလုပ်ရဲဘူးဟ"

"ဒါဆို ဘာမှ မသိရသေးဘူးဆိုတဲ့သဘောပေါ့"

"အင်းပေါ့... အဲ့ဒီအတိုင်းဖြစ်နေတာပေါ့...ဒါပေမယ့် ငါ စုံစမ်းခိုင်းထားတဲ့ နောက်လူတစ်ယောက်ဆီက သတင်းက တော့ ဘာမှန်းမသိသေးဘူး"

"နောက်လူဆိုတာက ဘယ်သူလဲ"

"'မြေ'"

'အထွန်း' ရင်ခုန်သံ မြန်သွားရပါသည်။ 'မာလာ' နဲ့ တော့ ခက်ပါတယ်။ 'မြေ့' ကိုမှ ဒီကိစ္စမျိုးကို သွားခိုင်းရတယ် လို့။ 'အထွန်း' ကတော့ မျက်နှာပူကာ အားနာနေမိပါသည်။

"နင်မှားတယ် 'မာလာ'... 'မြေ့' ကို အကူအညီမတောင်း သင့်ဘူး"

"သူက ကူညီချင်နေတာ ဘယ်လိုလုပ်မလဲ"





"မဖြစ်နိုင်တာ... ငါ့ကိစ္စတွေ နင်ပြောပြမှသာ သူသိမှာ ပေါ့ သူ့ဟာသူဆို ဘာအကြောင်းနဲ့မှ ပတ်သက်ပြီး သိစရာ အကြောင်းမရှိဘူး"

"အေးပါဟယ်... ငါမှားပါတယ်... ဒါပေမယ့် သူကိုယ် တိုင် 'ကျွန်း' ရဲ့အကြောင်းတွေကို လိုက်စုံစမ်းနေတာမှဟုတ် ဘူး... သူ့ ညီကို ခိုင်းနေတာ"

'အထွန်း' ခေါင်းနောက်သွားရပါသည်။ 'မြေ့' မှာ ဘယ် ညီကပေါ်လာရတာလဲ။ 'မြေ့' က သူ့အဘိုးနဲ့ နှစ်ယောက် တည်း နေနေတဲ့သူမဟုတ်လား။

"ဘယ်ကညီလဲ"

"သူ့မိတ္တွေးရဲ့သားပေါ့ဟယ်"

"သူနဲ့မှ မတည့်တာကို... 'မြေ' က သူ့မိတ္တွေးနဲ့ ပတ် သက်တဲ့အသိုင်းအဝိုင်းကို သိပ်မုန်းတာ"

"ဟုတ်တယ်... အဲဒါက အရင်ကမုန်းတာ... အခုပြန်ပြေ လည်နေပါပြီ... 'ဦးသံချောင်း' ဖျားပြီး ဆေးရုံတင်ရသေးတယ် ဆိုတာ နင့်ကို ငါပြောသေးတယ်လေ မှတ်မိလား"

ဟိုတလောက အလုပ်ကိစ္စတွေပြောရင်း 'ဦးသံချောင်း' ဆေးရုံတက်ရတယ်ဆိုတာ ပြောပြသွားခဲ့ပါသည်။ အဲ့ဒီအချိန်



www.burmeseclassic.com

www.burmeseclassic.com



တုန်းက 'အထွန်း' မှာက ကိုယ့်အပူနဲ့ကိုယ်မို့ သိပ်ပြီး စိတ်ဝင်တစားမဖြစ်ခဲ့ပါ။

"အဲ့ဒါဘာဖြစ်လဲ"

"ဆေးရုံတက်တော့ ငွေလိုတာပေါ့ဟာ… လိုတဲ့ငွေကို 'မြေ' ကပဲ ထုတ်ပြီး ကူပေးခဲ့တာ… သူ့မိထွေးကလည်း ကျေးဇူးတင်တာပေါ့… 'မြေ့' ကို ဆက်ဆံတာများ အရင်ပုံစံမျိုးတွေ မဟုတ်တော့ဘဲ ကျိုးနွံနေတာပဲတဲ့… 'မြေ' ကလည်း စိတ်ကောင်းရှိတဲ့သူဆိုတော့ သူ့မိထွေးမိသားစုကို အရင်းအနှီးထုတ်ပေးပြီး အိမ်ဆိုင် ကလေးတောင် တည်ပေးလိုက်သေးတယ်တဲ့… သူတို့ဆွေမျိုးခြင်း ပြေလည်တော့လည်း 'မြေ' တောင်းတဲ့ အခက်အခဲကို သူ့ညီက ပြန်အကူအညီပေးတာပေါ့ဟာ"

"အမယ်လေး… ငါ့ကိစ္စနဲ့ကြမှပဲ ပတ်သက်ရတယ်လို့"

" 'မြေ' ကလည်း နင့်ကို တွေ့ချင်နေပုံရတယ်"

"ငါကတော့ မတွေ့ချင်တော့ဘူး"

'အထွန်း' ဘက်က တကယ်လည်း 'မြေ' နဲ့ ထပ်ပြီးမဆုံတွေ့ချင်တော့ပါ။ ကိုယ့်ရင်ခုန်သံကို ကိုယ်ပြန်ပြီး ကြောက်နေမိတာလည်း ပါပါသည်။ 'မြေ' နဲ့ တွေ့ရင် ဘယ်လိုဇာတ်လမ်းမျိုးတွေ ထပ်ဖြစ်လာမလဲဆိုတာကို 'အထွန်း' မခန့်မှန်းတတ်ပါ။





မြင်းကမလှုပ် ခုံကလှုပ်ဆိုတဲ့အဖြစ်မျိုး ရောက်သွားမှာကိုလည်း ကြောက်နေမိသေး၏။ 'မြေ' များ ဒီကိုရောက်လာခဲ့ရင် 'အထွန်း' ဘက်က တတ်နိုင်သရွေ့ ရှောင်နေလိုက်ဖို့ကိုသာ စဉ်းစားပြီး ဆုံးဖြတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၂

ဖုန်းပြောနေသော 'မာလာ' ရဲ့မျက်နှာက ရုတ်တရက် ပြူးကျယ်သွားရတာကြောင့် 'အထွန်း' ပါ အလိုလိုနေရင်း လန့်နေရပါသည်။ ကားတွေများ Accident တစ်ခုခုဖြစ်ပြီလားဆိုတဲ့အတွေးက ခေါင်းထဲသို့ အလိုလိုရောက်ကာလာရ၏။

"တောင်ငူက ဖုန်းဝင်လာတာ... 'ဦးသံချောင်း' မောင်းတဲ့ ကားဘရိတ်ပေါက်ပြီး သစ်ပင်ကိုဝင်တိုက်မိလို့တဲ့ဟယ်... ခရီးသည်တွေကတော့ ဘာမှမဖြစ်ပါဘူး... 'ဦးသံချောင်း' က





တော့ လက်ကျိုးသွားတယ်ဆိုလားပဲ"

"ကျွတ်... ဒုက္ခပါပဲ... ဒီလိုဆို ငါလိုက်သွားမှဖြစ်မှာပေါ့... အပျက်အစီးကိစ္စတွေ ရှင်းရအုံးမယ်... ခရီးသည်တွေသဲက ဘာမှ မဖြစ်တာသေချာတယ်နော်"

"သေချာပါတယ်... နောက်က ကားတစ်စီးနဲ့တောင် ပြန်တင်ပေးလိုက်ပြီတဲ့"

"'ဦးသံချောင်း' ကရော"

"သူ့ကိုတော့ ဆေးရုံပို့လိုက်တယ်တဲ့"

'အထွန်း' ခေါင်းထဲ ရှုပ်ယှက်ခတ်လို့သွားရပါသည်။ ပိုင်ရှင်တာဝန်ခံက ကိုယ်ဖြစ်နေတာကြောင့် 'အထွန်း' ကိုယ်တိုင်ပဲ လိုက်သွားမှ အဆင်ပြေပါမည်။ သက်ဆိုင်ရာတွေကိုလည်း ရှင်းပြ ပြောပြရဦးမည်။

"ငါလိုက်သွားလိုက်မယ်ဟာ... မေမေ့ကို ပြောမနေတော့ဘူး ပြောနေရင်လည်း လွှတ်မှာ မဟုတ်ဘူး... ဒီပြဿနာတွေကို သူ နားလည်ပေးမှာ မဟုတ်ဘူး"

"ဟဲ့... အဖေါ်ခေါ်သွားလေ"

"မခေါ်ချင်ဘူး... တစ်ယောက်တည်းပဲသွားမယ်... မေမေ မေးလာရင်တော့ နင်အဆင်ပြေအောင် ကြည့်ပြီးပြောထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ညတွင်းချင်း ပြန်ရောက်ရင်လည်း ရောက်လာမှာပါ… ဘာမ စိတ်ပူမနေနဲ့လို့ ပြောထားလိုက်နော်”

“ငါပါ လိုက်ခဲ့ပေးမယ်လေ… နင်တစ်ယောက်တည်းနဲ့ ခရီးဝေးကို မဖြစ်ပါဘူး”

“ဟာ… ဂိတ်မှာက နင်ရှိနေမှဖြစ်မှာ… တခြားနေရာတွေက သတင်းတွေကြားပြီး ဖုန်းဆက်မေးရင် ဒီမှာရှိတဲ့သူတွေက အဆင်ပြေအောင် ပြောတတ်မှာ မဟုတ်ဘူး… နင်ပဲပြောတတ်မှာ ငါ့အတွက်ပူမနေနဲ့”

‘အထွန်း’ သည် စိတ်မြန်လက်မြန်ပင် ကိုယ့်အစီအစဉ်နဲ့ ကိုယ်တောင်ငူသို့ လိုက်သွားဖို့ ဆုံးဖြတ်လိုက်ပါသည်။ ဖုန်းဆက်ပြီး သတင်းပေးလာပေမယ့်လည်း မျက်မြင်ကိုယ်တွေ့မှ ယုံကြည်နိုင်ပါမည်။ ကားဂိတ်နာမည်ကိုတော့ အထိအခိုက်မခံနိုင်ပါ။

“‘ဦးသံချောင်း’ အိမ်ကိုလည်း အကြောင်းကြားထားပေးလိုက်ပါအုံး… နို့မို့ဆို ထိန်ချန်နေတယ်ဖြစ်နေဦးမယ်”

“စိတ်ချ… စိတ်ချ… ငါဒီက ကောင်လေးတစ်ယောက်ကို လွှတ်ပြီး ပြောခိုင်းထားလိုက်မယ်… နင်ကားကိုလည်း ဖြည်းဖြည်း မောင်းသွားဦးနော်”





‘မာလာ’ သည် တားမရလို့ ‘အထွန်း’ စိတ်တိုင်းကျ တစ်ယောက်တည်း လွှတ်လိုက်ရပေမယ့် ရင်ထဲမှာတော့ မိန်းကလေးတစ်ယောက်တည်း ဖြစ်နေတယ်ဆိုတဲ့ အသိဖြင့်ပူပင်နေမိပါသည်။

အဖော်လိုက်ပေးမယ်ဆိုတော့လည်း လက်မခံဆိုတော့ ‘မာလာ’ မှာ ဘာလုပ်လို့ လုပ်ရမှန်းမသိဖြစ်နေမိသည်။

စဉ်းစားရင်းတွေးရင်း ‘မြေ့’ ကိုသတိရလာရသည်။ ‘မြေ့’ ကို ပြောပြလိုက်ရင် ‘မြေ့’ တစ်ယောက် ‘အထွန်း’ ကို စိတ်ပူပြီး အဆင်ပြေမယ့် နည်းလမ်းကို သူ့ဖာသာရှာကြံဖန်တီးမှာဖြစ်၏။ ‘မြေ့’ ဆီ ဖုန်းဆက်အကြောင်းကြားမှပဲ ဖြစ်ပါမည်။

‘မြေ့’ ရဲ့ ဖုန်းနံပါတ်ကိုရှာကာ ခပ်မြန်မြန်ပဲ ဖြစ်ပျက်နေတဲ့ ကိစ္စတွေအားလုံးကို ‘မာလာ’ က ပြောပြလိုက်ပါသည်။ စိုးရိမ်တကြီးလေသံဖြင့် ‘မြေ့’ က သူချက်ချင်းလိုက်သွားမည်ဟုပြောကာ ဖုန်းကိုချသွားခဲ့ပါသည်။

‘မာလာ’ ပြောပြချက်အရ အဖေ့အခြေအနေက လက်ကျိုးသွားတာကလွဲပြီး တခြားစိုးရိမ်စရာသိပ်မရှိလှပါ။ ‘မြေ့’ ရင်ထဲစိုးရိမ်ပူပန်နေမိတာက ‘အထွန်း’ ကိုသာဖြစ်၏။ မိန်းကလေးတစ်ယောက်တည်းနဲ့ အဖော်မပါဘာမပါ ဘယ်လိုသတ္တိ



www.burmeseclassic.com

www.burmeseclassic.com



မျိုးကိုမွေးပြီး သူမ သွားခဲ့သလဲမသိ။

အဘိုးကို အကျိုးအကြောင်းပြောပြကာ မိထွေးအိမ်သို့ လာခဲ့လိုက်ပါသည်။

"အဖေကားတိုက်လို့ လက်ကျိုးသွားတယ်တဲ့... စိုးရိမ်စရာတော့ မရှိပါဘူး... တောင်ငူကို ကျွန်တော်လိုက်သွားလိုက်မယ်... 'သန်းထိုက်' ကောရှိလား... ဒီကောင့်ကို ကျွန်တော်ခေါ်သွားမလို့"

မိထွေးဖြစ်သူ ပြုံးပြာသွားကာ သူ့သားဖြစ်သူကို ပတ်ဝန်းကျင်အနှံ့ လိုက်ရှာပေးနေပါသည်။ စောင့်ရတာသိပ်မကြာပေမယ့် 'မြေ့' စိတ်ထဲမှာတော့ အတော်ကြီးကို ကြာမြင့်နေတဲ့အတိုင်းပါပဲ။

"လာပြီ... လာပြီ... 'မြေ' ရေ... လမ်းထိပ်မှာ ဖုန်းသွားဆက်နေတာတဲ့"

'သန်းထိုက်' ရောက်လာတော့ 'မြေ' က ပြန်ဖို့အတွက် အိမ်ပေါက်ဝပင် ရောက်နေပါပြီ။

"ဟာ... အစ်ကို ကျွန်တော်က အစ်ကို့ဆီဖုန်းဆက်နေတာ... သတင်းထူးတစ်ခုရထားလို့"

ခုချိန်မှာ 'သန်းထိုက်' ပြောလာမယ့် သတင်းထူးကို





လည်း 'မြေ' စိတ်မဝင်စားနိုင်ချေ။ 'အထွန်း' ရဲ့နောက်ကိုသာ အမီလိုက်ဖို့ အရေးကြီးနေပါသည်။

"မင်းရဲ့သတင်းထူးကို နောက်မှပဲပြောတာ... အခုငါတို့ တောင်ငူသွားရမယ်... မင်းလိုက်ခဲ့"

"ဟုတ်ကဲ့... အစ်ကို"

အရင်အချိန်တွေတုန်းက တစ်ယောက်နဲ့တစ်ယောက် မျက်နှာကြော မတည့်ကြတဲ့သူတွေက၊ ခုတော့လည်း တစ်ယောက်အပေါ်တစ်ယောက် မေတ္တာအပြန်အလှန်ထားကာ ခင်မင်နေကြပါပြီ။ 'မြေ' ကိုယ်၌ကလည်း စိတ်လျော့လိုက်တာလည်း ပါပါသည်။

အဘိုးရဲ့ဖျောင်းဖျနားချသိမ်းသွင်းမှုတွေကြားထဲမှာ 'မြေ့' ရဲ့ ဒေါသကြီးမှုတွေက တဖြည်းဖြည်းချင်း လျော့ပါးသွားရလေသည်။ အဖေနဲ့အမေက လူကြီးချင်းသဘောတူပေးစားလို့သာ ယူခဲ့ကြပေမယ့် တစ်ယောက်နဲ့တစ်ယောက် ချစ်သူတွေဖြစ်ခဲ့ကြတာမဟုတ်ပါ။

အဖေရဲ့ချစ်သူက 'မြေ့' ရဲ့မိထွေးပါ။ 'အထွန်း' နဲ့ပတ်သက်ပြီး 'မြေ့' ရဲ့စိတ်ထဲမှာ ရင်ခုန်မှုတွေစတင်ကာ အချစ်ဆိုတဲ့အရာ ဖြစ်ပေါ်လာတဲ့အခါကျတော့မှပဲ အဖေ့အပေါ်ကို 'မြေ'

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချင်းစာလာနိုင်ခဲ့ပါသည်။

မချစ်မနှစ်သက်တဲ့သူနဲ့ အတူပေါင်းသင်းနေထိုင်ရတဲ့ ဝဋ်ဆင်းရဲက ဘယ်လောက်တောင် စိတ်မချမ်းမြေ့ဖွယ်ကောင်းပါ သလဲ။ အဖေဒီစိတ်ဆင်းရဲဒဏ်ကို အချိန်တော်တော်ကြာ ခံစား ခဲ့ရပါလိမ့်မည်။

နောက်ဆုံးမခံနိုင်တဲ့အဆုံးမှ 'မိထွေး' နောက်သို့ မျက် စိမှိတ်ကာ လိုက်သွားခဲ့ခြင်းဖြစ်မှာပေါ့။ 'မြေ့' မှာ အမေလည်း မရှိတော့ပါ။ အမေရှိနေသရွေ့ အဖေ့အပေါ်ထားတဲ့ 'မြေ့' ရဲ့နှာ ကြည်းမှုက ပျောက်ကွယ်ချင်မှ ပျောက်ကွယ်ပေမယ့် အမေ မရှိတဲ့အခါကျတော့ အဖေ့ကို စာနာပေးကာ ခွင့်လွှတ်ဖို့ ကြိုး စားပေးမိခြင်းပါပဲ။

'အထွန်း' ကရော 'ကျွန်း' ဆိုတဲ့လူကို တကယ်ချစ်ရဲ့ လား။ မချစ်ဘဲ ပေါင်းသင်းနေထိုင်သွားရမယ့် 'အထွန်း' ရဲ့ဘဝ ကို 'မြေ' သနားလှပါသည်။ သနားပေမယ့် 'မြေ' ဆိုတဲ့ကောင် က ဘာလုပ်ပေးနိုင်မှာမို့လို့လဲ။

ခပ်ဝေးဝေးကနေသော 'အထွန်း' ရဲ့အကြောင်းကို စဉ်း စားပြီးလွမ်းနေယုံပဲ ရှိရတာမဟုတ်လား။ 'မြေ့' ရဲ့ကားနဲ့က ခရီးဝေးသွားဖို့ စိတ်မချရတာမို့ ကြုံရာလိုင်းကားနဲ့သာ 'မြေ'





တို့လိုက်ခဲ့ကြပါသည်။ စီးလာတဲ့ကားက လမ်းမှာ ခဏခဏရပ် မနေလို့သာ တော်ပါတော့သည်။

တောင်ငူကိုရောက်တော့ ညနေပင်စောင်းလုနေပါပြီ။ 'မာလာ' ပြောတဲ့အတိုင်း ဆေးရုံကိုပဲလိုက်သွားကာ လူနာဘယ် မှာရှိတယ်ဆိုတာကို စုံစမ်းရပါသေးသည်။

အဖေရှိနေတဲ့အခန်းဝကိုအရောက် အပြင်ထွက်လာသော 'အထွန်း' နဲ့ ရင်ဆိုင်တိုးရလေတော့၏။

"ဟင်.... 'မြေ' ..."

" 'အထွန်း' "

မတွေ့ရတာ ကြာနေပြီဖြစ်တာကြောင့် တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ခပ်ကြာကြာပင် စိုက်ကြည့်နေမိပါ သည်။

'သန်းထိုက်' ကတော့ 'မြေ' တို့ကို ကျော်ကာ အဖေ့ကု တင်ဆီ ဆက်လျှောက်သွားပါသည်။

'အထွန်း' က ခေါင်းကိုငုံ့ကာ လေသံခပ်တိုးတိုးဖြင့် ပြော သည်။

"ဦးလေး အခြေအနေက စိတ်ချနေရပါပြီ... ဘာမှ မစိုး ရိမ်ရတော့ဘူး... လူကြီးမို့လို့ တစ်ရက်နှစ်ရက်လောက် အနား



www.burmeseclassic.com

www.burmeseclassic.com



ယူခိုင်းထားတာ... အမှုကိစ္စအတွက်လည်း 'အထွန်း' ပြေလည်အောင် ရှင်းပြီးသွားပါပြီ"

"ကျေးဇူးတင်ပါတယ် 'အထွန်း' ရယ် ဒါပေမယ့် 'အထွန်း' တစ်ယောက်တည်း ဘာလို့ခရီးဝေးကို လာရတာလဲ... အဖေ ခေါ်လာဖို့တော့ ကောင်းပါတယ်ကွာ"

"အဖော်မှမရှိတာ"

'အထွန်း' ပြောလိုက်တဲ့ စကားရဲ့အဓိပ္ပါယ်က တစ်မျိုး ဖြစ်သွားတာကြောင့် ဆင်ခြင်တိမ်းရှောင်တဲ့အနေဖြင့် ပြန် အတွက် နှုတ်ဆက်လိုက်ပါသည်။

"'အထွန်း' ပြန်တော့မယ်... အိမ်ကိုလည်း ဘာမှ ပြော ရတာမဟုတ်ဘူး... မေမေအရမ်းစိတ်ပူနေရင် မကောင်းဘူး- အခုတောင်မှ တော်တော်မိုးချုပ်မှ ရောက်တော့မှာ"

'အထွန်း' တစ်ယောက်တည်း ညကြီးမိုးချုပ် ကားမောင်း ပြန်သွားတဲ့ အဖြစ်ကို 'မြေ' လက်မခံနိုင်ပါ။ စိတ်လည်းမချ 'မြေ' ဦးနှောက်ထဲ အပြေးအလွှားစဉ်းစားနေမိသည်။

အဖေ့ရဲ့အခြေအနေကို အကဲခတ်ပြီး 'မြေ' တစ်ခု ဆုံးဖြတ်ရပါမည်။

"'အထွန်း' ခဏလေး စောင့်ပေးပါလား... ကျွန်တော်





အဖေ့ဆီ သွားလိုက်ဦးမယ်"

"ဘာအတွက်လဲ"

"တောင်းပန်ပါတယ် 'အထွန်း' ရယ်... ခဏလေးပါ- ကျွန်တော့်ကို စောင့်ပေးပါနော်"

"အင်း...အင်း... 'အထွန်း' ကားပေါ်ကပဲ စောင့်နေ တော့မယ်"

'မြေ' ထွက်သွားတာကို လှည့်ကြည့်ကာ 'အထွန်း' ထွက် လာခဲ့လိုက်ပါသည်။ ထင်မှတ်မထားဘဲ 'မြေ' နဲ့ဆုံတွေ့ လိုက်ရတာကြောင့် 'အထွန်း' ရဲ့ ရင်ခုန်သံတွေက မြန်ဆန် တုန်ခါလို့နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၃

"'အထွန်း' ဖယ်... ကျွန်တော်ပဲ မောင်းမယ်..."

ဖျတ်ကနဲ ပြောလိုက်တဲ့ 'မြေ့' ရဲ့စကားသံကြောင့် 'အထွန်း' အံ့ဩသွားရပါသည်။ 'မြေ' က ဘာဖြစ်လို့ 'အထွန်း' ရဲ့ကားကို မောင်းရမှာလဲ 'အထွန်း' က ရန်ကုန်ကို ပြန်တော့မယ့် ဥစ္စာကို။

"'မြေ' က ဘယ်သွားမှာ မို့လို့လဲ... 'အထွန်း' က ပြန်တော့မှာ"

"အင်းလေ... ကျွန်တော်လည်း ပြန်မှာပဲ... ပြန်မယ့်အတူ





တူ 'အထွန်း' ရဲ့ကားကို ကျွန်တော်ပဲမောင်းတော့မှာပေါ့"

"'မြေ' က ပြန်မယ်"

"ဟုတ်တယ်"

'အထွန်း' မယုံကြည်နိုင်ပါ။ သူ့အဖေတစ်ယောက်လုံး ဆေးရုံမှာ ရှိနေတာကို စောင့်နေမပေးဘဲ 'အထွန်း' နဲ့အတူတူ ရန်ကုန်သို့ ပြန်လိုက်မယ်ဆိုတဲ့ အဖြစ်က ထူးတော့ ထူးဆန်းနေရပါသည်။

"ဦးလေးကို ဒီအတိုင်းထားခဲ့မလို့လား"

"ကျွန်တော့် ညီ ကျန်နေခဲ့မယ်လေ... အဖေ့အခြေအနေကလည်း စိုးရိမ်စရာမရှိဘူးဆိုတော့ ရန်ကုန်ပြန်တာက ကျွန်တော့်အတွက် အကောင်းဆုံးပဲ"

'အထွန်း' သက်ပြင်းချလိုက်မိပါသည်။ 'မြေ' နဲ့အတူတူ ခရီးတစ်ခုတည်း အကြာကြီးသွားရမယ့်ကိစ္စက တွေးကြည့်ရင် ခေါင်းမောစရာကြီးပါ။ကြည်နူးမိပေမယ့် ထိန်းချုပ်နေရမယ့် စိတ်ဆော့အတွက် ခံစားနေရတာက ပိုဆိုးပါသည်။

"'အထွန်း' က မလိုက်စေချင်လို့လား"

"မဟုတ်ပါဘူး... ဒါပေမယ့်..."

"ကျွန်တော်က 'အထွန်း' တစ်ယောက်တည်းသွားမှာကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်မချလို့ပါ... ကျွန်တော့်ကို မခေါ်ချင်ဘူးဆိုရင်လည်း ရတယ်... 'အထွန်း' ရဲ့ကားနောက်ကနေ ကားတစ်စီးသပ်သပ်ငှားပြီး ကျွန်တော် လိုက်ခဲ့ပါ့မယ်"

'မြေ့' ရဲ့ဆန္ဒကို 'အထွန်း' မငြင်းချင်တော့ပါ။ 'မြေ' နဲ့ အတူတူ တစ်ခရီးတည်း သွားရမယ်ဆိုတဲ့အဖြစ်ကိုလည်း ရင်ထဲမှာ တောင့်တနေမိတာမဟုတ်လား။

'အထွန်း' ကားတံခါးကိုဖွင့်ကာ နေရာဖယ်ပေးလိုက်ပါသည်။

"'မြေ့' သဘောအတိုင်းပဲ... 'အထွန်း' ကတော့ ရန်ကုန်ကို မြန်မြန်ရောက်ရင်ပြီးပြီ..."

ပြုံးရွှင်သွားသော 'မြေ့' ရဲ့ မျက်နှာကိုကြည့်ပြီး 'အထွန်း' ရင်ထဲမှာလည်း ပီတိစိတ်နဲ့ လွမ်းခြုံရစ်ပတ်သွားရလေသည်။ 'မြေ' နဲ့ စကားပြောတိုင်း အရာတိုင်းက နှစ်ဦးစလုံးရဲ့ ရင်တွင်းဆန္ဒဟူသာဖြစ်လျက် 'ကျွန်း' ရဲ့အကြောင်း တစွန်းတစတောင် မပါခဲ့ပါ။

တစ်ယောက်နဲ့တစ်ယောက် ပျော်ရွှင်ရင်ခုန်စွာဖြင့် စကားတွေ ပြောနေတာ ထမင်းစားဖို့ပင် မေ့သွားတဲ့အထိပါ။ ကိုးနာရီထိုးခါနီးလောက်မှ ဗိုက်တွေက တဂွီဂွီ တဂွမ်ဂွမ်နဲ့နေ





အောင် အော်မြည် ဆန္ဒပြလာပါသည်။

"ပျဉ်ပုံကြီးရောက်ရင်တော့ ထမင်းစားမှဖြစ်မယ်... 'အထွန်း' ဗိုက်ထဲက အသံတွေထွက်တာ မျိုးစုံနေတာပဲ... 'မြေ' ရော မဆာဘူးလား"

"ကျွန်တော်လား ဆာသလိုလို... မဆာသလိုလိုပဲ"

"ဟင်း... စကားကြီးက ဘယ်လိုလည်းမသိဘူး"

"ဪ... 'အထွန်း' နဲ့ စကားတွေပြောနေရတော့ လူကပျော်ရွှင်ပြီး မဆာသလို ဖြစ်နေတယ်... တကယ်တမ်းကျတော့ ဗိုက်ကဆာနေမှာပေါ့"

'အထွန်း' ရဲ့မျက်စောင်းက အမှောင်ထဲမှာပင် အရည်တွေဖျော့တ်ဖျော့တ်လက်ကာ လှပနေပါသည်။ ရင်ခုန်သံတွေမြန်သွားအကြောင့် တစ်ယောက်နဲ့တစ်ယောက် စကားတွေပင် ဆက်ပြောဖြစ်ကြတော့ပါ။

'မြေ' ကလည်း ကားကို ဂရုတစိုက်နဲ့ ခပ်မြန်မြန်ပင်မောင်းနေပါသည်။ ဒီအချိန်မှာပဲ ဒိုင်းကနဲမြည်သံနဲ့အတူ ကားတစ်ခြမ်းက ချက်ချင်းနိမ့်ဆင်းကျသွားရတော့သည်။

'အထွန်း' မျက်လုံးပြူးသွားရကာ လန့်ဖြန့်ပြီး ...

"ဘာဖြစ်သွားတာလဲ... ဘီးပေါက်သွားတာလား မသိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"ဟုတ်လိမ့်မယ်... ခဏနေအုံး... ကျွန်တော် ဘီးဖြုတ်လဲလိုက်မယ်..."

'မြေ' က ဘီးဖြုတ်လဲဖို့အတွက် ကားပေါ်ကဆင်းသွားပါသည်။ 'အထွန်း' လည်း ကားပေါ်က ကပျာကယာဆင်းကာ အကျိုးအကြောင်းကို အမြန်ပြောပြရသည်။

စိတ်လောကြီးပြီး မေ့သွားမိတာ 'အထွန်း' ရဲ့အမြစ်ပါ။

"စပယ်ယာဘီး မပါဘူး 'မြေ' ရဲ့... အိမ်မှာကျန်ခဲ့တယ်... 'ဦးထွေး' က ဘီးအသစ်လဲပေးမယ်ဆိုပြီး ထုတ်ထားလိုက်တာ... 'အထွန်း' ကမေ့ပြီး ပြန်မထည့်ခိုင်းမိဘူး... ဒီလိုမျိုးလည်း ခရီးဝေးသွားရလိမ့်မယ်လို့ ထင်မှ မထင်မထားတာ"

"ဒါဆို ဘယ်လိုလုပ်မလဲ"

"'အထွန်း' လည်း မသိဘူး"

'မြေ' က 'အထွန်း' ကိုကြည့်ကာ အခိပ္ပါယ်မရှိပြုံးလိုက်ပါသည်။

"ပြဿနာတက်နေရတဲ့ကြားထဲ... 'မြေ' က ဘာပြုံးတာလဲ"

"အရင်လိုနေပါတယ်ဆိုမှ ဒုက္ခနဲ့ ကြုံနေရလို့လေ... ဒီပုံ





ဆို ကားကြုံတစ်စီးစီးနဲ့ လိုက်ပြီး ပေါက်နေတဲ့ဘီးကို သွားဖာမှပဲရမယ်... ပြီးတော့ ဒီကိုတစ်ခေါက် ပြန်သယ်လာရမယ်... ဒီလိုမှပဲဖြစ်မှာ"

"'မြေ' ထွက်သွားတော့ 'အထွန်း' တစ်ယောက်တည်း ကျန်နေရစ်ခဲ့ရမှာပေါ့..."

'အထွန်း' ကတော့ တစ်ယောက်တည်း ကျန်မနေရစ်ချင်ပါဘူး။ ဒီလောက်မှောင်မဲ လူပြတ်နေတဲ့ ပတ်ဝန်းကျင်မှာ 'အထွန်း' တစ်ယောက်တည်း ဘယ်လိုလုပ်ပြီး နေရဲမှာတဲ့လဲ။

အရေးကြုံပါတယ်ဆိုမှ ကားအသွားအလာကလည်း ကျဲပါးလွန်းလှပါသည်။

"ကားကိုသော့ခတ်ပြီး ဒီအတိုင်းထားခဲ့ရမှာပေါ့... မတတ်နိုင်ဘူး... 'အထွန်း' ကိုတော့ တစ်ယောက်တည်း ဒီအတိုင်း ကျွန်တော်က ဘယ်ထားရစ်ခဲ့ပါ့မလဲ"

"ဘာဖြစ်လို့လဲ"

"ဟာ... စိတ်မချလို့ပေါ့ဗျ... စိတ်မချလို့တောင် အဖေ့လူနာကို ဆေးရုံမှာ ထားခဲ့ပြီး 'အထွန်း' နောက် လိုက်လာတာကို သိရဲ့သားနဲ့..."

ပြောရင်းပြောရင်းနဲ့ စကားတွေကသံယောဇဉ်အငွေ့



www.burmeseclassic.com

www.burmeseclassic.com



အသက်တွေ တွယ်ကပ်ငြိတွယ်လို့ ပါလာရလေသည်။ ဆင်ခြင်လိုက်ဖို့ဆိုတဲ့ အတွေးမျိုးကိုလည်း နှစ်ယောက်စလုံး မတွေးမိကြချေ။

မှုန်ပျပျလရောင်အောက်မှာ 'အထွန်း' တို့နှစ်ယောက်ရဲ့ သံယောဇဉ်တွေက အချစ်တွေအဖြစ် ပြောင်းလဲသွားဖို့ အဆင်သင့်အတိုင်းပင်ဖြစ်သည်။

" 'အထွန်း' ကို ထားခဲ့ပြီး ကြုံရာကားနဲ့ 'မြေ' ပြန်သွားလိုက်ပါတော့... 'အထွန်း' ရဲ့ကိစ္စကို ခေါင်းထဲ ထည့်မနေပါနဲ့"

'အထွန်း' သည် ဝေးကွာခြားနားနေတဲ့ ဘဝနှစ်ခုကို နာကြည်းတာ တမင်ဂျစ်တိုက်ပြီး ပြောလိုက်မိခြင်းဖြစ်ပါသည်။ သံယောဇဉ်မကင်းတဲ့ စကားတွေပြောနေပြီးတော့ကော 'အထွန်း' နဲ့ 'မြေ' နဲ့က ရှေ့ဆက် ဘာဖြစ်ကြမှာမို့လို့လဲ။

'မြေ့' ဘက်က သတ္တိရှိရှိနဲ့ နှုတ်မတိုးရဲသလို 'အထွန်း' ဘက်ကလည်း မေမေ့စကားကို မပယ်ရှားနိုင်ပါ။ မဖြစ်နိုင်တဲ့ ဘဝတစ်ခုကို စိတ်နာနာနဲ့ပဲ လမ်းခွဲပစ်လိုက်တာ အကောင်းဆုံးပဲ မဟုတ်လား။

" 'အထွန်း' က ဘာတွေပြောနေတာလဲ... ကျွန်တော်က 'အထွန်း' ကို ဘာလို့ထားခဲ့ရမှာလဲ"

"မသိဘူး... ဖြစ်ချင်ရာဖြစ်ဆိုပြီး ထားခဲ့လိုက်တော့"

"ကျွတ်... အဓိပ္ပါယ်မရှိတာကွာ... ခရီးတစ်ခုကို အတူတူလာတာပဲဥစ္စာ... ဘာပဲဖြစ်ဖြစ် နှစ်ယောက်အတူ ရင်ဆိုင်မှာပေါ့... ခွဲချန်ရစ်တဲ့စကားတွေ ပြောမနေနဲ့"

"ပြောရမှာပဲ... ရန်ကုန်ပြန်ရောက်ရင်လည်း ခွဲရမှာပဲမဟုတ်လား... ခရီးတစ်ခုဆိုတာ အချိန်နှာရီနဲ့ သတ်မှတ်လို့ရတဲ့ခရီး... ဒီလိုခရီးတိုမျိုးကိုပဲ 'မြေ' က 'အထွန်း' နဲ့ သွားချင်တာ... ဘဝခရီးဆိုတဲ့ အရှည်ကြီးကိုကြတော့..."

'အထွန်း' သည် စကားကို ဆက်မပြောတော့ဘဲ ဝမ်းနည်းစွာ ငိုရှိုက်လိုက်မိပါသည်။ 'အထွန်း' ငိုနေတာကိုကြည့်ပြီး နှစ်သိမ့်တဲ့အနေနဲ့ 'မြေ' က 'အထွန်း' ရဲ့လက်နှစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်လို့လာပါသည်။

"ဘဝနှစ်ခုက မတူကြဘူးလေ 'အထွန်း' ရယ်... ကျွန်တော့်ဘဝက လူလတ်တန်းစား အခြေအနေမျိုး... 'အထွန်း' တို့နဲ့ယှဉ် လိုက်ရင် အများကြီးနိမ့်ကျနေတယ်... အဲဒီနိမ့်ကျတဲ့ ဘဝထဲကို ကျွန်တော် မခေါ်ရက်ဘူး... 'အထွန်း' ပင်ပန်းမှာဆိုးတယ်"







www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့... ဘာမှမကြားချင်ဘူး... 'အထွန်း' ကို နှစ်သိမ့်တဲ့စကားမျိုးတွေ 'မြေ' လာမပြောနဲ့"

ရှန်းကန်ပေါက်ကွဲချင်နေသော 'အထွန်း' ကို ကြည့်ကာ 'မြေ' ရင်ထဲက ခံစားချက်တွေ ပွင့်အန်ထွက်ကုန်ရပါသည်။ 'အထွန်း' ရဲ့ခန္ဓာကိုယ်ကို ခပ်တင်းတင်း ရင်ခွင်ထဲ ဆွဲသိမ်းဖက်ပစ်လိုက်မိပါသည်။

ပြောချင်နေတဲ့စကားတွေကတော့ လည်ချောင်းဝမှာ တစ်ဆို့နေရလေသည်။ ပြောမထွက်ရက်တာလည်း ပါတာပေါ့လေ။ 'အထွန်း' ကတော့ ဘာကိုဝမ်းနည်းနေမှန်းမသိ။ 'မြေ' ရဲ့ရင်ခွင်ထဲ မှာပင် တသိမ့်သိမ့်ရှိုက်ကာ ငိုလို့မဆုံးနိုင်တော့ပါ။





## အခန်း ၂၄

'အထွန်း' သည် မေမေရဲ့ဆူပူ အော်ဟစ်သံတွေကို နားမခံသာအောင် ကြားနေရပေမယ့်လည်း စိတ်ထဲမှာ နာကျင်ဝမ်းနည်းခံစားမှုမျိုး ရှိမနေတာ အံ့သြစရာတော့ကောင်းပါသည်။ 'အထွန်း' ရဲ့ရင်ထဲမှာ ကြည်နူးနေမိတာပဲ ရှိသည်။

ပြီးတော့ လွမ်းဆွတ်နေမိတဲ့အဖြစ်၊ မနက်သုံးနာရီလောက်မှ 'အထွန်း' တို့ ရန်ကုန်သို့ ပြန်ရောက်ကြပါသည်။ 'မြေ' က 'အထွန်း' တို့ခြံရှေ့မှာ ကားကိုရပ်ကာ နှုတ်ဆက်ပြီး ပြန်ဖို့ပြင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ထဲ ကျောခိုင်းထွက်ခွာသွားသော 'မြေ့' ကို ကြည့်ပြီး 'အထွန်း' ရင်ထဲ ဘယ်လိုဖြစ်သွားမှန်း မသိလိုက်ပါ။ စိတ်ထဲမှာ အရမ်းလည်းချစ်နေမိသည်။ ခွဲလည်း မခွဲချင်တော့ ပါ။ ချစ်တယ်ဆိုတဲ့ စကားတစ်ခွန်း 'မြေ့' နှုတ်က ထွက်မလာ တဲ့အတွက်လည်း ကြေကွဲရပါသေးသည်။

'အထွန်း' သည် 'မြေ' နဲ့ နောက်ပြန်ဆုံတွေ့ဖို့ဆိုတာ လွယ်ကူနိုင်မယ်မထင်တာကြောင့် စိတ်ကို အဆုံးစွန် လွှတ်ပေ လိုက်ရင်း 'မြေ့' နောက်ကို အပြေးလိုက်သွားမိပါသည်။ 'မြေ ဘက်က လည်ပြန်ပြီး လှည့်မကြည့်လာခင် ကိုယ်ခန္ဓာ အနောက်ကနေ ခပ်တင်းတင်းပဲ သိမ်းကြုံးဖက်ပွေ့ထားလိုက် သည်။

"'အထွန်း' ကို ဘာစကားမှ မပြောပါနဲ့ 'မြေ' ရယ် ဒီအတိုင်းကလေးပဲ ငြိမ်ငြိမ်ကလေး နေပေးပါနော်... "

'အထွန်း' ရဲ့စကားအတိုင်း 'မြေ' က ဘာစကားမှ မပြော ဘဲ ငြိမ်သက်နေမိပါသည်။ 'မြေ့' ကို ဖက်ထားရင်း 'အထွန်း' ရင်ထဲ ဝမ်းနည်းဆို့တက်လာကာ မျက်ရည်ကကျလာရသည်။

'အထွန်း' မျက်ရည်ကျနေတဲ့အဖြစ်ကိုလည်း 'မြေ' မြင် တွေ့သွားမှာစိုးပါသေးသည်။ သနားလို့ဖြစ်ပေါ်လာတဲ့ အချ





မျိုးကိုလည်း 'အထွန်း' က လက်မခံချင်ပါ။

စိတ်ကိုတင်းကာ 'မြေ့' ရဲ့အပါးမှ အမြန် အပြေးပြန် ထွက်လာခဲ့လိုက်ပါသည်။ 'အထွန်း' လို့ဆိုပြီး ဆွေးဆွေးမြေ့ မြေ့ လှမ်းခေါ်လိုက်တဲ့ 'မြေ့' ရဲ့အသံကို ကြားပေမယ့်လည်း 'အထွန်း' ပြန် လှည့်မကြည့်ဖြစ်တော့ပါ။

"ပြောပြီးပြီနော်... ညည်းအပြစ်နဲ့ညည်းပဲ ရှေ့အပတ်ထဲ 'ကျွန်း' နဲ့ ရုံးတက်လက်မှတ်ထိုးရမယ်... ငြင်းတဲ့စကားမျိုး တစ်ခွန်းမှ မကြားချင်ဘူး"

"ငြင်းလည်း မငြင်းဘူး... မေမေ့သဘောအတိုင်း လုပ် ချင်တာသာ လုပ်တော့"

"လုပ်မယ်... လုပ်မယ်..."

ပြောတဲ့အတိုင်းပင် မေမေက 'ဒေါ်မိမိကြီး' ဆီ ဖုန်း ကောက်ဆက်ကာ မင်္ဂလာပွဲကိစ္စတွေကို တိုင်ပင်စီစဉ်နေလေ သည်။ အချိန်က နီးကပ်နေသဖြင့် ခန်းမလည်း ငှားလို့မရတော့ ပါ။ ပြီးစလွယ် အဖြစ်သဘောမျိုးနဲ့ ရုံးတက်လက်မှတ်ထိုးရ တော့မယ့် အတိုင်းပင်ဖြစ်သည်။

'အထွန်း' ရင်ထဲ 'ကျွန်း' နဲ့ လက်ထပ်ရမယ့် ကိစ္စ အတွက် ဘယ်လိုခံစားမှုမျိုးမှ ဖြစ်ပေါ်မလာပါ။ ရင်ထဲမှာထုံကာ



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားက ပေတေတေ ဖြစ်နေပါသည်။

'အထွန်း' ရဲ့နှလုံးသားထဲမှာရှိသော အချစ်တွေက လူတစ်ယောက်ဆီကို ပါသွားခဲ့ပြီးပြီဖြစ်သည်။

"မနက်ဖြန်ကျရင် မင်္ဂလာပွဲနေ့ကျ ဝတ်ဖို့အတွက် ဝတ်စုံသွားချုပ်ရမယ်… 'ကျွန်း' လိုက်ပို့ပေးမယ်တဲ့… နှစ်ယောက်သားတိုင်ပင်ပြီး ကောင်းတဲ့ဥစ္စာကို ဝယ်လာခဲ့ကြ… အပ်ချုပ်ဆိုင်ကိုလည်း ပွဲမလုပ်ခင် ကြိုပြီးရက်ချိန်းရအောင် လုပ်ဦး… ဒါမှ ပြင်ချိန်ဆင်ချိန်ရမှာ"

"မသွားချင်ဘူး… မေမေစီစဉ်တဲ့ကိစ္စ မေမေ့ဖာသာလုပ်… 'အထွန်း' ဘာမှ ဦးမဆောင်နိုင်ဘူး"

"ဦးမဆောင်လို့ရမလား… အခုလုပ်မှာက ညည်းရဲ့မင်္ဂလာပွဲလေ…"

"'အထွန်း' ဆန္ဒမပါဘဲ မေမေပဲ ဖွတ်စီစဉ်နေတဲ့ဟာ"

"အို… ဒါတွေမသိဘူး… အချိန်ကြာလာတာနဲ့အမှုဘာမဟုတ်တဲ့အကောင်နောက်ကို ညည်းပါသွားမှာစိုးလို့ တားနေရတာ"

"မေမေပြောသလိုမျိုး 'မြေ' က မွဲတေစုတ်ပြတ်နေတဲ့သူတော့ မဟုတ်ပါဘူးနော်… သူ့စီးပွားရေးနဲ့သူ အဆင်ပြေ





နေပါတယ်"

"ဘယ်လောက်ပြေနေသလဲ… 'ကျွန်း' လောက် ချမ်းသာပြည့်စုံလားပြော"

'အထွန်း' ဘာမှ ဆက်မပြောချင်တော့ပါ။ 'ကျွန်း' လိုလူမျိုးနဲ့ ယှဉ်လို့တော့ ဘယ်ရပါ့မလဲ။ မွေးကတည်းက ဘဝပေးဘုသိုလ်ကံတွေက တူမှ မတူကြတဲ့ဥစ္စာ။ ဆင်းရဲတာကို အပြစ်တစ်ခုလို ယူဆနေရင် ဆင်းရဲတဲ့သူတွေအားလုံးအပြစ်တွေကြီးပဲဖြစ်နေမှာပေါ့။

'အထွန်း' နောက်တစ်နေ့ 'ကျွန်း' အိမ်ကို ရောက်လာတဲ့အချိန်မှာ အခန်းတံခါးကို လော့ချကာ 'ကျွန်း' အား ထွက်မတွေ့ဘဲနေလိုက်ပါသည်။ မေမေဘယ်လောက်ပဲခေါ်ခေါ် 'အထွန်း' က မလိုက်ဘူးဟု ဆုံးဖြတ်ပြီးနေတာကြောင့် တံခါးကိုဖွင့်မပေးခဲ့ပါ။

နောက်ဆုံးတော့ 'အထွန်း' မလိုက်ဖြစ်တာသေချာတဲ့အတွက် မေမေနဲ့ 'ဒေါ်မိမိကြီး' သာ ဈေးသွားပြီး သူတို့စိတ်ကြိုက် ကောင်းနိုးရာရာတွေသာ ဝယ်လာခဲ့ကြရပါသည်။ 'အထွန်း' ကိုလည်း မေးသွားလို့ပဲလားမသိ မေမေဘာမှ မပြောတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ဖို့ရက် နီးကပ်လာတာနဲ့ အမျှ မေမေနဲ့ 'ဒေါ်မိမိကြီး' မှာ မျက်စိနောက်အောင်ပင် အပြင်သို့ထွက်ကာ ဘာတွေမှန်းမသိ တိုင်ပင်စီစဉ်နေကြလေသည်။

အိမ်ကို အလာစိပ်လာတဲ့ 'ကျွန်း' ရဲ့ဟန်ပန်သဏ္ဌာန်ကလည်း လေထဲသို့ မျှစာကျဲတော့မည့်အတိုင်း မြောက်ကြွမြူးထနေတာ အံ့ဩစရာပင်ကောင်းလှသည်။

ဘယ်သူ့ကိုကြည့်ကြည့် စိတ်ပျက်နေတဲ့ 'အထွန်း' အဖို့မှာက ရင်ဖွင့်စရာ လူကိုရှာဖွေရင်း မေမေ့အလစ်မှာ 'မာလာ' ဆီ ဖုန်းခိုးဆက်လိုက်ပါသည်။ 'အထွန်း' ရဲ့အသံကိုကြားတာနဲ့ 'မာလာ' က ဝမ်းသာအားရပင် အရေးတကြီးပြောလာပါသည်။

"တွေ့ချင်တယ် 'အထွန်း' ရယ်... အရမ်းအရေးကြီးတဲ့ ကိစ္စတွေပြောစရာရှိတယ်... 'ကျွန်း' က လူကောင်းမဟုတ်ဘူး"

"ဘာပြောတယ်"

"ဟုတ်တယ်... ငါတို့ဘက်က 'ကျွန်း' တို့မိသားစုနဲ့ ပတ်သက်တဲ့အကြောင်းတွေ တော်တော်များများသိနေပြီ... 'မြေ' လည်း စိတ်ပူနေတယ်... 'ကျွန်း' နဲ့ တောင် သူသွားတွေ့မယ်လို့ ပြောနေသေးတယ်"

"မတွေ့နဲ့... မတွေ့စေနဲ့... ငါကိစ္စငါပဲရှင်းမှာပေါ့"





"နင့်ဆီဖုန်းခေါ်တာ ခဏခဏပဲ... အန်တီက မခေါ်ပေးဘူးတဲ့... နောက်တစ်ခါထပ်ဆက်ရင် ငါ့ကို အလုပ်ကထွက်တဲ့ လေ"

"နင်အိမ်ကိုလာခဲ့မလား"

"လာပြီးပြီ... အိမ်ထဲအဝင်မခံဘူး"

"ဟယ်... ငါလည်း မသိလိုက်ပါလား"

"အေး နင်မသိတာတွေ အများကြီးရှိသေးတယ်အောင်မေ့ထား"

"ငါနင့်ဆီ မရောက်ရောက်အောင် လာခဲ့မယ်သိလား"

"ဘယ်တော့လဲ... အခုလား... လာမယ်ဆိုရင်လဲ..."

'မာလာ' ရဲ့စကားသံကို အဆုံးထိမကြားလိုက်ရချေ။ မေမေကဖုန်းခွက်ကို 'အထွန်း' ရဲ့လက်ထဲမှ အတင်းဆွဲယူကာ ဆယ်ပြင်းပြင်းပစ်ချလိုက်လေသည်။

"ဘယ်ကိုမှသွားဖို့ သည်းမစဉ်းစားထားနဲ့... လွှတ်သည်းမလွှတ်နိုင်ဘူး... 'ကျွန်း' နဲ့လက်မထပ်ရမချင်း ဘယ်ကိုမှ သွားရဘူးဆိုတာ အောင်းမေ့ထား"

"'အထွန်း' သွားမှာက 'မာလာ' ဆီကို... မေမေက ဘယ်သို့ထင်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီ 'မာလာ' ကိုပဲ မကြည့်တာ… သူ ကြားထဲက အောင်သွယ်လုပ်နေတာ မသိဘူးထင်မနေနဲ့"

'အထွန်း' ပြောတာတွေကို ဆုံးအောင်နားထောင်မပေးဘဲ မေမေက သူ့စိတ်ထင်ရာကိုသာ ပြောနေပါသည်။

"'မာလာ' ပြောနေတာက 'ကျွန်း' ရဲ့အကြောင်းကို ပြောပြနေတာ… 'ကျွန်း' ကလူလိမ်တဲ့လေ"

'ဒေါ်ခိုင်မာ' ရဲ့ရယ်သံက တကယ့်ကို ဟက်ဟက်ပက်ပက် ရှိလှပါသည်။ 'အထွန်း' ပြောတဲ့စကားကို သရော်လှောင်ပြောင်နေတဲ့အတိုင်းပါပဲ။

"'ကျွန်း' က လူလိမ်မဟုတ်ဘူး… 'မြေဇာ' ဆိုတဲ့ကောင်ကမှ အောက်တန်းစား လူလိမ်လူကောက်သိရဲ့လား"

"'မာလာ' က မဟုတ်ဘဲနဲ့ ပြောပါ့မလား မေမေရဲ့"

"အို ဒါတွေမသိဘူး… 'ကျွန်း' ကိုပဲ ငါယုံတယ်… သူဟာ ညည်းဘဝရဲ့ တကယ့်ဖူးစာရှင်အိမ်ထောင်ဖက်ပဲဆိုတာ မှတ်ထားလိုက်"

'အထွန်း' အသံထွက်အောင်ပင် ငိုချပစ်လိုက်ပါသည်။





## အခန်း ၂၅

'ကျွန်း' ရဲ့ကားရှေ့မှာ ခပ်မိုက်မိုက်ပင် ဝုန်းကနဲနေအောင် ထိုးဆိုက်ရပ်လိုက်သော ဟိုင်းလပ်ကားစုတ်စုတ်ကို ကြည့်ပြီး ဒေါသထွက်စွာဖြင့် ကားပေါ်မှ ဆင်းချလိုက်ပါသည်။ တစ်ဖက်ကားပေါ်မှ လူကလည်း ဆင်းချလာပါသည်။

မထင်မှတ်ဘဲ 'မြေဇာ' ဖြစ်နေတာကြောင့် 'ကျွန်း' ကပိုပြီး ဒေါသထွက်သွားရသည်။ ဒီကောင့်လို ဘာမဟုတ်တဲ့ကောင်တာများသူနဲ့ယှဉ်ချင်လို့။

"ဟော့ကောင်… မင်းလုပ်ရပ်ကဘာလဲ… မိုက်ရိုင်းလှချည်



www.burmeseclassic.com

www.burmeseclassic.com



လားကွ”

“မင်းနဲ့စာရင်းရှင်းစရာ ကိစ္စရှိလို့”

“ဘာစာရင်းလဲ… မင်းလိုကောင်မျိုးနဲ့ ငါနဲ့ကြားမှာ စာရင်းရှင်းစရာ ဘာကိစ္စမှမရှိဘူး… မင်း ကားကိုဖယ်ပေးလိုက်”

“ပြောစရာ ရှင်းစရာကိစ္စတွေပြီးရင် ဖယ်ပေးမှာပါ… ဘာလဲ မင်းက ရင်မဆိုင်ရဲဘူးလား”

‘မြေ့’ ရဲ့မျက်လုံးက စူးရှကာလက်ဖြာနေပါသည်။ မခံချင်စိတ်ကြောင့် မေးကြောတွေကထောက်ထကာ မျက်နှာထားကတင်းလွန်းလှသည်။ ‘ကျွန်း’ နဲ့မျက်နှာချင်းဆိုင် နီးနီးကလေးအထိကို ‘မြေ’ က တိုးကပ်သွားလိုက်ပါသည်။

‘မြေ့’ ရဲ့အမူအယာကိုကြည့်ပြီး ‘ကျွန်း’ ရဲ့ခြေလှမ်းက အလိုလိုပင် နောက်သို့ဆုတ်သွားရလေသည်။

“မင်း ဘာပြောမှာလဲ”

“ငါပြောချင်တာက ‘အထွန်း’ နဲ့ကိစ္စကို မင်းဖျက်ပစ်ပြီး ရပ်တန်းကရပ်ပစ်လိုက်ဖို့ ပြောချင်တာ…”

‘ကျွန်း’ မျက်နှာက ပျက်ယွင်းသွားရ၏။

“ဒီကိစ္စက မင်းနဲ့ဘာဆိုင်လို့လဲ… ငါနဲ့ ‘အထွန်း’ နဲ့ လက်ထပ်မှာက နှစ်ဦးသဘောတူဆိုတာ နားလည်ထား…ကြား





ထဲက မနှာလိုဖြစ်မနေနဲ့”

“မနာလို ဘာမှမဖြစ်ဘူး… မင်းသာ အကျင့်စာရိတ္တကောင်းတဲ့ကောင်ဆိုရင် ‘အထွန်း’ အတွက်စိတ်မချစရာ ဘာအကြောင်းမှ မရှိဘူး… အခုတော့ မင်းကလူလိမ် လူကောက်အချောင်သမား သိုက်သမား”

‘ကျွန်း’ သည် ‘မြေဇာ’ စွပ်စွဲလိုက်တဲ့ စကားတွေကိုကြားပြီး လန့်တုန်သွားရလေသည်။ အလကားနေရင်းနဲ့တော့ ကိုယ်ရဲ့သိက္ခာကို ဒီကောင်ချရဲမှာမဟုတ်ချေ။ ကိုယ်နဲ့ပတ်သက်ပြီး ဘာသတင်းတွေများ ဒီကောင်သိသွားပြီလဲမသိ။

“ဟေ့ကောင် မင်းကားကိုဖယ်ပေးလိုက်… ကိုယ့်လမ်းကိုယ်သွားတာပဲကောင်းတယ်”

“မင်းရင်မဆိုင်ရဲဘူးလား”

“ဘာမှ မဆိုင်ဘူးကွ…”

“မဆိုင်ဘူးဆိုရင် ရှင်းလေကွာ… ‘အထွန်း’ နဲ့မပတ်သက်တော့ဘူးလို့ ငါ့ကိုကတိပေး”

‘ကျွန်း’ ခေါင်းကိုခါယမ်းပြလိုက်သည်။

“မပတ်သက်ဘဲ နေရမှာက မင်းပဲဆိုတာနားလည်ထား…ရှုးကြောင်မူးကြောင်လာလုပ်မနေနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါကောင်းကောင်းပြောနေတယ်နော်..."

'မြေ' ရဲ့ဒေါသက ထိန်းချုပ်လို့မရချင်တော့ဘဲ လွတ်ထွက်ချင်လာရသည်။ 'ကျွန်း' ဆိုတဲ့ကောင်ရဲ့ မျက်နှာပေးက လူကိုရိုသလိုလို ကလိသလိုလိုနဲ့ မခံချင်စရာကောင်းလွန်းလှပါသည်။

'အထွန်း' နဲ့ဘယ်လိုနည်းနဲ့မှ အဆက်အသွယ်မရလို့သာ 'ကျွန်း' ဆီ တိုက်ရိုက်လာခဲ့ရပေမယ့် ဖြစ်နိုင်ရင် ဒီကိစ္စတွေထဲ 'မြေ' က ဝင်မပါချင်ပါ။

'မာလာ' က အကူအညီတောင်းလွန်းလို့သာ 'အထွန်း' အတွက်စာနာပြီး အကူအညီပေးနေမိခြင်းဖြစ်သည်။ 'ကျွန်း' နဲ့ပတ်သက်တဲ့ ကိစ္စအားလုံးကိုလည်း 'မြေ' တို့ဝိုင်းဝန်းစုံစမ်းထားလို့ သူတို့သားအမိရဲ့ ကလိန်ကကျစ်ကိစ္စရပ်အားလုံးကိုလည်း သိနေပြီးပါပြီ။

'မြေ' ဖြစ်စေချင်တာက 'ကျွန်း' တို့သားအမိ 'အထွန်း' ရဲ့ ဘေးကနေ အေးအေးဆေးဆေး ခွာသွားစေချင်တာပါ။ လေအေးနဲ့ပြောတာကို ဒီကောင်ကနားမလည်တဲ့အတွက် လက်သီးနဲ့ပဲပြောဖို့ဖြစ်လာရတော့သည်။

"မင်း ကောင်းကောင်းမပြောလို့ ဘာလုပ်ချင်သလဲ ဟောကောင်..."





" ကဲကွာ..."

'မြေ' သည် 'ကျွန်း' ရဲ့မျက်နှာတည့်တည့်ဆီ အင်အားပြင်းတဲ့ လက်သီးတစ်လုံးကို ပစ်သွင်းပစ်လိုက်ပါသည်။ 'ကျွန်း' ပြန်ထိုးလာတဲ့ ဗရမ်းဗတာလက်သီးချက်တွေကို ရှောင်ရှားရင်း 'ကျွန်း' ရဲ့ အထိနာမယ့်နေရာတွေကိုသာ ရွေးထိုးနေမိသည်။

ကြာတော့ အတိုက်အခိုက် အသတ်အပုတ် မကျွမ်းကျင်သော 'ကျွန်း' တစ်ယောက် 'မြေ' ရဲ့လက်ချက်နဲ့ လမ်းမပေါ်ပုံကျသွားရလေသည်။

လူသူကင်းရှင်းသော လမ်းသွယ်ထဲဖြစ်နေတာကြောင့် ဝင်ဆွဲ ဝင်တားမယ့်သူလည်း မရှိချေ။

"မင်းကို နောက်ဆုံးသတိပေးလိုက်မယ်... 'အထွန်း' နဲ့ ရေ့ဆက်ပတ်သက်ဖို့ကြိုးစားရင် မင်းတို့အခြေအနေနဲ့ အကြောင်းတွေကို ငါကိုယ်တိုင် 'အထွန်း' ကို ဖွင့်ပြောပြမယ် ဆိုတာ အောင်းမေ့ထား"

'မြေ' သည် ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရင်းတွေကို 'မာလာ' သိရအောင် ပြောပြချင်လို့ 'မာလာ' ရှိနေတဲ့ ကားဂိုဒေါင်ဆီကိုသာ ရောက်အောင်လာခဲ့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းထောင့်စွန်းမှာ သွေးစွန်းနေသော 'မြေ' ကို ကြည့်ပြီး 'မာလာ' လန့်သွားပုံရ၏။

"ဘယ်လိုဖြစ်လာရတာလဲ... ပြောသွားတော့ဖြင့် အေးအေးဆေးဆေးပဲ ပြောမယ်ဆို... နှုတ်ခမ်းကလည်း ကွဲလို့"

"အလကားကောင်... ယောကျ်ားဖြစ်ပြီး ပိုင်းလုံးလုပ်ချင်နေတဲ့ကောင်ပဲ... ကျွန်တော်ပြောတာကို လုံးဝဂရုစိုက်တဲ့ပုံ မပြဘူး... မရိုးမခန့်ပုံစံမျိုး လုပ်နေတာနဲ့ ဆွဲထိုးခဲ့တယ်"

"ရှင့်မျက်နှာမှာလည်း ဒဏ်ရာနဲ့ပဲလေ..."

"ဒါကအရေးမကြီးပါဘူး... 'အထွန်း' ရဲ့ အခြေအနေကိုသာ မျက်ခြေမပြတ် စုံစမ်းထားမှ ဖြစ်မယ်... 'ကျွန်း' ဆိုတဲ့ကောင်က တကယ့် ကလိန်ကကျစ်... သူ့အကြောင်းပေါ်မှာ ကြောက်ပြီး 'အထွန်း' နဲ့ကိစ္စကို သဲသဲမဲမဲ အမြန်ဆုံးစီစဉ်ချင်စီစဉ်မှာ"

'ကျွန်း' ရဲ့ စိတ်အခြေအနေကိုခန့်မှန်းကာ 'မြေ' ကစိုးရိမ်မကင်း ပြောဖြစ်သွားရခြင်းဖြစ်သည်။ 'ကျွန်း' ရဲ့ဘဝက ကိုယ့်ထက်ပင် နိမ့်ကျနေရတဲ့အဖြစ်မို့ 'အထွန်း' နဲ့ လုံးဝကိုသဘောမတူနိုင်ပါ။

'အထွန်း' ရဲ့ဘဝ တကယ်ကောင်းစားသွားမယ်ဆိုရင်





ရင်ကွဲခံကာ ပြုံးပြုံးကြီး 'မြေ' က နေလိုက်မှာပေါ့။ ခုလိုကိစ္စတွေ ဖြစ်လာတော့ 'မြေ' ဝင်မပါလို့ မရတော့ချေ။

"'အထွန်း' နဲ့အဆက်အသွယ်ရဖို့ဆိုတာ လုံးဝမလွယ်ကူဘူး... သူ့အမေကြီးက တစ်ချိန်လုံးစောင့်ကြည့် အကဲခတ်နေတာ ဖြစ်နိုင်တာတစ်ခုက 'ကျွန်း' တို့သားအမိ သူတို့ခြံထဲဝင်တာနဲ့ ကိုယ်ပါအတင်းလိုက်ရောပြီး ဝင်နိုင်မှဖြစ်မှာ"

"ဖုန်းဆက်ပြောရင်ကော..."

"ဆက်ပြီးပြီ... အခါတစ်ရာတောင် မကတော့ဘူး... ခုနောက်ဆုံး 'ဒေါ်နိုင်မာ' က ဘာပြောသလဲဆိုတော့ ညည်းနောက်တစ်ခါ ဖုန်းဆက်ရင် အလုပ်ကထွက်တော့တဲ့... ရှင်းပြီလား"

"ဒီလောက်တောင် ဖြစ်နေရင်လည်း 'မာလာ' ပြောသလိုမျိုးပဲလုပ်ရမှာပဲ... ခြံပြင်ကနေ အော်ကြီးဟစ်ကျယ်လုပ်တော့လည်း 'အထွန်း' ပဲ သိက္ခာကျမှာဆိုတော့ သူတို့အိမ်ထဲ အတင်းဝင်ပြီး ပြောပြရှင်းပြမှပဲ ဖြစ်တော့မယ်"

"အင်း ကောင်းတယ်... ကျွန်မပါ လိုက်ခဲ့ပေးမယ်... မနက်ဖြန်မနက်ကစပြီး စောင့်ကြမယ်"

'မြေ' တို့အားလုံး တိုင်ပင်ထားကြတဲ့အတိုင်း 'အထွန်း'



www.burmeseclassic.com

www.burmeseclassic.com



တို့ခြံရဲ့ ခပ်လှမ်းလှမ်းလောက်ကနေပြီး ခြံအဝင်အထွက်ကိစ္စတွေကို အကဲခတ်စောင့်ကြည့်နေမိကြပါသည်။ ခက်နေတာက 'ဒေါ်ခိုင်မာ' နဲ့ 'ဒေါ်မိမိကြီး' တို့က အိမ်ချင်းနီးကပ်နေတာကြောင့် သူတို့အချင်းချင်း တွေ့ဆုံဖို့က ခပ်ဝေးဝေးသွားစရာမလိုပါ။

'ကျွန်း' ရဲ့ကားကလည်း သူတို့ခြံထဲမှာသာ အမြဲလိုလိုရပ်ထားပါသည်။ မနက်ကတည်းက ဘယ်ကိုမှ ထွက်သွားတာကို မတွေ့ရသေးပါ။ နေ့ခင်းပိုင်းကျတော့ ထမင်းချိုင့်နဲ့ 'မင်းဝေ' တို့ ရောက်လာကြပါသည်။

"အစ်ကိုတို့ ပြန်နားရင်နားကြလေ... ကျွန်တော်တို့ စောင့်နေတုန်း လစ်တဲ့အချိန် ဝင်ခွင့်ရရင်ရသလို ရှင်းပြပေးမှာပါ"

'မာလာ' ကအလုပ်ကိစ္စတွေရှိသေးတာကြောင့် ပြန်သွားပေမယ့် 'မြေ' ကတော့ မပြန်ဖြစ်ပါ။ 'အထွန်း' နဲ့ကို မျက်နှာချင်းဆိုင်တွေ့ပြီး 'ကျွန်း' တဲ့သားအမိရဲ့ ကလိန်ကကျစ်ကျမှုကို ပြောပြချင်သေး၍ ဖွဲ့မလျှော့ဘဲ ဆက်စောင့်နေမိပါသည်။





## အခန်း ၂၆

ချက်ချင်းလက်ငင်း အိမ်မှာပဲလက်မှတ်ထိုး လက်ထပ်ရမယ်ဆိုသဖြင့် 'အထွန်း' မှာသေချင်လောက်အောင် စိတ်ပျက်သွားရပါသည်။ 'မာလာ' တို့ကို အကျိုးအကြောင်း ပြောပြချင်ပေမယ့် မေမေက တစ်ချက်ကလေးတောင် အလစ်မပေးချေ။

'ကျွန်း' နဲ့ပတ်သက်ပြီး 'မာလာ' ပြောပြသလောက်ကို 'အထွန်း' က မေမေ့အားတောင်းပန် ပြောပြပေမယ့်လည်း ယုံကြည်ပုံမပြ။ 'မြေ' ကြောင့်ဆိုပြီး ပြဿနာတစ်ခုက ထပ်ပင်



www.burmeseclassic.com

www.burmeseclassic.com



တိုးလာခဲ့သေးသည်။ 'အထွန်း' ကလည်း မေမေပြောပြတာတွေကို မယုံကြည်ပါချေ။

" 'မြေဇာ' ဆိုတဲ့ကောင် ဘယ်လောက်တောင် ယုတ်မာသလဲဆိုရင် 'ကျွန်း' ကိုလူအုပ်စုနဲ့ ဝိုင်းရိုက်တယ်တဲ့လေ... 'အထွန်း' နဲ့ လက်ထပ်ရင်လည်း အဲဒီမင်္ဂလာပွဲကို မပျက်ပျက်အောင် ဖျက်ပစ်မယ်တဲ့... လူပုံအလယ်မှာ အရှက်ခွဲမယ်တဲ့"

" 'မြေ' က အဲ့ဒီလိုလူစားမျိုး မဟုတ်ဘူးဆိုတာ 'အထွန်း' သိတယ် မေမေ..."

"ညည်း မျက်လုံးက စုံလုံးကန်းနေပြီလေ... အဲဒီကောင်နဲ့ပတ်သက်ရင် မကောင်းမှုမမြင်တတ်တော့ပဲ"

"မေမေလည်း 'ကျွန်း' နဲ့ပတ်သက်ရင် အလုံးစုံယုံကြည်နေတာပဲ မဟုတ်လား"

'ဒေါ်ခိုင်မာ' မျက်နှာနီရဲသွားရသည်။

"အို ဘာပဲပြောပြော ... ဒီနေ့ညနေပဲအိမ်မှာ လက်မှတ်ထိုးပြီး လက်ထပ်ရမယ်... ရှေ့နေပါ 'ဒေါ်မိမိကြီး' တို့က ခေါ်လာလိမ့်မယ်... လက်ထပ်ဖြစ်သွားဖို့က အဓိကပဲ... နောက်မှ ဧည့်ခံပွဲကို ကြီးကြီးကျယ်ကျယ် ပြန်လုပ်တော့မယ်"

"ဒီနေ့ညနေ ..."





"ဟုတ်တယ်"

ဒီလို မလူးသာမလွန့်သာ ဘဝမျိုးနဲ့ပဲ 'အထွန်း' မှာ 'ကျွန်း' နဲ့လက်ထပ်ဖို့ ဖြစ်လာရလေသည်။ လက်မှတ်ထိုးလက်ထပ်ကြတဲ့ပွဲတွေရဲ့ သတို့သမီးမျက်နှာတွေအားလုံးထဲမှာ 'အထွန်း' ရဲ့မျက်နှာက အပျက်အယွင်းဆုံးနဲ့ အညှိုးနွမ်းဆုံးဖြစ်နေမှာ သေချာပါသည်။

'ကျွန်း' ရဲ့မျက်နှာကတော့ ဒဏ်ရာဒဏ်ချက်တွေ ကြားထဲကပင် ပျော်ရွှင်စွာပြုံးရယ်နေနိုင်ပါသေးသည်။

'ကျွန်း' ရဲ့လက်မှတ်ထိုးထားပြီးသော လက်ထပ်စာချုပ်က 'အထွန်း' ရဲ့ရှေ့သို့ရောက်လာပါသည်။ 'အထွန်း' သာဒီစာချုပ်မှာ လက်မှတ်ထိုးလိုက်ရင် 'အထွန်း' ရဲ့ဘဝကိုလည်း သူပိုင်ဆိုင်သွားတော့မှာ သေချာနေသည်။

ဆိုင်းထိုးဖို့ကို 'အထွန်း' မှာသေတောမတတ် ဖြစ်နေရပါသည်။ 'မြေ' ကိုလည်း သတိရလာမိသေးသည်။ 'အထွန်း' ရဲ့အခက်အခဲတွေကို အကူအညီမပေးနိုင်တဲ့ 'မြေ' အား နာကြည်းချင်လာရသည်။

အလကားလူ။ 'အထွန်း' နဲ့တွေ့ရင် သံယောဇဉ်ပဲတတယ်ရှိသလိုလို၊ လူကိုပဲ မြတ်နိုးချစ်ခင်သလိုလို မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



အကြည့်တွေနဲ့ ခဏတာ မြူစွယ်ဖျားယောင်းဖို့ပဲ တတ်တဲ့သူ။ တကယ်တမ်းကြတော့လည်း သတ္တိလည်းရှိတာမဟုတ်။

သူသာ သတ္တိရှိရင် 'အထွန်း' ကိုလာခိုးပါတော့လား။ 'မြေ' နှုတ်က ချစ်တယ်ဆိုတဲ့စကားတစ်ခွန်းနဲ့တင် 'အထွန်း' က အရာအားလုံးကို စွန့်လွှတ်မေ့ပစ်ကာ သူ့နောက်ကိုလိုက်ဖို့အတွက် သတ္တိရှိတဲ့သူပါ။

'အထွန်း' ရဲ့ တွေဝေချင်နေတဲ့စိတ်ကို မေမေ့အသံက ဖျက်စီးပစ်လိုက်ပါသည်။

"'အထွန်း'... စာချုပ်မှာလက်မှတ်ထိုးလိုက်လေ"

'အထွန်း' ခေါင်းသာညိတ်ပြလိုက်ရတော့သည်။ ဒီအချိန်မှာပဲ 'မြေ' ရဲ့ ကျယ်လောင်လှသောအသံက ကယ်တင်ရှင်ကြီးပမာ ပေါ်ထွက်လို့လာရလေသည်။ 'မြေ' တစ်ယောက်ထဲတင် မဟုတ်။

'မြေ' ရဲ့အနောက်မှာ လူအုပ်စုကြီးပင် ပါလာပါသေးသည်။

"'အထွန်း' လက်မှတ်မထိုးနဲ့...."

'ဒေါ်ခိုင်မာ' နဲ့ 'ဒေါ်မိမိကြီး' တို့ပြိုင်တူဒေါသဖြင့် ဝုန်းကနဲနေအောင် မတ်တပ်ထရပ်လိုက်ကြပါသည်။ 'ဒေါ်ခိုင်မာ'





ရဲ့အသံက အရင်ထွက်လာခဲ့ပါသည်။

"ဒါက ဘယ်လိုဖြစ်တာလဲ... သူများအိမ်ထဲ ကျူးကျူးကျော်ကျော်နဲ့ ... မင်္ဂလာရှိနေတဲ့အချိန်မှာ ကပျက်ကယက်ဝင်လုပ်ရတာလဲ... ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲလိုက်မယ်"

'မြေ' ကိုကျော်ကာ ရပ်ကွက်လူကြီးတစ်ယောက် ရှေ့သို့ထွက်လာပါသည်။

"ကျွန်တော်မှာ ရှင်းပြစရာကိစ္စလေးတွေရှိလို့ ရောက်လာရတာပါ...အကူအညီလာတောင်းတဲ့သူက ဒီကသူငယ် 'မောင်မြေဇာ' ပါ..."

"သူက ဘာကိစ္စအကူအညီတောင်းရတာလဲ... 'မြေဇာ' ဆိုတဲ့ကောင်ကမှ ကလေကချေ အောက်တန်းစားရှင့်"

'မြေ' က 'ဒေါ်ခိုင်မာ' ရဲ့စကားကို မခံချင်စိတ်နဲ့ ပြန်ချေပလိုက်လေသည်။

"ကျွန်တော်က အောက်တန်းစားပေမယ့် ကိုယ်ပိုင်အိမ် ကိုယ်ပိုင်ခြံနဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်နိုင်နေတဲ့ သူတစ်ယောက်ပါဗျာ... အရမ်းအချမ်းသာကြီး မဟုတ်ရင်သာရှိမယ်... ဘာလိန်ကကျစ်လူမျိုးတော့ မဟုတ်ဘူးဆိုတာ အန်တီမှတ်ထား"

"အံမယ်လေး..."



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ့သမီးနဲ့ပေးစားမယ့် 'ကျွန်း' ကမှ သူများနိုင်းတဲ့ဒရိုင်ဘာ... 'ဒေါ်မိမိကြီး' ဆိုတာကလည်း သူဌေးမကြီးမဟုတ်ဘူး အိမ်ဖော်တစ်ယောက်ဗျ သိရဲ့လား"

"ရှင်..."

'ဒေါ်ခိုင်မာ' ရဲ့မျက်လုံးတွေက အံ့သြစိတ်ကြောင့်အစွမ်းကုန် ပြူးကျယ်သွားကာ 'ကျွန်း' တို့သားအမိအား စိုက်ကြည့်နေလေသည်။ ရပ်ကွက်လူကြီးတွေပါ ပါလာတာကြောင့် 'ကျွန်း' တို့သားအမိနှစ်ယောက် ဘာဖြေရှင်းစကားမှ ပြန်မပြောနိုင်ချေ။

ပျက်ယွင်းသော မျက်နှာတွေဖြင့်သာ ငြိမ်ကုပ်နေရပါသည်။ ဒီလိုနဲ့ပဲ ပါလာတဲ့လူကြီးတွေက ဘဝမှန်အခြေအနေကို တစ်ယောက် တစ်ခွန်းနဲ့ ဝင်ဖြေရှင်းပေးနေကြပါသည်။

"အိမ်ရှင်မိသားစုလည်း ဒီရက်ပိုင်းအတွင်း ပြန်ရောက်လာဖို့ရှိပါတယ်... သူတို့ပြန်ရောက်လာမှ 'ဒေါ်ခိုင်မာ' နဲ့မိတ်ဆက်ပေးပါ့မယ်... 'ဒေါ်ခိုင်မာ' က ပြောင်းလာတာ မကြာသေးဘူးဆိုတော့ ပတ်ဝန်းကျင်ကသူတွေရဲ့အကြောင်းကို မသိလို့ ခုလိုမျိုး ဖြစ်ကုန်ရတာပါ"

'အထွန်း' ကိုကြည့်ကာ ရှက်စိတ်ကြောင့်လည်း မပြော





တတ် မေမေ့မျက်လုံးမှာ မျက်ရည်တွေဝဲတက်လာလေသည်။ မေမေ လူလိမ်ခံထိသွားတာ ပေါ်လွင်သွားရပြီ။ 'အထွန်း' ကတော့ ကိုယ်မဖြစ်ချင်တဲ့ ကိစ္စတစ်ခု မဖြစ်မြောက်သွားတာအတွက်ပဲ ဝမ်းသာနေရလေသည်။

ရှင်းပြပြောပြပေးတဲ့ သူတွေအားလုံးကိုလည်း ကျေးဇူးတင်နေမိပါသည်။

"ဒီ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး... အမှန်တရားကိုသိစေချင်တဲ့ ဆန္ဒတစ်ခုထဲနဲ့ ကျွန်တော်တတွေက လာရှင်းပြပေးရတာပါ... ကျန်တဲ့ကိစ္စတွေကတော့ 'ဒေါ်ခိုင်မာ' ရဲ့သဘောပဲ"

'မြေ့' ဆီကလည်း စကားသံထွက်လာခဲ့သည်။

"'ကျွန်း' နဲ့မင်္ဂလာပွဲကိစ္စကို ဆက်စီစဉ်ချင်တယ်ဆိုရင်လည်း အန်တီ့သဘော အတိုင်းပါပဲ ကျွန်တော်ကတော့ အန်တီတို့အလိမ်ခံမထိအောင် အသိပေးရုံသက်သက်ပါပဲ"

"အိုး...လူလိမ်တွေမှန်းသိနေမှတော့ 'အထွန်း' နဲ့သဘောတူပါ့မလား... ဝေးသေးတယ်... ထွက်သွားကြ... ရှင်တို့လိုသိုက်တူးချင်တဲ့သားအမိမျိုး ဒီတစ်ခါပဲ တွေ့ဘူးသေးတယ်...ငါ့စိန်တွေကို ခိုးသွားတာလည်း သူတို့ပဲနေမှာ... သွားကြ... သွား



www.burmeseclassic.com

www.burmeseclassic.com



ကြ"

အခြေအနေတွေက မယုံနိုင်အောင်ပင် ချက်ချင်းလက်ငင်း ပြောင်းလဲသွားရလေသည်။ မျက်နှာငယ်တွေဖြင့် 'ကျွန်း' တို့သားအမိ ပြန်သွားခဲ့ကြသည်။

ရပ်ကွက်လူကြီးတွေကအစ သူတို့ရဲ့လိမ်ညာမှုကို သိသွားပြီဆိုတော့ ဘယ်လိုမျက်နှာမျိုးနဲ့ သူတို့မိသားစုနေရဲ့ပါတော့မလဲ။

အိမ်ရှင်မိသားစုတွေကလည်း ခုလိုမျိုးအဖြစ်အပျက်တွေကို သူတို့အိမ်မှာ လက်ခံမယ်မထင်တော့ချေ။

အားလုံးပြန်သွားကြတဲ့အချိန်မှာ 'မြေ' ကို 'ဒေါ်နိုင်မာ' က ပြောစရာရှိတယ်ဆိုပြီး ခေါ်ထားလိုက်ပါသည်။

"မင်းကို မေးစရာရှိတယ်... 'အထွန်း' နဲ့ ပတ်သက်ပြီး မင်းဘာလို့ ဒီလောက်ထိ လိုက်ပတ်သက်ပြီးလုပ်ပေးနေရတာလဲ"

'မြေ့' ရဲ့အကြည့်က 'အထွန်း' ဆီရောက်လာခဲ့သည်။

'အထွန်း' ရဲ့ မျှော်လင့်နေသော မျက်လုံးထဲက အဓိပ္ပါယ်ကို 'မြေ' နားလည်လို့နေရပါသည်။

"ကျွန်တော် 'အထွန်း' အပေါ် သံယောဇဉ်ရှိလို့ပါ"





"ဒါပဲလား"

"ကျွန်တော့် ဘဝအခြေအနေ..."

"ဒါတွေထည့်မပြောမနေနဲ့... မင်းရင်ထဲရှိတာကိုသာ ပွင့်ပွင့်လင်းလင်းပြောစမ်းပါ... အမှန်အတိုင်းအကုန်သိချင်တယ်"

"ကျွန်တော်ပြောရင် အန်တီ ဒေါသထွက်လိမ့်မယ်"

"ဒေါသထွက်တာကနောက်... မင်းဘက်က ပြောဖို့အရင်လေ"

'မြေ' သတ္တိမွေးလိုက်ပါသည်။ တစ်သက်မှာတစ်ခါတော့ ကိုယ့်ရင်ထဲက ဆန္ဒအမှန်ကို ဖွင့်ပြောခွင့်ရလိုက်ချင်ပါသည်။

"ကျွန်တော် 'အထွန်း' ကို အရမ်းချစ်လို့ပါ..."

"ဘာပြောတယ်..."

"ဟုတ်တယ် အန်တီ... ကျွန်တော် ဒီအသက်အရွယ်ရောက်တဲ့အထိ ဘယ်မိန်းမတစ်ယောက်ကိုမှ မချစ်ခဲ့ဘူးပါဖူး... 'အထွန်း' တစ်ယောက်တည်းကိုပဲ ချစ်ခဲ့ဖူးတာပါ"

"မင်း ဘယ်လိုသက်သေပြမလဲ"

"အချစ်ဆိုတဲ့ အရာတစ်ခုကို လက်စုပ်လက်ကိုင်နဲ့ သက်သေတော့ ပြလို့မရဘူးပေါ့ အန်တီရယ် အချိန်ကပဲအဆုံး



www.burmeseclassic.com

www.burmeseclassic.com



"အဖြတ်ပေးသွားမှာပါ"

'ဒေါ်ခိုင်မာ' ရဲ့ အပြုံးက အသက်ဝင်လှပါသည်။

"'အထွန်း' ကရော လက်ခံမယ်လို့ မင်းကထင်လို့လား"

"ကျွန်တော့် ရင်ထဲကခံစားချက်ကို 'အထွန်း' နားလည်မှာပါ… ကျွန်တော့်ရင်ထဲမှာ ဘယ်သူရှိနေတယ်ဆိုတာကို သူအသိဆုံးဖြစ်မှာပါ"

"သိမသိ မင်းကိုယ်တိုင်ပဲ မေးကြည့်တော့[illegible] တီတော့ 'အထွန်း' ရဲ့အိမ်ထောင်ရေးကို သူ့သ[illegible]ပဲ ဖြစ်စေဖို့ ဆုံးဖြတ်လိုက်ပြီ"

'မြေ' နဲ့ 'အထွန်း' နဲ့ အကြည့်ချင်းဆုံကာ ပြုံးပြုံးကြီး စိုက်ကြည့်နေမိကြပါတော့သည်။

ရွှင်လန်းချမ်းမြေ့ပါစေ

[illegible]

[illegible]



www.burmeseclassic.com